
ငွေတော
ဟာသဝတ္ထုရှည်နှစ်ပုဒ်စုစည်းမှု

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

မိုးလပြည့်စာပေ
အမှတ် (၂၃)၊ ဝိ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 095163764

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၂၁၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၆၈၀၀၈

ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♠ ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

အဖုံးပန်းချီ ♠ စောမင်းဝေ

ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊
အောက်တိုဘာလ။

အုပ်ရေ ♠ ၅၀၀ အုပ်

တန်ဖိုး ♠ ၁၀၀ ကျပ်

ဖြန့်ချိရေး ♠ ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764

မင်းနဲ့ ငါကြားက
အချစ်ဟာ...
ရန်သူ့စစ်မြေပြင်
မဟုတ်သလို...
စိတ်ဆွေမြို့ရိုးလည်း
မဟုတ်ဘူး။

ရယ်စရာဆိုတာ
ရင်ထဲကပါမှ ဖြစ်တာ။
ဘဝဆိုတာလည်း
အဓိပ္ပာယ်ရှိဖို့ လိုတယ်။

ဒါကြောင့်…
မှန်တစ်ချပ်ကို ထောင်ကြည့်ရင်
တစ်ဖက်ပဲ မြင်ရမယ်။
အားလုံးကို မြင်ချင်ရင်တော့
အသိ…
အတွေး…
အမြင်…
အကြား… ဆိုတဲ့ မှန်လေးချပ်ကို ထောင်ကြည့်ပါ။

## (တစ်)
## ဒေါနှင့် ခေတ်ပေါ်ကာ,သူများ

ကျွန်ုပ် ဒေါတို့ရွာကား အင်မတန်မှ ကြီးကျယ်ခမ်းနားသလောက် နေကြသည့်လူမျိုးကလည်း တစ်ရာ့တစ်ပါးဆိုတော့ လူမျိုးစုံ၊ စရိုက်မျိုးစုံတာကလား။

မြို့ပြနှင့် နီးနေသည့်အတွက် ဘာမဆို မြို့ပြက ကူးစက်လာသည့် ခေတ်ပေါ်စရိုက်တွေ၊ ရောဂါတွေကလည်း ပြောမနေပါနှင့်။

ရွာရယ်လို့သာဆိုသော်လည်း မြို့ပြနှင့် ဘာမှုမခြား။ ကာရာအိုကေ၊ ဗီဒီယိုရုံ ရှိသည်။ စလောင်း ရှိသည်။ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်မှ အစပြု၍ စားသောက်ဆိုင် အကုန်ရှိသည်။

နောက်ဆုံး ကုန်ကုန်ပြောရလျှင် အခုကာလမှာ ကြွက်ငှက်တုပ်ကွေး အမြန်ဆုံးတံဆိပ်ကပ်နိုင်သော ဟစ်ဟော့ဆိုလား၊ ဘာဆိုလား အဲဒီသီချင်းသံများ လူငယ်တို့၏ ပါးစပ်များတွင် အမြဲပ်တစီစီ

ထွက် နားကျန်းမာရေး မခံနိုင်သည့်အထိ နေရာအနှံ့အပြားတောင် ရေပန်းစားနေ၏။ အိမ်သာထဲတောင် ကြားရသည့်အခြေအနေမျိုး။

ကျွန်ုပ် ငတေဆိုရင် သူတို့ခမျာကိုကြည့်ရင်း တရားရလွန်း၍ တောနေ ဂူအောင်းဘဝကိုတောင် ပြန်ရောက်ချင်စိတ် ပေါ်၏။

အဲဒီလို ရွာမှာ မြို့ပြနှင့်မခြား တိုးတက်နေကြောင်း ဆိုရလိမ့်မည်။

သိစရာတစ်ခု ထပ်ပြောရလျှင် အချုပ်ခန်း၊ ဆေးခန်း၊ နိုက်ကလပ်တို့ ရွာတွင် အစဉ်အလာအရ တက်ရောက်သူတွေလည်း ရိုက်သတ်ကေုန်။ ဒီအကြောင်းက ကြုံ၍ သိအောင်ပြောရသည့်အပိုင်း။

ထားတော့။

ယခုကိစ္စက ကျွန်ုပ် ငတေတို့ရွာမှာ သာရေး၊ နာရေးနှင့်ပတ်သက်ပြီး စေတနာရှေ့တန်းတင်ကာ ကူညီဆောင်ရွက်နေကြသည့် အပိုင်းလေးပါ။

ရွာမှာ တစ်ရွာတစ်ပါး လူမျိုးပေါင်းစုံဆိုတော့ မကောင်းတာ အားပေးသည့်သူက မကောင်းတာဘက် အလေးချိန်စီးနေသလို သာရေးနာရေး၊ ရပ်ရေးရွာရေးကိစ္စနှင့် ပတ်သက်၍ အရေးကြုံသည့်အခါ အရပ်ထဲတွင် ဦးဝေငြိမ်းအောင်တို့၊ ဦးမာန်တို့လို လူမျိုးတွေကလည်း တွင်းထွက်ရွှေများလို တန်ဖိုးရှိပြီး အားကိုးရသေးတာကလား။

ထို့ကြောင့်လည်း ကျွန်ုပ် ငတေတို့ရွာမှာ ဦးဝေငြိမ်းအောင်တို့ ဦးမာန်တို့ဆိုလျှင် ထိပ်ဆုံးနံပါတ်တစ်ကနေ လေးစားခံရသည့် သန်းခေါင်စာရင်းထဲ၌ ပါဝင်နေခဲ့သလို အထင်ကြီးခံရသော အပိုင်းတွင်လည်း ရှေ့ဆုံးမှာရှိပြီးသား။

တကယ်တမ်း ရပ်ရေးရွာရေး၊ သာရေးနာရေး ဆိုတာလည်း ပါးစပ်ပြောလွယ်သလောက် တော်ရုံတန်ရုံစေတနာမျိုး၊ အနစ်နာမျိုးနှင့် မလုပ်နိုင်ကြချေ။

ဒီနေရာမှာ ကိုယ်ကျိုးမကြည့်တတ်သည့် ဦးဝေငြိမ်းအောင်တို့လို၊ ဦးမာန်တို့လိုလူမျိုးတွေ ရှိ၍သာ ရပ်ရေးရွာရေး၊ သာရေးနာရေးတွေ ရိုက်သတ်မကုန် ပေါ်ပေါက်လာတာ ဖြစ်လိမ့်မည် ထင်၏။

အခုလည်း ဝါတွင်းကာလဆိုတော့ ရွာဦးဘုန်းကြီးကျောင်းမှာ ရဟန်း၊ သံဃာတွေ ဝါဆိုသင်္ကန်းကပ်လှူရန်အတွက် ကျွန်ုပ် ဧတော အငယ်ပါ ရပ်ရွာက အားကိုးယုံကြည်သည့်အတိုင်း ဦးဝေငြိမ်းအောင်တို့၊ ဦးမာန်တို့နှင့် တိုင်ပင်ဆောင်ရွက်ဖို့အရေး ကျွန်ုပ် ဧတော အိမ်ရာက ထထချင်း မျက်နှာတောင်မသစ်အားဘဲ ထွက်လာခဲ့၏။

သည်ကဲ့သို့ ကျွန်ုပ် ဧတောသည် ရပ်ရွာက သာရေး၊ နာရေး ကိစ္စတွေကို ဦးစားပေးရှေ့တန်းတင်သူ ဖြစ်၏။

'ဗျို့… ကိုကြီးဧတော၊ မနက်အစောကြီး ဘယ်သွားမလို့တုံး ဗျ၊ ကြည့်ရတာ မျက်နှာတောင် မသစ်အားခဲ့ဘူး ထင်ရဲ့'

ညက မူးပြီး ဘယ်ချောင်က ထလာမှန်းမသိသော အမူးသမား မင်းဝေနှင့် လမ်းတွင် ကံဆိုးစွာ ဝင်တိုးခြင်းဖြစ်၏။

မင်းဝေက မူးလျှင် ရစ်တတ်သည်။ သွေးဆိုးသည်။ သင့်တော်၏ မသင့်တော်၏ စဉ်းစားတတ်သူ မဟုတ်။

ထို့ကြောင့် ၎င်း ကိုယ့်ကို မရစ်အောင် ဟန်ဆောင်ပြီး တရိုတသေနှင့် ဖြေလိုက်ရ၏။

'အေး… မျက်နှာမသစ်အားတာ အမှန်ပဲ မောင်၊ အိမ်မှာ

ရေရှားလို့တော့ မဟုတ်ဘူး၊ ညက အိမ်မှာရှိသမျှ ရေအိုးတွေထဲ ဘယ်က မိမဆုံးမ ဖမဆုံးမ အမူးသမားတွေ ရှူရှူးပေါက်ထည့်သွား မှန်း မသိလို့ ဒီမနက် ရုပ်ဆောင်ထားတဲ့ အပုပ်ကောင် ပင်ကိုဘဝ ဖြစ်သွားရတာ။ တောက်… သိများသိလို့ကတော့ကွာ ငတေအကြောင်း ကောင်းကောင်းသိပြီသာမှတ်'

'ဟာ… ကိုကြီးငတေ၊ ဒီကိစ္စ ကျွန်… ကျွန်တော် မဟုတ် ဘူးနော်၊ မဟုတ်ဘူး'

အမူးသမား မင်းဝေ မျက်လုံးမျက်ဆန်ပြူးကာ အမူးပြေသွား သောပုံစံ ဖြစ်သွား၏။ ငတေက…

'ဟ… မင်းပါလို့ ငါပြောနေလို့လား၊ အေး… ဒီကိစ္စ မင်း မဟုတ်ရင် ရုံးတို့၊ ဂါတ်တို့တော့ မရောက်နိုင်ပါဘူး'

'ဘုရား… ဘုရား… တော်ပါသေးရဲ့ဗျာ၊ အဟီး… ကိုကြီး ငတေ၊ ကျွန်… ကျွန်တော်တို့ မထင်ရင် သွား… သွားတော့မယ် နော်'

ပြောပြီး ပျာပျာသလဲ ဖုတ်ပူမီးတိုက် ထွက်သွားသော မင်းဝေ ကိုကြည့်ကာ ကျွန်ုပ် ငတေ အတော်ကလေး ရယ်ချင်သွား၏။

'ဒါမျိုးကျတော့လည်း အမူးသမားတွေကပါးသား'

ဟု ကျွန်ုပ် ငတေ တွေးလိုက်မိခြင်းကြောင့် ဖြစ်၏။

တစ်ရွာလုံးနှင့်ပေါင်းလာသည့် ငတေ။ တစ်ရွာလုံးအကြောင်း အူမချေးခါး သိပြီးသား။ ကျွန်ုပ် ငတေ ဒီလို ဦးနှောက်ဉာဏ်မမီရင် လည်း လူဖြစ်ကျိုးနပ်မှာမဟုတ်သလို အမူးသမား ဂျပန်ဝက်အူရစ်က အရစ်ပြန်းသည်အထိ လွတ်မှာမဟုတ်။

ဒါကြောင့်လည်း လူတွေအကြောင်ကို စာမေးပွဲအောင်ထား သော ကျွန်ုပ် ဧတေ ဦးနှောက်ဉာဏ်လွှာ (ခေတ်ကားနှင့် ပြောရလျှင်) ခပ်ပါးပါးလေး သုံးလိုက်ရတာ။

'ဟဲ့… ဧတေ၊ ဘာတွေ သဘောကျလို့ ပြုံးလာတာလဲ၊ ကျေနွ မဟုတ်မှလွဲရော၊ ပဲ့ရက်က မတော်လိုက်ရတဲ့ နင့်ယောက္ခမ လောင်းကြီး သေမင်းက ခေါ်သွားလို့နဲ့တူရဲ့၊ ဟုတ်စ'

အမူးသမားရှိက လွှတ်တယ်ကြဲကာရှိသေး။ အရေးထဲ အရပ် တကာလှည့်ပြီး ကိုယ့်စရိုတ်နှင့်ကိုယ် အမုန်းခံ၊ အတင်းချသည့်နေရာ မှာ နှစ်ယောက်မရှိအောင် ဖားသေ၍ ဝင်စားသောမိန်းမကြီး။

တစ်ရွာလုံး ရွာအပြင်က သုသာန်မှာ ထုတ်ထားချင်ကြသည်။ အကြော်သည် မုဆိုးမ၊ တစ်လင်ကွာ ဒေါ်လုံးတီးနှင့် ကျွန်ုပ် ဧတေ ပက်ပင်းကို ဝင်တိုးတာ။ တကယ့်အကုသိုလ် အလုံးအထည်နှင့် ကုပ်ခွ စီးခံလိုက်ရ သလိုပါပဲ။

''မနက်စောစောစီးစီး ကြီးတော်လုံးတီးရာ၊ ကိုယ့်အလုပ်ကိုယ် လုပ်၊ ကိုယ့်အကြောင်းကိုယ်ပဲ စဉ်းစားစမ်းပါဗျာ'

ကျွန်ုပ်က စိတ်ပေါက်ပေါက်နှင့် ပြောလိုက်ခြင်းဖြစ်၏။ သို့ သော် ဒေါ်လုံးတီးမှာ ဒွေ့ဒွေ့ခုန်လျက်…

'ဟဲ့… ငါက နင့်အတွက်နာပြီးပြောတာ သေနာရဲ့၊ အလုပ် မရှိ၊ အကိုင်မရှိ စာရှူးပေရှူးယောင်ယောင်၊ ရပ်ရေးရွာရေးယောင် ယောင်၊ အုတ်ကြားမြက်ပေါက်၊ လမ်းဘေးက တောင်းစားနေတဲ့ သူလောက်တောင် တန်ဖိုးမထားဘဲ မှီချိုး၊ မွှစ်ချိုးပြောခံရပြီး သူ့သမီး ရွှေအုတ်နဲ့ ပေးခဲ့တဲ့ နင့်အတွက် နင့်အတွက်နာလွန်းလို့ ပြောတာဟဲ့၊

သိပြီလား၊ နို့မဟုတ်ရင် လုံးတီးတို့က သူများအကြောင်း ကန်တော့ပါ သေးရဲ့၊ ခု ကြည့်စမ်း၊ နင့်ဘဝဟာ လေးဖက်တွားသွားနေတဲ့ ဟို အကောင်တွေလို'

'တော်… တော်ဗျာ ကြီးတော်လုံးတီး၊ ဟိုက ကာယကံရှင် ပြောတာက နည်းနည်းရယ်၊ ခင်ဗျားပြောမှပဲ ကျုပ်ဘဝကြီးတစ်ခုလုံး ရစရာကို မရှိတော့ဘူးဗျာ၊ တောက်… မနက်စောစောစီးစီး အကုသိုလ် များတယ်ဗျာ'

ကျွန်ုပ် ငတေ ရှေ့ဆက်ဆိုးလာရင် သည်းမခံနိုင်တော့မှန်းသိ လို့ ထိုမိန်းမကြီးထံမှ လစ်ထွက်ခဲ့ရသည်။

အကာယ်၍များ ထိုနေရာတွင် တခြားယောကျ်ားတစ်ဦးတစ် ယောက်သာဆိုလျှင် တကယ့်ပွဲကြီးပွဲကောင်း။ ဒီမိန်းမကြီး တစ်ခုကံ ကောင်းသည်မှာ မိန်းမဖြစ်နေ၍ပါပဲ။

'ဟူး… တကယ်မလွယ်တဲ့ ဟာမကြီး၊ သူတို့လိုလူမျိုးတွေ ရှိနေလို့ ရွာနေတာ၊ သိက္ခာကျတာ'

ကျွန်ုပ် ငတေ ဒီအတိုင်းသွားနေရင်ဖြင့် လိုရာမြန်မြန်ရောက် မှာ မဟုတ်ချေ။ နောက်ထပ် လေအကျိုးမဲ့၊ အချိန်ပုပ်သောလူတွေနှင့် တိုးလျှင် အခြောက်တိုက် ငတေတို့ဒေါသ ကိုယ့်စရိုက်နှင့်ကိုယ် ကြီး ထွားရဦးမည်။

ဒီတော့ ဘယ်ပုံဘယ်နည်းနှင့် သွားရမလဲ။

ဟုတ်ပြီ။ ရုတ်တရက် ပုံမဖမ်းမိအောင် ဟောဒီလို ပုဆိုးခေါင်း မြီးခြုံ၍ သွားရမည်။

'ဝုတ်… ဝုတ်… ဝုတ်…'

'ဟာ… ဒီခွေး သေနာကျကွာ'

'ဟဲ့… ဟဲ့ခွေး… ဟဲ့ခွေး'

'ဝုတ်… ဝုး… ဂိန်… ဂိန်'

ကျွန်ုပ် ဝေဓာ ကြုံရာမရသည့်အဆုံး လမ်းဘေးရှိ အုတ်ခဲ အပိုင်းအစနှင့် ကောက်ထုလိုက်မိ၏။ ခွေး တစ်ချီးတည်းကို လစ်ပြီး ခေတ်ပြေးရော။

ချက်ကောင်းထိလို့ကတော့ မဟုတ်ချေ။ ထွံဘေးကထွက် သည့် အုတ်နီခဲ ဘယ်လောက်နာမည်ကြီးမကြီး မပြောတတ်ချေ။ လက်နှင့်ပစ်လိုက်သည့် အရှိန်ကြောင့် လေထဲမှာတင် 'ဖွာ' ခနဲဖြန့်ထွက် ပြီး ဘေးကိုလွင့်စဉ်သွားခဲ့၏။

ကြည့်စမ်း… သူများအသားတော့ ပရမ်းပတာ ကိုက်ချင် သည့်ခွေး။ ကိုယ့်အသားနာမှာတော့ ကြောက်တတ်သား။ ခွေးသွေး မစစ်၍ တူပါ၏။ ကြောက်သံပေးပြီး တစ်ချီးတည်းကို လစ်ပြေးရော။

'တောက်… ငါ့နှယ်ကွာ၊ တစ်ရွာလုံး ဘယ်နေရာမှ လွတ် ကင်းတယ် မရှိဘူး၊ ငါ့ဆို ပြဿနာရှာချင်တဲ့သူချည်းပဲ'

ကျွန်ုပ် ဝေဓာ မကျေမနပ် ရေရွတ်ပြီး နဂိုမူလပုံစံအတိုင်းပင် ဖြစ်သွားရ၏။

ခုတစ်လော ကျွန်ုပ် ဝေဓာအတွက် ထူးခြားနေတာတော့ အမှန်။ ဘာလုပ်လုပ်၊ ဘာကိုင်ကိုင်၊ တစ်ရွာလုံး အရေးမစိုက်ခြင်းကို ခံနေရတာ သတိထားဖြစ်သည်။

ဒါ အမှန်ပင်။ ကျွန်ုပ် ဝေဓာအပေါ် တစ်ရွာလုံးရှိ လူတွေမက လမ်းဘေးခွေးတွေကအစ အရေးစိုက်၍ ဟောင်ဖော်ခံနေရလျှင် ဒါ

ကျော်စောခြင်းတစ်မျိုးပဲဖြစ်ကြောင်း မှတ်ယူရပေလိမ့်မည်။

နောက်ဆုံးတော့ ကျွန်ုပ် ဇော ရသေ့စိတ်ဖြေနှင့် လိုရာခရီး အရောက် ချီတက်ရတော့သည်။

သို့ဖြင့် ကျွန်ုပ် ဇော ရွာလယ်က ဆွမ်းလောင်းမဏ္ဍပ်မှာ တစ်ညအိပ်စောင့်နေသော ဦးဝေငြိမ်းအောင်နှင့် ဦးမာန် ပုဂ္ဂိုလ်ကြီး နှစ်ဦးစလုံးကို တွေ့လိုက်ရ၏။

ကောက်ညှင်းပေါင်းအိုးကြီးနှင့် ရေနွေးကြမ်းအိုးတစ်လုံး အလယ်တွင်ချပြီး အလုအယက်ဘုဉ်းပေး။ အဲ… သုံးဆောင်တော်မူ နေတာ တွေ့လိုက်ရ၏။

ကျွန်ုပ် ဇော ထိုမြင်ကွင်းကိုကြည့်ပြီး အပျော်တစ်ခုနှင့်အတူ ရုတ်တရက် မျက်လုံးပြူးသွားရ၏။

"ဒါ… ဒါ ဘုန်းကြီးကျောင်း ဝါဆိုသင်္ကန်းကပ်မှာ ကျွေးဖို့ အတွက် မနေ့က ရွာထဲမှာ တစ်အိမ်တက် တစ်အိမ်ဆင်းပြီး အလှူခံ ရရှိထားတဲ့ ကောက်ညှင်းဆန်တွေ မဖြစ်ပါစေနဲ့၊ ဖွဟဲ့… ဘုရား သိကြားနဲ့ အတွင်း (၃၇)မင်း၊ အပြင် (၃၇)နတ်မင်းများ၊ မြေဖုတ် ဘီလူး၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာပါမကျန် မ,စလို့ လွဲပါစေ၊ ဖယ်ပါစေ ဗျာ"

"ဟာ… ဇော၊ လာ… လာ၊ မင်းလာတာနဲ့ အတော်ပဲဟေ့၊ ဒီမှာ ငါတို့နှစ်ယောက် မင်းမြင်တဲ့အတိုင်းပဲ၊ တစ်ညလုံး မဏ္ဍပ်မှာ စောင့်အိပ်ရတာ ပင်ပန်းသွားလို့၊ ခု ဝါဆိုသင်္ကန်းကပ်မှာ ဧည့်သည် တွေကျွေးဖို့ အလှူခံရထားတဲ့ ကောက်ညှင်းဆန်များ ကောင်းမကောင်း တစ်ပြည်ချက်ပေါင်းပြီး အရင်မြည်းစမ်းကြည့်နေတာကွ၊ ရော…

ရှော့… ဒီမှာ မင်းအတွက် ဝေစု'

'စားကြည့်စမ်း ငတေ၊ ကောက်ညှင်းကောင်းမကောင်းတော့ မသိဘူးဟေ့၊ တို့နှစ်ယောက် ငတ်ငတ်နဲ့တီးလိုက်တာ တစ်အိုးလုံးလျှော ပဲ၊ ဒါတောင် တို့စားနေတုန်း မင်းကိုသတိရတာနဲ့ ဒီက ကိုဝေငြိမ်း အောင် စိတ်ထားကြီးလို့ မင်းအတွက်ချန်ထားတာ မောင်'

ကျွန်ုပ် ငတေ ဆုတောင်း ဒီတစ်ခါ အလွဲကြီးကို လွဲသွားခဲ့ပြီ။ ၎င်းတို့နှစ်ဦး၏ ထုချေလွှာက တကယ့်ကိုကြီးကျယ်ခမ်းနားသွားတာမို့ ကျွန်ုပ် ငတေ ကြက်သေသေပြီး လိုက်မမီနိုင်အောင် ဖြစ်သွားရတော့၏။

❑ ❑ ❑

## (နှစ်)
## တောနှင့် "ဘူး" ကွဲရသောအမှတ်များ-၁

အမှန်ဆိုရလျှင် ကျွန်ုပ် တောကား ကျေးလက်ရင်ခွင်ရှိ ရွာလေးတစ်ရွာ၌ မွေးဖွားလူလားမြောက်ခဲ့ရသည်ဆိုသော်ငြား မြို့ပြရနံ့နှင့်မကင်း။

ကျွန်ုပ် ငယ်စဉ်ကတည်းက မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြသည့်အတွက် တစ်ကောင်ကြွက်၊ ခြေသလုံးအိမ်တိုင် ဖြစ်နေသော ကျွန်ုပ်အဖို့ မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းနှင့် မြေလတ်ပိုင်းပါ မကျန် ဦးလေး၊ ဘကြီး၊ ဘထွေး၊ ဒေါ်ကြီး၊ ဒေါ်လေးနှင့် ညီအစ်ကို မောင်နှမတစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲမှ အစပြု၍ လေးဝမ်းကွဲ အထိ ဆွေမျိုးအနည်းငယ် နီးစပ်တော်သူများပါ အလွတ်မပေးဘဲ ၎င်းတို့ထံ တစ်လှည့်စီ ခြေဆန့်၍နေခဲ့သောကြောင့် ကျွန်ုပ် အထက်ပါ ကဲ့သို့ ဆိုလိုက်ရခြင်းဖြစ်သည်။

ပြီးတော့ ကျွန်ုပ် လက်ရှိနေထိုင်သော ရွာကလေးမှာ အမြင်၌ သေးငယ်သော်လည်း ရန်ကုန်မြို့ပြကြီးနေ နယ်နိမိတ်အတွင်းမှာရှိပြီး အရာအားလုံး မြို့ပြအငွေ့အသက်နှင့် မကင်း။

တစ်နည်းဆိုရလျှင် နယ်မြို့လေးတစ်မြို့ဟုလည်း ဆိုနိုင်ကောင်းပါလေ၏။

ထို့ကြောင့်လည်း ကျွန်ုပ် ငတေ အသက်နှစ်ဆယ်ကျော်ကာလအတွင်း ကြုံဖူး ခံစားဖူးခဲ့သော အရာများစွာအနက် အချစ်ဆိုသည့်ဝိသေသတစ်ခုက ကျွန်ုပ် ငတေ နှလုံးသားကျောက်ပျဉ်ထက်တွင်သနပ်ခါးအမြစ်တုံးလို အချစ်မျိုးနှင့်လည်း သွေးခံခဲ့ရဖူးသည်။ စက်သွေးသနပ်ခါးခဲလို အချစ်မျိုးနှင့်လည်း ပျစ်ပျစ်နှစ်နှစ် အသွေးခံခဲ့ရဖူးသည်။ နောက်ဆုံး ကျောက်ချဉ်လိုအချစ်မျိုးနှင့်ပါ အသွေးခံခဲ့ရဖူးပါ၏။

သို့သော်ကျွန်ုပ် ငတေသည် ထိုအချစ်များစွာအတွက် ရရှိခဲ့သော ရလဒ်ကား ရှည်ရှည်ဝေးဝေး ပြောကြည့်စရာ မလို။ ကျောက်ပျဉ်တစ်ချပ်ကဲ့သို့ အသုံးချခံဖြစ်နေ၍ တဖြည်းဖြည်း အလယ်ဗဟိုခွက်ပြီး ပါးခဲ့ရုံသာ။

မှတ်မှတ်ရရပြောရလျှင် လွန်ခဲ့သော သုံးလခန့်က 'မြမြစိန်' ဆိုသော မိန်းကလေးနှင့် ကျွန်ုပ် ငတေ နောက်ဆုံးပတ်သက်ဖူးခြင်းဟုဆိုနိုင်ကောင်းပါချိမ့်။ သူမနှင့် ကျွန်ုပ် ငတေ ရန်ကုန်မြို့မှာ ဆုံစည်းခဲ့ရခြင်းဖြစ်သည်။

ဒီဇာတ်လမ်းက ရန်ကုန်မြို့ရှိ ကျွန်ုပ် ငတေ၏ ဘကြီးဖြစ်သူဦးကိုကိုအောင်ထံသို့ ထုံးစံအတိုင်း စရိတ်ပျောက် စီမံကိန်းကို ကိုင်ဆောင်ခဲ့သော ကျွန်ုပ် ငတေ အစဉ်အလာအရ ရောက်ရှိခဲ့ခြင်း ဆိုရမည်။

သူမလည်း ကျွန်ုပ် ငတေကဲ့သို့ အခြားမြို့တစ်မြို့ကနေအဒေါ်များရှိရာ ရန်ကုန်မြေသို့ အလည်အပတ် ရောက်ရှိခဲ့တာဆိုလျှင်လည်း မမှား။

ဒီမှာပင် မှားခဲ့သူက ကျွန်ုပ်။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို မြမြစိမ့်မည်သော သူမကို ကျွန်ုပ် ဇော်၏ မွေးရာပါဗီဇအတိုင်း ကြောင်ချက်ကယ် ကမ်းကုန်ခဲ့သောကြောင့် ကျွန်ုပ် ဇောတို့နှင့် ခြံချင်းကပ်လျက် အိမ်ကိုရောက်ရှိလာသည့် သူမ။

တစ်ပတ် မပြည့်မီမှာပင် သူမ နေထိုင်ရာမြို့သို့ အပြီးပြန်ပြေးရလေတော့၏။ အခြားကြောင့် ဟုတ်ရိုးလား။

ကျွန်ုပ် ဇော၏ "ကြောင်ချက်"က ကမ္ဘာ့စစ်ပွဲထက် မိုက်လုံးကြီးခြင်းကြောင့် ဖြစ်သည်။

ထို့အတူ ခြံချင်းကပ်လျက် ဖြစ်နေသည့်အတွက် သူမ ကံဆိုးတာလည်း ဖြစ်နိုင်သည်။ ကျွန်ုပ် ဇော ရောက်စနေ့၊ သူမကို မမျှော်လင့်ဘဲ တွေ့လိုက်ရကတည်းက နွားသိုးကြိုးပြတ်သည့်အတိုင်း သူမ နေထိုင်ရာ ခြံထဲကျော်ဝင်၍တစ်မျိုး၊ ဒီမှာဘက် ခြံအတွင်းမှတစ်ဖုံ၊ အမျိုးမျိုးကလူ ဤသို့မြူ ဤသို့ ပြုနေခဲ့သဖြင့် နောက်ဆုံးတောသားရုပ်ပေါက်နေသော ကျွန်ုပ် ဇောအား အထင်ကြီးစာရင်းထဲ မထည့်။

အကြည့်ကလေးတစ်ချက် ဝင့်ရုံနှင့်ပင် အသိအမှတ်မပြု။ ယောင်၍လည်းလှည့်ပြီး လေမလည်။ ဒီကဲ့သို့ အခြေကြီးလွန်းသော သူမအား ကျွန်ုပ် အရှုံးတိုက်မိ၏။

ရွာတွင် နွားကျောင်းသည့်အခါ ကျွန်ုပ် ဇော အသုံးပြုလေ့ရှိသော ပလွေတစ်ချောင်းဖြင့် တစ်ရက်ကနေ နှစ်ရက်၊ နှစ်ရက်ကနေသုံးရက်မက အကြူကောင်းလွန်း၍ပဲလား မသိ။ တစ်ပတ်မပြည့်မီမှာပင် သူမ တစ်ချိုးတည်းကို လစ်ပြေးရသောကိန်း ဆိုက်ပါတော့၏။

သည်မျှအထိ ကျွန်ုပ် ငတေ အချစ်ရာဇဝင်မှာ ပဆွေ့ရှင် အဖြစ် ပြောစမှတ်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

ကြုံခဲ့ဖူးသော မိန်းကလေးများစွာအနက် မြမြစိန်ဆိုသော သူမနှင့် ကျွန်ုပ် ငတေ နောက်ဆုံးပတ်သက်ဖူးခြင်းအဖြစ် ဝန်ခံရပေမည်။ သို့ရာတွင် ပတ်သက်ဖူးပါသည်ဟု ဆိုရသော်လည်း သူမဘက်က မသေချာ။ ကျွန်ုပ် ငတေသာ ထိုကဲ့သို့ ခေါင်းစဉ်တပ်လိုက် ရခြင်းပါပေ။

ဒီနောက် မိန်းကလေးများနှင့် ပတ်သက်၍ ကျွန်ုပ် ငတေ မျောက် ပုစွန်ငါးပိကိုင်ရမှာ ကြောက်သလိုမျိုး အကြောက်ကြီး ကြောက်သွားတော့သည်။

သို့ရာတွင် တကယ်တမ်း လုံးဝပြတ်စဲနိုင်သလားဆိုသော် လည်း ဒီကဲ့သို့ မဟုတ်ပြန်။ မိန်းကလေးများနှင့်ပတ်သက်လျှင် အနာ ပျောက်၊ တစ်ခေါက် ဆိုသကဲ့သို့ အင်မတန်မှ အမှတ်သည်းခြေ မရှိသော ကြွက်လိုလူစားမျိုး ကျွန်ုပ် ငတေပါတည်း။

ဒီလိုနှင့် ကျွန်ုပ် ငတေ လေးဝမ်းကွဲတော်စပ်သူ ကိုကြီးညက် မော်အောင်ရှိရာ တောင်ငူမြို့သို့ ရန်ကုန်ကနေ ထုံးစံအတိုင်း စရိတ်ငြိမ်း စီမံကိန်း အစဉ်အလာအရ အလည်အပတ်သဘောမျိုး ရောက်ရှိသွား သည်။

"ညီလေး မင်းလာတာနဲ့ အတော်ပဲဟေ့၊ ဒီမှာ ကိုကြီးတစ် ယောက်တည်း ဘယ်သူ့မှ အဖက်လုပ် စကားပြောသူမရှိလို့ ပျင်းနေ တာ၊ ငါ့ညီ ဒီမှာ ထုံးစံအတိုင်း ကြိုက်သလောက် ပျော်သလောက် နေ ဟုတ်လား။ ငါ့ညီနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ ကိုကြီး အကုန် တာဝန်ယူတယ်"

တောင်ငူမြို့ ရောက်ရောက်ချင်းမှာ ကျွန်ုပ် ငတေ သဘော အတွေ့ အစ်ကိုဝမ်းကွဲဖြစ်သူ ကိုကြီးဆက်မော်အောင်က အားတက် သရော ပြောလိုက်သည့်စကား။

ဆိုရလျှင် ကျွန်ုပ်တို့နှစ်ဦး မတွေ့လိုက်နှင့်။ တွေ့လိုက်၊ တွဲ လိုက်ပြီဆိုကတည်းက ဘုန်းကြီးရှူးနှင့်လေ့လူးအတိုင်းပါပင်။ အင်မတန် မှ တွဲဖက်ညီလွန်းသည့်အတွဲဟုဆိုလျှင် မမှား။

"စိတ်သာချ ကိုကြီး၊ ပျော်သလောက်နေမှာတော့ မပူနဲ့ဗျို့၊ မပျော်ခြောက်လ၊ ပျော်ခြောက်နှစ်ဆိုတဲ့ စကားအတိုင်းကို နေပစ်လိုက် မှာ၊ ဒါကြောင့် တခြားဆွေမျိုးတွေကို အားမကိုးဘဲ ကိုကြီးဆီကိုပဲ ညီလေး အားကိုးပြီး လာခဲ့တာပေါ့၊ ဟီး… ဟီး…"

ကျွန်ုပ် ငတေ ပြောလိုက်သည့် စကားကို မကြာခဏ ကျွန်ုပ် ရောက်ရှိနေသော ဆွေတော်အပေါင်း မျိုးရှစ်သောင်းတို့ကြားလျှင် ကျွန်ုပ် ငတေအား အရှင်လတ်လတ် ကုပ်ချိုးသတ်ပစ်မှာ ကျိန်းသေပါ ၏။

ဒါကလည်း ကိုကြီးဆက်မော်အောင်ရှေ့မှာမို့ အင်တာနေရှင် နယ်ခေတ်နှင့်အညီ အနေချောင်စေရန် ဖော်လံဖားနည်း လုပ်လိုက်ရ ခြင်းပါပင်။

ဒါမှလည်း ကျွန်ုပ် ငတေ အနေအစားချောင်မည် မဟုတ် လား။

ဒီစကားကို ဘယ်သူကြားတာ မှတ်လို့။

ထို့ကြောင့် ကျွန်ုပ် ငတေလည်း ကျောခု နောက်ခံရှိမှတော့ ဘယ်လာကိမ်ပေါ်မတက်ရဲဘဲ နေလိမ့်မည်နည်း။ ရာဇဝင်ရိုင်းလှပေ မပေါ့။

ထို့ကြောင့် တောင်ငူတစ်မြို့လုံးကို ပြံပြံစင်အောင် ပတ်မွှေပစ်လိုက်၏။ တခြားတော့ မဟုတ်။

ဘုရား၊ ဈေး၊ ကားဂိတ်၊ လက်ဖက်ရည်ဆိုင်နှင့် ဆံပင်ညှပ်ဆိုင် အလှပြင်ဆိုင်များပါမကျန် လမ်းဘေးမုန့်ဟင်းခါးဆိုင်အထိပင် သွားလာလည်ပတ် စားသောက်သုံးဖြုန်းနေခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့သော် ကိုကြီးဆက်မော်အောင်ကား နည်းနည်းလေးမျှ စိတ်မပျက်။ ကျွန်ုပ် ငတေ မပျော်ဘဲ ပြန်သွားမှာကိုပင် စိုးရိမ်နေပါသေး၏။

စိတ်ချ။

ဒီကိစ္စတော့ လုံးဝပူစရာမလို။ နဂိုကတည်းက စိမ်ကိန်းနှင့်ထွက်လာသူ ကျွန်ုပ် ငတေအဖို့ ကာယကံရှင်များကိုယ်တိုင် စိတ်ပျက်ပြီး နှင်မလွှတ်မချင်း ပြန်ဖို့စိတ်မကူး။

ထို့ကြောင့်လည်း ကျွန်ုပ် ငတေအကြောင်း အတော်များများ အူမချေးခါးအထိ သိထားကြသော သူငယ်ချင်းမိတ်ဆွေအပေါင်းများ ဆိုလျှင် ယောင်၍မျှ ကျွန်ုပ် ငတေအား အလည်မခေါ်ဝံ့ကြ။ အိမ်ရှင်ကိုယ်တိုင် စိတ်ပျက်ပြီး မနှင်လွှတ်မချင်း ဖင်ကော်ကပ်ထားသောကြောင့် ဖြစ်ပါသည်။

ယခုလည်း ကိုကြီးဆက်မော်အောင် စိတ်ပျက်ပြီး မနှင်လွှတ်သေးသမျှ ကာလပတ်လုံး ကျွန်ုပ် ငတေ ပျော်ပျော်ကြီးနေဖို့ ဆုံးဖြတ်ပြီးသား။

❑ ❑ ❑

# (သုံး)

## ထောနှင့် "ဘူး" ကွဲရသောအဟာရွှတ်များ-၂

အလွန်သာယာဖွယ်ရှိသည့် မနက်ခင်းတစ်ခုဟု ကျွန်ုပ် ထော ဘာသာ သတ်မှတ်လိုက်သော နေ့မှာ ထူးခြားစွာ အိပ်ရာအစောကြီး နိုးနေခဲ့သည်။ ကော်ဖီသောက်၊ မုန့်စားပြီးချိန်မှာပဲ ကိုကြီး ဆက်မော်အောင်က ကိစ္စတစ်ရပ်ကို အရေးကြီးစွာ သတိရသွားသောပုံစံနှင့် ထိုင်နေရင်း တန်းလန်းမှ 'ဝုန်း' ခနဲ ထရပ်လိုက်၏။

'သေလိုက်ပါတော့ကွာ၊ ကြည့်စမ်း… ဒီနေ့ ချိန်းထားတဲ့ ကိစ္စတစ်ခု မေ့နေလိုက်တာ၊ အခုမှပဲ သတိရတော့တယ်'

ပြောပြီး စားပွဲကို လေး၊ ငါးပတ် လျှောက်နေတော့၏။

'ဘာကိစ္စများလဲ ကိုကြီး၊ ကျွန်တော် ဘာကူညီပေးရမလဲ'

ကျွန်ုပ်က စိတ်ဝင်တစား မေးလိုက်သည်။ ကိုကြီး ဆက်မော်အောင်က တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး…

'အင်း… ကိစ္စက အရေးကြီးတယ်လို့ ပြောလည်း ရတယ်၊ ငါ့ညီ ကူညီရမှာထက် ကိုယ်တိုင်လိုက်ဖို့ လိုတာကွ'

ပြောပြီး ကျွန်ုပ်ကို လှမ်းကြည့်လိုက်ပြန်၏။

'ပြောပါ ကိုကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ကိုကြီးနဲ့

ပတ်သက်တဲ့ကိစ္စဆိုရင် 'ဟစ်တလာ'ရဲ့ ဝိညာဉ်ကိုပဲ ဖမ်းပေးရ ဖမ်းပေးရဗျာ၊ ကျွန်တော် ကတိပေးတယ်'

ကျွန်ုပ်စကားကြောင့် ကိုကြီးဆက်မော်အောင် အားတက်သွားပြီး-

'ဒီလောက်အထိလည်း မလိုပါဘူးကွာ၊ ဒါပေမဲ့ ငါ့ညီကိုယ်တိုင် လိုက်ကူညီရမယ့်ကိစ္စက မိသားစု အိမ်တစ်အိမ်၊ သူတို့က ဗေဒင်တို့၊ ဘာတို့ဆိုရင် အင်မတန်ယုံကြည်ကြတာကလား၊ အဲဒါကွာ… ပြောထားတဲ့ ကိုကြီးမိတ်ဆွေ ဗေဒင်ဆရာ ကိုဝေလွင်မြင့်မောင်တစ်လောလေးကမှ ကားပေါ်ကအဆင်းမှာ ခြေချော်ကျပြီး မှောက်ရက်လဲ သွားသုံးချောင်းကျိုးသွားလို့ ဆေးရုံတက်နေရရှာတယ်။

'အဲဒီ ဗေဒင်ဆရာ ကိုဝေလွင်မြင့်မောင်ကို ခေါ်ပြီး ခုနဗေဒင်ကို အင်မတန်ယုံကြည်တဲ့ ငါ့မိတ်ဆွေမိသားစုအိမ် ဒီနေ့ပဲသွားဖို့ ချိန်းထားတာ၊ အင်း… ဒါဆို ဒီလိုလုပ်ကွာ၊ ငါ့ညီက ဗေဒင်ဆရာလုပ်၊ ပြီးတော့ ကတိမပျက်အောင် အဲဒီကိုသွားကြမယ်'

'ဗျာ… ကျွန်တော်က ဗေဒင်ဆရာ လုပ်ရမယ်၊ ဖြစ်…ဖြစ်ပါ့မလား ကိုကြီးရာ၊ တော်ကြာ အရှက်တွေဘာတွေ ကွဲနေပါဦးမယ်၊ ဗေဒင်အကြောင်း ကျွန်တော် ဘာမှနားလည်တာ မဟုတ်ဘူးနော်'

ကျွန်ုပ် မျက်လုံးမျက်ဝန်ပြူးကာ ဗျာဗျာသလဲ ငြင်းလိုက်ခြင်းဖြစ်၏။

'ဖြစ်ပါတယ် ငါ့ညီရာ၊ ဒီမှာ ကိုကြီး ပြောတာကို သေသေချာချာနားထောင်၊ သူတို့က ဗေဒင်ဆိုရင် အင်မတန်မှ ယုံကြည်ကြသူတွေဆိုတော့ သိပ်ပြဿနာမရှိဘူး ငါ့ညီ၊ ငါ့ညီဘက်က ကြည့်ပြီးတော့သာ နှီးလုံး၊ ထွင်လုံးတွေနဲ့ ကောင်းတာချည်းပဲ သူတို့အကြိုက်လိုက်

ဟောနိုင်ရင် ပြီးတဲ့ကိစ္စပါ၊ ဘာခဲယဉ်းတာမှတ်လို့၊ ငါ့ညီ ဒီတစ်ခါ တော့ ကိုကြီးကို ကူညီပါကွာ၊ ဒီကိစ္စ ငါ့ညီမှ မကူညီရင် ကိုကြီး မိတ်ဆွေတွေကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိဖြစ်နေလိမ့်မယ်၊ ကြိုးစားရင် ငါ့ညီ ဖြစ်ပါတယ်ကွာ'

ကျွန်ုပ် မည်သို့လုပ်ရမှန်း မသိ။ ခေါင်းကို တဗျင်းဗျင်းကုတ် ကာ သက်ပြင်းအကြိမ်ကြိမ်ချလိုက်မိ၏။ သို့သော် ကိုကြီးဆက်မော် အောင်ဘက်က အကြိမ်ကြိမ်ဆိုလာမှတော့ ကျွန်ုပ် ခေါင်းရှောင်၍ မရတော့ပြီ။ ကိုကြီးဆက်မော်အောင်အတွက် မိတ်ဆွေချင်း မျက်နှာပျက် စရာဖြစ်မည့် ကိစ္စအရေးမို့ ကျွန်ုပ် မည်သို့မျှ ခေါင်းရှောင်၍မသင့်တော့။

သို့ရာတွင် ကိုယ်မကျွမ်းကျင်သည့်ကိစ္စ ဖြစ်သော်ငြား အရပ် လေးမျက်နှာ လှည့်လာခဲ့သော ကျွန်ုပ်အဖို့ သည်ကိစ္စကိုမျှ မကူညီပေး နိုင်လျှင် လွန်စွာမှ ရှက်စရာကောင်းနေမှာ သေချာသည်။

ထို့ကြောင့် ကျွန်ုပ် ချက်ချင်းဆုံးဖြတ်ချက်ချရတော့မည်။

'ကောင်းပြီ ကိုကြီးရာ၊ ဒီကိစ္စ မဖြစ်ဖြစ်တဲ့နည်းနဲ့ အဆင်ပြေ အောင် ကျွန်တော် ကူညီပေးမယ်'

'ဟာ… ကျေးဇူးတင်လိုက်တာ ငါ့ညီရာ၊ ကိုကြီးလည်း ဒီအတိုင်း မကျေနပ်ပါဘူး၊ ဗေဒင်လောကမှာ ငါ့ညီ ဘယ်လောက် တော်ကြောင်း၊ တတ်ကြောင်းတွေ စကားလမ်းခင်းပေးမယ်၊ ဒီတော့မှ ငါ့ညီဘက်က အဆင်ပြေပြေ ရေလိုက်ငါးလိုက်လေး ဖြီးဖြန်းပြီး ဟောလိုက်ရုံပါပဲ'

'ကဲ… ဒါဆို ကိုကြီး ဘယ်တော့သွားမလဲ'

'ခုပဲ သွားကြမယ်ကွာ'

□ □ □

## (လေး)
## တောနှင့် "ဘူး" ကွဲရသောအမှာစွတ်များ-၃

ကိုကြီးဆက်မော်အောင် မိတ်ဆွေအိမ်ခြံရှေ့ ကျွန်ုပ် ရောက်ရှိသွားချိန်မှာ ခြံတံခါးဖွင့်ထားသဖြင့် အသာဖွင့်ပြီး ဝင်ရောက်လိုက်ကြသည်။ ထိုအချိန်မှာ ကျွန်ုပ်တစ်ကိုယ်လုံး နတ်ဝင်သည်တစ်ယောက်လို တုန်ယင်နေသည်။ မဖြစ်လည်း ခံနိုင်ပါမည်တဲ့လား။

ကျွန်ုပ် တစ်သက်နှင့်တစ်ကိုယ် ထိုကိစ္စမျိုး တစ်ကြိမ်မှမကြုံဖူး၊ ဟန်မဆောင်ဖူးသောကြောင့် ဆိုရပါလိမ့်မည်။

ကိုကြီးဆက်မော်အောင်ကတော့ ကျွန်ုပ်ရှေ့ကနေ ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး အောင်မြင်ဝင့်ကြွားနေသည့်ဟန်။ အကြောင်းမသိသူများဆိုလျှင် တကယ့်ကို အထင်ကြီးစရာ ကောင်းသေးတော့။

"ကိုကြီး ဖြည်းဖြည်းသွားပါဗျ၊ ကျွန်တော့်တစ်ကိုယ်လုံး ကုလားဘုရားမွဲလှည့်နေပြီ"

ကျွန်ုပ် တစ်ကိုယ်လုံး မဟုတ်။ အသံများပင် တုန်လေပြီ။ ဒီအတိုင်း ဗေဒင်ဆရာအဖြစ် ဟန်ဆောင်၍ရနိုင်ပါမည်လား။

'ငါ့ညီ မင်း ဂူမြွေဆည်စမ်းပါကွ၊ ဟန်မပျက်စေနဲ့၊ တော်ကြာ အလိမ်တွေပေါ်ကုန်ဦးမယ်၊ လာ… လာ… မြန်မြန်လေး'

ကိုကြီး ဆက်မော်အောင်ကား ဟန်ဆောင်ကောင်းလွန်းလှသည်။ အတော့်ကို အံ့သြစရာကောင်းလှသည့် လူစားပါပင်။

ဒီလိုနှင့် ကျွန်ုပ်တို့နှစ်ဦး အင်မတန်မှ ခန့်ညားထည်ဝါလှသော နှစ်ထပ်တိုက်အိမ်ကြီးရှေ့သို့ ရောက်ရှိသွားသည်။ လူသံ လူရိပ်ကတော့ တိတ်ဆိတ်ကင်းမဲ့လျက်။

'ကလင်… ကလင်… ကလင်'

သို့ဖြင့် ကိုကြီးဆက်မော်အောင်က အဝင်တံခါးဘေးရှိ လူခေါ်ဘဲ(လ်)ကို အဆက်မပြတ် နှိပ်လိုက်သောကြောင့် မကြာခင်မှာ ခပ်ဝဝမိန်းမကြီးတစ်ဦးနှင့် လွန်စွာမှ မျက်စိလည် သွားရည်ယိုချင်စရာကောင်းလှသော ချောမောလှပလွန်းသည့် မိန်းမပျိုလေးတစ်ဦး ခပ်သုတ်သုတ် ပြေးထွက်လာကြသည်။

ထိုအချိန်မှာ ခပ်ဝဝ မိန်းမကြီးကိုကျော်၍ မိန်းမလှလေးထံ ကျွန်ုပ်အကြည့် ရောက်ရှိသွားချိန်မှာ ငယ်ထိပ်ဆယ့်နှစ်စိတ်လောက် အခွဲခံလိုက်ရသလို ဖြစ်သွားသည်။

'ဟင်… မြ… မြ… စိန်'

ကျွန်ုပ်တစ်ကိုယ် ကြားရုံ အထိတ်တလန့် ရေရွတ်လိုက်သံ။ သို့သော် တစ်ကမ္ဘာလုံး ကြားစေနိုင်လောက်၏။

မိန်းမလှလေးသည်လည်း ကျွန်ုပ်အား ရုတ်တရက် အရှင်လတ်လတ်ကြီး တွေ့လိုက်ရသဖြင့် မျက်လုံးဝိုင်းစက်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သို့ရာတွင် ကျွန်ုပ်နှင့် မိန်းမလှလေးတို့၏ တဒင်္ဂအတွင်း အံ့ဩလှုပ်ရှားသွားကြမှုတို့ကို ခပ်ဝဝမိန်းမကြီးသည်လည်းကောင်း၊ ကိုကြီးဆက်မော်အောင်သည်လည်းကောင်း လုံးဝသိရှိရိပ်မိကြခြင်း မရှိပါချေ။

'ဩော်… မောင်ဆက်မော်အောင်ပါလား၊ လာကွယ့်… အန်တီတို့လည်း ဟိုကိစ္စပြောပြီးကတည်းက မောင်ဆက်မော်အောင်ကိုပဲ မျှော်နေကြတာ၊ အိမ်ထဲဝင်ကြလေကွယ်၊ သမီး ညည်းအစ်ကိုကြီးကို တံခါးဖွင့်ပေးလိုက်လေ၊ ဩော်… ဟိုမှာလည်း ညှော်သည်ပါလာတာကိုးကွယ့်'

ခပ်ဝဝမိန်းမကြီးက ကရားရေလွှတ် တစ်လျှောက်လုံး ပြောပြီးမှ ကျွန်ုပ်ကို သတိထားမိကာ အားနာသွားသော ပုံစံနှင့် ဆိုလိုက်ခြင်း ဖြစ်၏။

သို့ဖြင့် မိန်းမလှလေးခမျာ ကျွန်ုပ်ကို ငေးကြောင် အံ့အားတသင့် ကြည့်နေရာမှ ခပ်ဝဝမိန်းမကြီး သူမ အစ်မဖြစ်သူ၏ စကားကြောင့် ကယောင်ကတမ်းပုံစံနှင့် အိမ်တံခါးအား ဖွင့်ပေးသည်။

'ဟုတ်တယ် အန်တီ၊ သူက တခြားသူတော့ မဟုတ်ဘူးဗျို့၊ ကျွန်တော် ပင့်လာမယ်လို့ပြောတဲ့ အရှေ့တိုင်း၊ အနောက်တိုင်း မနောဒေဝ အင်္ဂဝိဇ္ဇာ ဆရာအောင်ဆိုသူလေ'

'ဟင်… ဟုတ်လား၊ မောင်ဆက်မောင်အောင်ရယ် စောစောက ပြောရောပေါ့ကွယ်၊ ကြည့်စမ်း… ဒီက ဆရာကို အင်မတန်မှ အားနာစရာတွေ ဖြစ်ကုန်ပြီ၊ မသိလို့ ဒီလိုဖြစ်ရတာ ခွင့်လွှတ်ပါရှင်၊ အိမ်ထဲကိုကြွပါ ဆရာရယ်၊ ကြွပါ'

ခပ်ဝဝမိန်းမကြီးများ ကိုကြီးဆက်မော်အောင် ဦးလုံးတစ်ချက်တည်းနှင့်ပင် ငါးရံပြာလူးခံရသလို မှာမှာသလဲဖြစ်နေသလောက် ဘေးနားရှိ မိန်းမလှလေးများမှာတော့ ကြားလိုက်ရသော စကားအတွက် ကျွန်ုပ်ကို မျက်ထောက်နီကြီးနှင့် အထင်သေးစွာကြည့်လျက်ရှိနေပါ၏။

ကျွန်ုပ် ခန္ဓာကိုယ်ရှိ သွေးကြောလေကြောအားလုံးလည်း ပိတ်ဆို့သွားသည့်အလား ခံစားရသလို အသက်ရှူဖြုန်းတွေလည်း ပရမ်းပတာ ဖြစ်နေတော့သည်။

အဆိုးဆုံးကား မိန်းမလှလေး၏ အထင်သေး၊ မယုံကြည်သောအကြည့်စိမ်းများကို ခံလိုက်ရခြင်းပင်။

ထိုကဲ့သို့ ကျွန်ုပ်အား အထင်သေး၊ မယုံကြည်မဖြစ်အဲ ခံနိုင်ပါမည်တဲ့လား။ လွန်ခဲ့သော သုံးလကတည်းက ကျွန်ုပ်အကြောင်းဘာတစ်ခုမှ အထင်ကြီးစရာမကောင်းအောင် ရန်ကုန်မြို့မှာပင် သူမအကုန် အူမချေးခါး သိထားခဲ့သူ။

ပြီးတော့ ကျွန်ုပ် ဗေဒင်ပညာတတ်ကြောင်း ပြောစရာမလိုအောင် မိဘဆွေမျိုးရင်းချာမရှိ၍ နယ်လေးရပ်ဆွေမျိုးများအိမ် တစ်အိမ်တက်ဆင်းလိုက်နေရသော တောသား ဖွတ်ကျားဖြစ်ကြောင်းအထိ သိထားသူရှေ့မှာ အထက်ပါ ကြွားလုံးတွေ ထုတ်နေတော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း၊ လူပုံအလယ် ပုဆိုးကွင်းလုံးကျွတ်ရသလိုကိန်းဆိုက်နေခြင်းကြောင့် ဖြစ်တော့သည်။

'အင်း… ကျွန်တော့်မိတ်ဆွေရဲ့ ဗေဒင်ပညာမှာတော့ လုံးဝပြောစရာမလိုဘူး အန်တီရဲ့၊ အနောက်တိုင်း အရှေ့တိုင်းပညာရပ်အထိ

တစ်ဖက်ကမ်းခပ်ကို တတ်တာ၊ အဲဒီပညာတွေကြောင့် ဖိတ်ကြားခံရလို့ အင်္ဂလန်၊ ဂျာမန်နဲ့ ဂျာမနီကနေ မကြာသေးခင်ကပဲ မြန်မာပြည်ကို ပြန်ရောက်လာတာ၊ ပြန်ရောက်ရောက်ချင်းပဲ ကျွန်တော် ဖုန်းဆက်အကူအညီတောင်း ဖိတ်ကြားလိုက်လို့ ဒီနေ့မနက်ပဲ ရန်ကုန်ကနေ ရောက်လာတာ အန်တီရဲ့'

'အဲဒါ ကျွန်တော့်မိတ်ဆွေ ဆရာအောင်ထံမှာ အန်တီတို့ အလိုရှိသမျှ မေးမြန်းကြပေတော့၊ ကဲ… ဆရာအောင်ရေ၊ သူတို့က တော့ ကျွန်တော့်မိတ်ဆွေ ဒေါ်စိန်ပွင့်နဲ့ သူ့သမီးမြမြစိန်တို့ပါပဲ'

ကျွန်ုပ်တစ်ကိုယ်လုံးကို အက်ဆစ်နှင့် အပက်ခံလိုက်ရသလို ဖြစ်နေပါသည်။

မည်သည့်စကားမျှ ထွက်မလာ။ ဖြစ်နိုင်လျှင် ချက်ချင်းပင် အသက်ထွက်သွားသူတစ်ယောက် ဖြစ်ချင်လှလေ၏။

သွားပြီ။ ဘယ်လိုမျှ အဖတ်ဆည်ရနိုင်တော့မည် မဟုတ်။ ကျွန်ုပ် ဒီတစ်ခါတော့ မိန်းမလှလေးရှေ့၌ ရှက်လွန်း၍ ခေါင်းမဖော်နိုင်ပါပြီ။

'ကြားရတာ ဝမ်းသာရောပါပဲရှင်၊ မောင်ဆက်မော်အောင်နဲ့ ဆရာ ကျွန်မတို့ အိမ်ထဲကို ကြွပါရှင်၊ ဒီက ဆရာ့ရဲ့ပညာနဲ့ သတင်းကို ကြားရရုံနဲ့ ကျွန်မတို့ လက်ရှိသောကတွေ ယူပစ်လိုက်သလိုပါပဲရှင်၊ အခုလို တကူးတက ရန်ကုန်ကနေ ကြွရောက်ချီးမြှင့်ပေးလာတဲ့အတွက် ကျွန်မတို့မှာ သိန်းထီကြီးပေါက်သလိုလည်း ခံစားရပါတယ်၊ ဆရာ ကျွန်မတို့အိမ်ထဲ ကြွပါဦးရှင်၊ မောင်ဆက်မော်အောင် ဆရာ့ကို အိမ်ထဲ ပင့်ခဲ့ပါကွယ်'

'ကဲ… ဆရာအောင် အိမ်ထဲကိုကြွပါဦးဗျာ'

ကိုကြီး ဆက်မော်အောင်က ပြောပြီး ဒေါ်စိန်ပွင့်ဆိုသူနှင့် အတူ ရှေ့မှဦးဆောင်ပြီး သွားလေ၏။ သူတို့နောက်က မြမြစိန်မည်သော မိန်းမလှလေး လိုက်သည်။

ထိုကဲ့သို့ မလိုက်ခင်မှာပင် မိန်းမလှလေးကား ကျွန်ုပ်အား ကြည့်သောအကြည့်ထဲ၌ 'ရှင် လိမ်တာတွေ မကြာခင် ဘူးပေါ်သလို ပေါ်တော့မယ်၊ ကျွန်မအမေကိုသာ ရှင် လိမ်လို့ရနိုင်လိမ့်မယ်၊ ရှင့် အကြောင်း ပေါင်မှာ မွေးကွက်ရှိတာအစ သိပြီးသား ကျွန်မအတွက်က တော့ သိပ်ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ပုဒ်ပဲ၊ ရှင့်ကို ကောင်း ကောင်းကြီး ကျွန်မ ပညာပေး အရှက်ခွဲပြလိုက်မယ် သိလား၊ ဟင်း… ဟင်း…'ဟု အဓိပ္ပာယ်သက်ရောက်နေကြောင်း သုံးသပ်မိပါ၏။

ထို့ကြောင့် ကျွန်ုပ်လည်း မျက်နှာချင်းဆိုင်ပြီး အရှက်တော့ အကွဲမခံနိုင်။ ချက်ချင်းပဲ ရလာသော အခွင့်အရေးတစ်ရပ်အပေါ်ကို အသုံးချလိုက်ရတော့သည်။

အခြားတော့ မဟုတ်။ သူတို့သုံးဦးကား ရှေ့ကိုသာ အာရုံပြုပြီး အိမ်တွင်းထဲ ဝင်သွားချိန်တွင် ကျွန်ုပ် ဘာများလုပ်မည် ထင်ပါ သနည်း။

ဗွားဝက်လာခဲ့သော ဗေဒင်ဆရာ ပုဆိုးကို ခါးတောင်းမြှောင် ကျိုက်၍ စီးလာသောဖိနပ် ခါးကြားထိုးပြီး ဖနောင့်နှင့်တင်ပါး တစ် သားတည်းကျအောင် သုတ်ခြေတင် ပြေးခဲ့ရခြင်း ဖြစ်ပေတော့သည်။

'နောက်ကျတဲ့ခြေထောက် စတီး(လ်)လက်ကောက်'ဟူ၍သာ။

❑ ❑ ❑

## (ငါး)
## တစ်ကောပြန် ဝေဘ

ကျွန်ုပ် ရွာကို ပြန်ရောက်ခဲ့သည်။

ဒီတစ်ခေါက်တွင် ကျွန်ုပ်ဘကြီး ထွန်းစိန် ဘာကြောင့် သဘောကောင်းခဲ့မှန်း မသိ။ ကျွန်ုပ်ကို ၄င်းတို့နှင့် နေထိုင်ရန် ရောက်ရောက်ချင်း ပြောသည်။ ယခင်ကတော့ ကျွန်ုပ်အကြောင်းကို ခြေဆုံးခေါင်းဆုံး သိထားသည်မို့ လုံးဝလက်ခံလေ့ မရှိ။ ၄င်းနှင့် ဘာမျှ မပတ်သက်သလို အနှုန်းစိမ်းပေါ် ဆေးစိမ်းသုတ်ထားသူ ဖြစ်သည်။ ခုတော့ ၄င်းတို့နှင့်နေရန် ပြောလာသည်။ ဒါဟာ နည်းသည့်အခွင့် အရေး မဟုတ်။

ထို့ကြောင့် ကျွန်ုပ် ကွေးနေအောင်ကာ၍ လက်ခံခဲ့၏။

ဒီလိုနှင့် ကျွန်ုပ်ဘကြီး ထွန်းစိန် အိမ်တွင် အော်တိုမစ်တစ် နေထိုင်ခွင့်ရပြီး သုံးရက်မြောက်နေ့မှာ ရွာ၌ ကျွန်ုပ်နှင့် ငယ်စဉ်ကတည်းက တွဲဖော်တွဲဖက်၊ ကဲဖော်ကဲဖက်များဖြစ်သော သူငယ်ချင်း ချစ်ထူးနှင့် အာလူး ပုဆိုးစွန်တောင်ဆွဲ၊ အဲ... ပုဆိုးမြှောင်ကျိုက်၍ ရောက်လာကြသည်။

'ငတေ… ဟော့ကောင်ကြီး ငတေ'

'ဟေ… ဘာတုံးဟ၊ ဘယ်က ကလေကဝကောင်တွေလဲကွ၊ ငါ့ကို အော်ကြီးဟစ်ကျယ် ခေါ်နေတာ'

ကျွန်ုပ် အိမ်အတွင်းထဲကနေ လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

'ဟာ… ငါတို့ပါ ငတေရ၊ ချစ်ထူးနဲ့ အာလူးလေ'

'အချစ်ရူးနဲ့ နှာဘူးဆိုရင် ငါ လက်မခံဘူး၊ သွားတော့'

'ဟာ… ဒီငတေတော့ကွာ'

'ဒီကောင် ဘဝင် လေဟပ်သွားပြီလား'

ချစ်ထူးနှင့် အာလူး မကျေမနပ် ရေရွတ်လိုက်ကြသည်။ ကျွန်ုပ် အိမ်ထဲကထွက်လိုက်ရင်း…

'အလကားစတာပါကွာ၊ ကဲ… ဆို… ဘာကိစ္စတုံး'

'ကိစ္စက အရေးကြီးတယ်ကွ၊ မင်းလိုက်မှ ဖြစ်မှာ'

ချစ်ထူးက စိုးရိမ်တကြီးပုံစံမျိုး ပြောသည်။

'ဟုတ်လား၊ ဘာကိစ္စလဲ'

'ပဲ့ ကြီးတော်လုံးတီးရဲ့တူမ ကလေးမမွေးနိုင်လို့ အဲဒါ မင်းကို လာခေါ်တာ'

'ဘာ…'

ကျွန်ုပ် အော်သံက ညောင်ဦးကမ်းပါးပြိုသံထက် ဆိုးသွားသည်။ သို့သော် စမ္ပါနဂိုရ်က 'နွားမ' ပေါင်ကျိုးတာ မပါသေး၍ တော်သေး၏။

'မင်းကလည်း ဖြည်းဖြည်းအော်ပါဟ၊ လန့်သွားတာပဲ'

အာလူးက ဝင်ပြောလိုက်ခြင်း ဖြစ်၏။

'နေစမ်းပါဦး၊ ဒေါ်လုံးတီးတူမ ကလေးမမွေးနိုင်တာ သားဖွားဆရာမနဲ့ ဆိုင်တဲ့ကိစ္စ၊ ငါ့ ဘာကြောင့်လာခေါ်သလဲ'

'ဆိုင်ပါသော်ကော်ကွာ၊ မင်း ကယ်မှ ဒီကလေး မွေးနိုင်မှာ'

'ဘာရယ်... ငါက သူ့ကို သားဖွားပေးရမယ်'

ကျွန်ုပ် မျက်လုံးမျက်ဆန်ပြူးပြီး မေးလိုက်၏။

'ဆောရီး... ငါ့စကား လောသွားလို့၊ ဒီလိုကွ... ဒေါ်လုံးတီးနဲ့ သားဖွားဆရာမနဲ့ မတည့်ဘူး၊ ဒေါ်လုံးတီးအကြောင်းလည်း သိသားနဲ့၊ အရပ်တကာလှည့်ပြီး အတင်းတုပ်နေတာ၊ တစ်လောလေးက သားဖွားဆရာမအကြောင်းကို အရပ်ထဲမှာ အော်ကြီးဟစ်ကျယ် အတင်းတုပ်နေတာ၊ ဟိုက ကြားသွားရော၊ ဒါနဲ့ သင်းကို မိသားစုကျန်းမာရေးနဲ့ ပတ်သက်လို့ ဆေးခန်းလာခဲ့ရင် သေဆေးထိုး သတ်ပစ်မယ်လို့ ဟိုက ကြိမ်းထားလို့ ခု မသွားရဲဘူး ဖြစ်နေတယ်၊ အဲဒါ မင်းကို အကူအညီတောင်းခိုင်းတာ'

'ငါက သားဖွားဆရာမဆီ လိုက်ပြောပေးရမယ် ဆိုပါတော့'

'ဟုတ်တယ်'

'ကဲ... ဒါဆို မြန်မြန်သွားမှ ဖြစ်မယ်၊ တော်ကြာ လမ်းမှာ ထွက်ကျမွေးနေရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်နေဦးမယ်'

ကျွန်ုပ် ချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်၏။ ထိုကိစ္စကား လူ့အသက်နှစ်ချောင်းကို ကယ်ရမည့်ကိစ္စ။ ရွာမှာ ဒေါ်လုံးတီးကို အတင်းတုပ်သည့် မိန်းမကြီးအဖြစ် စာရင်းသွင်းကာ ကြည့်မရသော်ငြား ဘာမျှမဆိုင်သော သူ့တူမ ကြားထဲက မားတာခံမဖြစ်သင့်။ ထို့

ကြောင့် ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်၏။

'ဒါနဲ့ ခု သူတို့ ဘယ်မှာလဲ'

'သင်္ချိုင်းကုန်းမှာ'

'ဘာ…'

ချစ်ထူး၏ အဖြေကြောင့် ကျွန်ုပ် ငယ်သံပါအောင်အော်လိုက်မိခြင်း ဖြစ်၏။

'လုပ်ပြန်ပြီ… ဖြည်းဖြည်းအော်ပါ ဇော်ရ၊ ငါတို့ နားမပင်းပါဘူးဟ'

ချစ်ထူးက မကျေမနပ် ပြောလိုက်သည်။

'မင်းတို့ပြောတော့ သင်္ချိုင်းကုန်းမှာဆို၊ သင်္ချိုင်းရောက်နေပြီဆိုမှတော့ ငါ ဘာလုပ်နိုင်တော့မလဲဟ'

'မင်းက ငါ့စကားဆုံးအောင်မှ နားမထောင်ဘဲ သူတို့ သင်္ချိုင်းကို ရောက်နေတယ်ဆိုတာ ဟုတ်တယ်၊ ကိစ္စလျှော့သွားလို့ ရောက်တာမဟုတ်ဘူး၊ အဲဒီ သင်္ချိုင်းကုန်းမှာ ကြိမ်စည်းသွားခုတ်တဲ့ သူ့အဒေါ် ဒေါ်လုံးတီးကို ထမင်းသွားပို့ရင်း ဟိုရောက်တော့ ဗိုက်နာပြီး လမ်းတောင်မလျှောက်နိုင်လို့ အဲဒီ သင်္ချိုင်းကုန်းမှာပဲ ရှိနေတာကို ပြောတာ'

ဒီတော့မှ ကျွန်ုပ် အမြင်ရှင်းသွားပြီး သက်ပြင်းခပ်ပါးပါးချလိုက်မိ၏။

'ကဲ… ဒါဆိုလည်း အဲဒီသင်္ချိုင်းကုန်းကို ငါသွားနှင့်မယ်၊ မင်းတို့ လှည်းပြင်ပြီး နောက်ကလိုက်ခဲ့ကြ'

'ဟာ… လှည်းကို ဘယ်မှာ အလွယ်တကူရမှာလဲကွ'

အာလူးက သတိပေးစကားဆိုလိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်

တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး…

'ဦးဝေငြိမ်းအောင်ဆီ သွားကွာ၊ အဲဒီမှာ လှည်းရှိတယ်'

'မင်းပြောတာ နောက်ကျနေပြီ၊ မနက်က မြို့ကို တက်သွားတာ တွေ့တယ်'

ချစ်ထူးက စိတ်ပျက်စွာ ပြောသည်။ အာလူးကလည်း…

'ဟုတ်တယ် ဇော၊ မနက်က ဦးဝေငြိမ်းအောင်သား မင်းထက်အောင်ကိုယ်တိုင် လှည်းမောင်းပြီး မြို့ပေါ်တက်သွားတာ'

'သွားမှာသာ သွားစမ်းကွာ၊ သူတို့မှာ အပေါင်ဆုံးရထားတဲ့ နောက်ထပ် လှည်းတစ်စီး အပိုရှိသေးတယ်၊ ငါကလို့ ပြောလိုက်ကွာ၊ သူတို့ နာရီတောင် မဆိုင်းဘူး'

'ဟ… ဒီကိစ္စ မင်းပြောမှလား ဇောရ၊ နာရီဆိုင်းရင် မွေးလူမှာ နောက်ထပ် ကလေးတစ်ဒါဇင် လိုက်မွေးလို့ရတယ်'

ချစ်ထူးက မကျေမနပ် ပြောလိုက်ခြင်း ဖြစ်၏။

'ကဲ… ကဲ… သွားမှာသာ သွားစမ်းကွာ၊ မင်းတို့ လေကြောရှည်နေတာနဲ့ ဟိုက အသက်ထွက်လောက်ပြီ'

ကျွန်ုပ် စကားအဆုံးမှာ ချစ်ထူးနှင့် အာလူး သုတ်သုတ်ပျာပျာ ထွက်သွားကြ၏။ ပြီးနောက်…

ကျွန်ုပ်လည်း ပျာပျာသုတ်သုတ်နှင့် သချိုင်းကုန်းရှိရာ သုတ်ခြေတင်ခဲ့ရတော့သည်။

□ □ □

# (ခြောက်)
## ငတေနှင့် သားဖွားခန်း

သင်္ချိုင်းကုန်း ကျွန်ုပ် ရောက်ပြီး မရှေးမနှောင်းမှာပင် ချစ်ထူးနှင့် အာလူး လှည်းတစ်စီးနှင့် ရောက်လာကြသည်။

"ကဲ… ကဲ… လူနာကို လှည်းပေါ်ဖြည်းဖြည်း မ,တင်ကြရအောင်"

ကျွန်ုပ် စကားအဆုံးမှာ မွေးလူနာ မအေးကို ကျွန်ုပ်တို့သုံးယောက် လှည်းပေါ်သို့ အသာမွေ့တင်လိုက်ကြ၏။

ထိုအချိန်မှာတော့ ဒေါ်လုံးတီးတစ်ယောက် အရပ်တကာ လှည့်အတင်းတုပ်သော ဒေါ်လုံးတီး မဟုတ်တော့သည့်အတိုင်း တကယ့်ကိုသနားစရာ။ မျက်စိမျက်နှာပျက်၍ အင်မတန်မှ သူ့တူမ အပေါ်စိုးရိမ်နေပုံရသည်။

"ဒီမှာ ကြီးတော်လုံးတီး"

"ပြောပါ ငတေရယ်၊ ပြောပါ… ကြီးတော်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်နေတယ်၊ ဒီကိစ္စ မင်း ကယ်မှပဲ ချမ်းသာရာရတော့မှာပါကွယ်"

'ကဲပါ... ခုမှ သံဝေဂစကားတွေ ဆိုမနေနဲ့၊ နောက်နောင် သတိထားဖို့က ခုကိစ္စကို သင်ခန်းစာယူပြီး လူတကာအပေါ် အတင်းလိုက်မတုပ်တော့ဖို့ပဲ'

'ကြီးတော် နားလည်ပါပြီ ဧဒေရယ်၊ နောက်နောင် ဆင်ခြင်ပါတော့မယ်'

'ဒါမှပေါ့ဗျာ၊ လူဆိုတာ အမှားသိရင် အမှန်ကိုပြင်တာ မခဲယဉ်းပါဘူး၊ ငှက်ပျောသီးတောင် အခွံသင်စားလို့ ရသေးတာပဲ၊ လူဆိုတာ အမှားရှိရင်လည်း အမှန်ကိုပြုပြင်လို့ရအောင် ကြိုးစားရမယ်၊ ဒါမှ လူ့ဘဝရဲ့ အစစ်အမှန်ကို ရမှာ'

'ဟုတ်ပါပြီကွယ်၊ ကြီးတော် တရားရပါပြီ'

'တရားရပြီဆိုရုံနဲ့ ပါးစပ် ပြောမပြီးနဲ့နော်၊ လူဆိုတာ ပြောနေရုံနဲ့ မပြီးဘူး၊ ပါးစပ်ကတော့ ဘုရား... ဘုရား... လက်ကတော့ ကားယားကားယားဆိုတဲ့ လူတွေ အများကြီးပဲ၊ ကြီးတော်လည်း အဲဒီစာရင်းထဲ မပါဝင်ဖို့ သတိထား'

'အေးပါကွယ်... ကြီးတော် သတိထားပါ့မယ်၊ ကြိုးစားပါ့မယ်'

'ဟုတ်ပြီ... ဒါ အမှန်တရားပဲ၊ နတ်ကြိုက်၊ လူကြိုက်တဲ့ အမှန်တရားဆိုတာ ဒါမျိုးပေါ့'

ကျွန်ုပ်က အပိုင်ရတုန်း အထက်စီးကမို့ စီးစီးပိုင်ပိုင်ကို ပြောပစ်လိုက်သည်။ ဒါမှ ဒေါ်လုံးတီးလို လူစားမျိုးက မှတ်မှာ။ ကျွတ်မှာ။

'အို... အား... အ... ကြီးတော်နဲ့ ဧဒေ၊ စကားပြောလို့ မပြီးကြသေးဘူးလားတော်၊ အား... အ... ဒီမှာ... ကျွန်မ ထွက်ကျ

တော့မယ်တော့၊ မခံနိုင်တော့ဘူး၊ ကွဲထွက်တော့မယ်၊ အား… အ… အ…"

ဒေါ်လုံးတီးတူမ မအေးက လှည်းပေါ်ကနေ လှမ်းအော်လာ၏။ ဒီတော့မှ ဒေါ်လုံးတီးနှင့် ကျွန်ုပ် စကားစပြတ်သွားပြီး…

"ကွဲထွက်လည်း မတတ်နိုင်ဘူး ကြီးတော်၊ ညည်းတို့အဇာ ပြုတုန်းက အဇာပြုပြီး ဘာခုမှ သေမင်းငင်နေရတာတုံး၊ ဟင်း… မပြောလိုက်ချင်ဘူး"

"ကြီးတော်ရာ… ပြောရင်းဆိုရင်း ခက်ပါလား၊ ပါးစပ်က သာ မပြောဘူးဆိုတယ်၊ ကဲ… ကဲ… လှည်းပေါ်တက်ကြတော့၊ အချိန်မရှိဘူး၊ ရွာဆေးခန်းကို အမြန်မောင်း"

ကျွန်ုပ်က ပြောလိုက်သဖြင့် ဒေါ်လုံးတီး ပျာပျာသလဲဖြစ်ပြီး လှည်းပေါ်တက်လိုက်တယ်။

လူမှာ မအေးကို အလယ်မှာထားပြီး ကျွန်ုပ်နှင့် ချစ်ထူးက နောက်ကနေ ထိန်းပေးထား၏။ အာလူးကတော့ လှည်းမောင်းသမား။

"အစ်မအေး တောင့်လည်းတောင့်ထား၊ ရှူလည်း ရှူထားနော်၊ မကြာခင် ရွာဆေးခန်းရောက်တော့မယ်"

ကျွန်ုပ်က အားပေးစကား ဆိုလိုက်၏။

အမှန်က ကျွန်ုပ် အားပေးစကားဆိုနေသော်လည်း မိန်းမသား ဖြစ်သူ မိခင်များအနေနှင့် သားဖွားရသောကိစ္စလောက် ခက်ခဲပြီး အန္တရာယ်များတာမျိုး မရှိ။

လှည်းလမ်းက ကြမ်းသဖြင့် တစ်ခါတစ်ခါ လှည်းဆောင့်လိုက်သည့်အတွက် မအေးခမျာ အသည်းကွဲမတတ်ပင် အော်ရရှာ၏။

'ဒုန်း… ဒုန်း'

'အား… အ… သေ… သေပါပြီတော်၊ သေပါပြီ၊ ကျွန်မကို အသေသာ သတ်လိုက်ကြပါတော့ရှင်'

'အစ်မအေးရှာ၊ မဉီးမချွတ် စကားမပြောစမ်းပါနဲ့ဗျ၊ ဒီမှာ လမ်းကြမ်းလို့ မနည်းသတိထား ထိန်းမောင်းနေရတဲ့ကြားထဲ၊ စိတ်ပိန် တယ်ဗျာ'

လှည်းမောင်းသော အာလူးက စိတ်ပျက်လေသံနှင့် လှမ်းအော် လိုက်ခြင်းဖြစ်သည်။

'ငါ တကွယ် မခံနိုင်တော့လို့ပါတော်၊ ဗိုက်ကွဲထွက်တော့ မလား မသိဘူး'

'ဗိုက်ကွဲတော့ အစ်မအေး မွေးရသက်သာတာပေါ့ဗျာ၊ ပူမနေ စမ်းပါနဲ့၊ ဘယ်လိုပဲမွေးမွေး အစ်မအေး ဘာမှမဖြစ်ဖို့က အရေးကြီး တယ်'

ချစ်ထူးကပါ ဝင်ပြောလိုက်သည်။ ခေါင်းလုံးတီးကတော့ ပါးစပ်က ပွစိပွစိရွတ်ပြီး ငုတ်တုပ်။ မျက်လုံးလေး ပေကလပ် ပေ ကလပ်နှင့် အတော့်ကို သနားစရာကောင်းနေမှာ အမှန်။

'ဒုန်း… ဒုန်း… ဒုန်း…'

'အား… ကွဲ… ကွဲပါပြီတော်'

'ဟယ်… ကလေးမွေးပြီ'

'ဟာ… ဒုက္ခပဲ၊ လှည်းကို မြန်မြန်ရပ်ပါဟ၊ မြန်မြန်ရပ်ပါ၊ ဒီမှာ ကလေးမွေးပြီ'

ကျွန်ုပ်တို့အားလုံး မျက်လုံးမျက်ဆန်ပြူးရပြီး ဘယ်သူမှ

ဘာမျှမလုပ်တတ် မကိုင်တတ်နှင့် ဒုက္ခကို ဖြစ်ကရော။

လှည်းအရှိန်ကလည်း အတော်လေးပြင်းသဖြင့် နဝိုကတည်းက မွေးချင်နေသော မအေးခမျာ ဆေးခန်းအရောက် မစောင့်နိုင်ရှာတော့ဘဲ မွေးလေပြီ။

'ငတေတို့ လုပ်ကြပါဦးဟယ်၊ ကြည့်ကြပါဦးဟယ်၊ ဟူမလေး မွေးပြီ'

'ဟာ… ကြီးတော်လုံးတီးကလည်း ကျုပ်တို့က ဘာလုပ်လို့ ဘာကြည့်တတ်မှာလဲဗျ၊ နေဦး… ဆေးခန်းက သားဖွားဆရာမကို အမြန်ပြေးခေါ်မှ ဖြစ်မယ်၊ သာ… ချစ်ထူး၊ မင်းနဲ့ ငါ ဆေးခန်းသွားမယ်၊ အာလူးက ဒေါ်လုံးတီးနဲ့ အဖော်နေရစ်ခဲ့'

ကျွန်ုပ်နှင့် ချစ်ထူး ပြောပြောဆိုဆို လှည်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီး ရွာသို့ သုတ်တခြေတင်ခဲ့၏။

'မြန်မြန်နော် ငတေ၊ မြန်မြန်လေး'

ဒေါ်လုံးတီးက အဝေးရောက်လာပြီဖြစ်သော ကျွန်ုပ်တို့ကို စိုးရိမ်သံကြီးနှင့် လှမ်းအော်ပြောလိုက်သေး၏။

ကျွန်ုပ်တို့လည်း ပြန်လှည့်ပြေးချိန် မရလိုက်ပါ။ ရွာခြေကိုသာ သုတ်ခြေတင်ခဲ့ရတော့သည်။

❑ ❑ ❑

(ခုနစ်)

## တောနှင့် "ဘော" ရောဂါသည်များ

ကျွန်ုပ် တောတို့အဖွဲ့နှင့်တွေ့မှ လမ်းတစ်ဝက် လှည်းပေါ်၌ ကလေးမွေးရသည်ဆိုသော အဖြစ်အပျက်ကား ရွာတွင် အတော်လေး ရေပန်းစားသွား၏။

အဘယ်မျှ ရေပန်းစားသလဲ မေးလျှင် ရွာရှိ ကိုယ်ဝန်ဆောင် မိခင်များကို တွေ့သည့်လူတိုင်းက…

"ဟဲ့… နင်တို့ မီးမဖွားနိုင်ရင် တောတို့အဖွဲ့ကို အကူအညီ တောင်းလိုက်၊ အင်္ဂလိမာလသုတ် ရွတ်စရာမလိုတော့ဘူး" ဟူသော ပြောစမှတ် တွင်သွားသည့်အထိပင်။

တချို့ ကိုယ်ဝန်ဆောင်မိခင်များ ကျွန်ုပ်တို့ကို တွေ့လျှင် တစ်ချိုးတည်းကို တုပ်ကွတုပ်ကွနှင့် လစ်ပြေးကြသည့်အဆင့်ပင်။ အဲဒီလောက်အထိ ပြောစမှတ်တွင်သွားခဲ့တာ။

ထားတော့။

ခုလည်း ရွာတွင် သာရေးနာရေးမှအစပြု၍ ရပ်ရေးရွာရေးတို့ ၌ ရှေ့ဆုံးမှ ဦးဆောင်ဦးရွက်ပြုလေ့ရှိသော ဦးဝေငြိမ်းအောင်နှင့်

ဦးမာန်တို့က ရွာဆွမ်းလောင်းဓမ္မာရုံသို့ လာရောက်ရန် လူလွှတ်ခေါ်ခိုင်း လိုက်သဖြင့် ကျွန်ုပ်တို့ သုံးဦးသွားရပေဦးမည်။

သားဖွားရန်ကိစ္စတော့ ဟုတ်မည်မထင်။

တစ်ရွာလုံးရှိ ကိုယ်ဝန်ဆောင်မိခင်သည်များ အထက်ပါကိစ္စ ဖြစ်ပေါ်သွားပြီးကတည်းက ကျွန်ုပ်တို့အား မစားကောင်းသည့် သစ်သီးတစ်လုံးနှယ် စွန့်ပယ်ထားကြသည် မဟုတ်လား။ ထို့ကြောင့် ထိုကိစ္စမဟုတ်တာတော့ သေချာသည်။ သို့သော် ယတိပြတ်တွက်၍ တော့ မရသေး။ ပိုရောက်မှ ကိစ္စအဖြေမှန်ကို သိရလိမ့်မည်။ ဒီလိုနှင့် ကျွန်ုပ်တို့သုံးဦး ရွာလယ်ဓမ္မာရုံရှိရာသို့ နာရီမဆိုင်း ရောက်သွားကြ၏။

'ဟာ… တေတို့ပါလား၊ လာဟေ့… မင်းတို့လာတာနဲ့ အတော်ပဲကွာ'

ရောက်ရောက်ချင်း မထိုင်ရသေးခင်မှာပဲ ဦးဝေငြိမ်းအောင်က ထုံးစံအတိုင်း ကွမ်းတမြုံ့မြုံ့ဝါးနေလျက်မှ ပြောလာခြင်းဖြစ်သည်။

'ကျုပ်တို့ ဒီအချိန်း ထပြီးနားထောင်ရမှာလား၊ ထိုင်ပြီးမှ နားထောင်ရမှာလား'

ကျွန်ုပ် တမင်ရွှဲပြောလိုက်မှန်း သိသဖြင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန်တို့ ပျာပျာသလဲ ဖြစ်သွားကြသည်။ ဦးမာန်က…

'ဟာ… ထိုင်ပြီးမှ နားထောင်ပါ တေရယ်၊ အေးအေးဆေး ဆေးပေါ့'

'သိဘူးလေဗျာ၊ ခင်ဗျားတို့နှစ်ယောက် ဒီဓမ္မာရုံမှာ လူကြီး တွေဆိုတော့ ကြောက်ရတယ်လေဗျာ၊ တော်ကြာ တင်းပုတ်တို့၊ ဝါး ရင်းတုတ်တို့ပါလာရင် အခက်။

'မင်းကလည်း အကြောင်းသိပြီး မခနဲ့စမ်းပါနဲ့ကွာ၊ ဒီနေရာကို အလွယ်တကူရခဲ့တာ မဟုတ်ဘူး၊ တစ်ရွာလုံးက ရပ်ရေးရွာရေး အကျိုးကို ဆောင်ရွက်ဖို့ အများသဘောနဲ့ မှတ်ပုံတင်ပေးထားတာ မောင်၊ ငါတို့က အများအကျိုးကို ဘယ်လောက်ဆောင်ရွက်တယ်၊ အကျိုးစွန့်တယ်ဆိုတာ မင်း သိပါတယ် ဇေဝရာ'

ကျွန်ုပ် စကားကြောင့် ဦးဝေငြိမ်းမောင်က မခံချိမခံသာပုံစံမျိုးနှင့် ပြောလာ၏။

'ဒီကိစ္စ ထားပါလေ၊ ကဲ… ကျုပ်တို့သုံးယောက်ကို လူလွှတ်ပြီး ခေါ်နိုင်းတဲ့ကိစ္စသာပြော၊ ကျုပ်တို့ ခင်ဗျားတို့အကျိုးအတွက်၊ အဲ… အများအကျိုးအတွက် ဘာလုပ်ပေးရမလဲ ပြော၊ ရပ်ကွက်ရန်ပုံငွေရအောင် စိုင်းစိုင်းခမ်းလှိုင်တို့အဖွဲ့ မြို့ပေါ်တက်ငှားပေးရမလား၊ တင်မိုးလွင် မော်ဒယ်အဖွဲ့ ငှားပေးရမလား၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ငှားပေးရမလား၊ ဒါမှမဟုတ် စာပေဟောပြောပွဲလုပ်ဖို့ ဆရာ့ကို ရွှေတောသားတို့အဖွဲ့ ဖိတ်ကြားပေးရမလား၊ ပြော'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်ပြီး သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။ ပြီးမှ ဦးမာန်က…

'အဲဒါတွေ တစ်ခုမှမဟုတ်ဘူး'

'ဒါဆို ဘာကိစ္စလဲ၊ ပြောမယ့်သာ အချိန်နက္ခတ်တွေ စောင့်ဖို့ လိုသေးလား'

'မင်း တစ်ယောက်နဲ့တော့ ခက်တယ် ဇေဝ'

ဦးဝေငြိမ်းအောင်က ဝင်ပြောလိုက်ပြန်၏။

'ဒီမှာ လူတွေပြောပြောနေတဲ့ ခက်တယ်ဆိုတဲ့ကိစ္စဟာ သိရင် အလွယ်ဆုံးပါပဲ'

'ဟ… ဒါတော့ မင်းပြောမှလား တောရ၊ ပြောရင်းဆိုရင်း မင်းကတော့ လက်ပေါက်ကပ်ပြီကွာ'

ဦးဝေငြိမ်းအောင်က ညည်းတွားသလို ပုံစံမျိုး ပြောလိုက်၏။ တစ်ချိန်လုံး ချစ်ထူးနှင့် အာလူးကတော့ နားထောင်သမား ဖြစ်ကြသည်။ ဘာမျှဝင်မပြောကြ။

'ဒါဆိုလည်း လိုရင်းကိစ္စသာ မြန်မြန်ပြောဗျာ၊ ဒီထက် အရေးကြီးတာတွေ လုပ်ဖို့ရှိသေးတယ်'

'ကိုင်း… ဟုတ်ပြီလေ၊ မင်းက ဒီရွာကို ပြန်ရောက်ခါစဆို တော့ ဟိုတုန်းကလိုပဲ ရပ်ရေးရွာရေး လူမှုရေးကိစ္စတွေအတွက် အကူ အညီတောင်းရမှာပဲ၊ မင်းမရှိတဲ့နောက် လူတွေ ပြောင်းလဲလာပေမယ့် ရပ်ရေးရွာရေး လူမှုရေးကိစ္စတွေကတော့ ဘာမှမပြောင်းလဲသေးဘူး'

ပြောပြီး စကားစဖြတ်ကာ ကျွန်ုပ်ကို အကဲခတ်သလို လှမ်း ကြည့်လိုက်၏။ ပြီးမှ ဆက်ပြော၏။

'ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ မနက်ဖြန် တို့ ဒီ မြောက်ရုံမှာ အလှူခံဖွင့်ရမယ်၊ ဒီတော့ တို့ရွာမှာ လူငယ်ကလည်း လူငယ်၊ ကလည်း ရှိတော့ မင်းကိုပဲ အားကိုးရမှာ'

ဦးဝေငြိမ်းအောင် စကားကြောင့် ကျွန်ုပ် မျက်လုံးပြူးသွား ရင်း…

'နေစမ်းပါဦး၊ ခင်ဗျားတို့ ပြောသလို ရှိမှ ဒီအလုပ်က ဖြစ်မှာဆိုတော့ မေးပြတိုက်ပြီး အလှူခံနိုင်းမလို့လား၊ ကြည့်လုပ်ကြ

စမ်းပါဦးဗျာ၊ ကျုပ် ဒီတစ်ခေါက် ရွာပြန်လာတာ လူမိုက်လုပ်ဖို့မဟုတ်ဘူးဗျ'

'ဟာ… တို့က ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး ငတေရ၊ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲတာကို ပြောတာပါကွ'

'အဲဒီ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲတာကြီးကိုက လူမိုက်စာရင်းဝင်နေတာ မဟုတ်လား'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် အခက်တွေ့သွားပြီး ခေါင်းကုတ်ရမလို၊ ဖင်ကုတ်ရမလို ဖြစ်သွားကြ၏။ ပြီးမှ ဦးမာန်က…

'မင်းကတော့ ပြောရင်း ရှုပ်ကုန်ပြီ၊ ကဲ… မင်းကို ရှင်းအောင်တို့ပြောမယ်၊ အဲဒီ အလှူခံမဏ္ဍပ်မှာ အလှူခံပေးဖို့ ပြောတာဟေ့၊ သိပြီလား'

'ဒါဆိုရင် ခင်ဗျားတို့က ဘယ်သွားကြမှာလဲ၊ ကြက်ပိုင်းလား၊ အရက်ပိုင်းလား'

'ဟာ… ဒီငတေတော့ကွာ၊ ငါတို့ လူကြီးတွေကို မဦးမချွတ်စကားပြောတော့မယ်၊ တို့လည်း မင်းနဲ့အတူ ရှိနေမှာပါကွ'

ဦးဝေငြိမ်းအောင်က လည်ပင်းကြောကြီးများ ထောင်လာပြီး အော်ပြောလိုက်၏။ ဒီလို အော်ပြောတော့ တစ်ရွာလုံးကြားပြီး သာ၍ကောင်းပါသေး၏။

'ဟို… ဦးဝေငြိမ်းအောင်နဲ့ ဦးမာန်၊ ငတေနဲ့ ကျုပ်တို့နှစ်ယောက်လည်း ပါမယ်လေ'

တစ်ချိန်လုံး ငြိမ်ကုပ်နေသော ချစ်ထူးက ထပြောလိုက်ခြင်းဖြစ်၏။

'မင်းတို့ တကယ်ပါချင်တာလား'

ဦးမာန်အမေးကို ချစ်ထူးကပင်…

'တကယ်ပါချင်တာပေါ့ဗျ'

'ပါချင်ရင် ကိုယ့်အိမ်ကိုယ်ပြန်ပြီးဝါ၊ ဘယ့်နှယ် ဒီက ငဓော ကို နိုင်းတဲ့ကိစ္စ၊ မင်းတို့က ဘာကြောင့် ဖိုးပါချင် ဖြစ်ချင်ရတာလဲ'

'ကျုပ်တို့က တစ်တွဲတည်း သူငယ်ချင်းတွေလေ၊ ဒီလို လူ့ခွဲ ပြီးထားတာတော့ မကောင်းဘူးဗျာ'

ချစ်ထူးက အည့်မခံ ပြောလိုက်ခြင်းဖြစ်၏။ အာလူးကပါ…

'ဟုတ်တယ်၊ ကျုပ်တို့မပါရရင် ကျုပ်တို့သူငယ်ချင်းတစ် ယောက်တည်း ခွင့်မပြုနိုင်ဘူး'

'ကဲ… ကျုပ်သူငယ်ချင်းနှစ်ယောက်ကတော့ ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲနော်၊ သူတို့လည်း လူငယ်တွေပဲ၊ ရပ်ရေးရွာရေးကိစ္စ ကို အခုလို တက်တက်ကြွကြွ ပါဝင်စိတ်ဝင်စားတာ ဝမ်းသာကြိုဆို ရမယ့်အစား ခင်ဗျားတို့က ဘယ့်နှယ်ကြောင့် သူတို့စိတ်တွေကို ရိုက် ချိုးချင်ရတာလဲ'

ကျွန်ုပ် စကားကြောင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် တစ် ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီး မတတ်သာ သည့်အဆုံးမှာတော့ ဦးမာန်က…

'ကောင်းပြီလေ၊ ဒါပေမဲ့ ငါတို့ သတ်မှတ်ထားတဲ့ စည်းကမ်း အတိုင်း လိုက်နာရလိမ့်မယ်'

'ဒါကတော့ ခင်ဗျားတို့ပြောမှ မဟုတ်ဘူး၊ ကျုပ်တို့ ထမင်း စားကဲ့ လူတွေပါဗျ၊ အမြီးမပေါက်ပါဘူး'

ချစ်ထူးက ပြောလိုက်သည်။ ဦးဝေငြိမ်းအောင်က…

'ဟုတ်ပြီ… ဒါဆို တစ်အချက် အလှူခံမဏ္ဍပ်က အသံချဲ့စက်ကို အားအားရှိ လက်ကမြင်းကြောထထပြီး မကာလိရဘူး၊ နှစ်အချက် အလှူခံရတဲ့ငွေကို မိမိကိုယ်ကျိုးအတွက် အသုံးမချရဘူး၊ သုံးအချက် အလှူခံမဏ္ဍပ်ရှိတဲ့ ဓမ္မာရုံရှေ့က မိန်းကလေးတွေဖြတ်သွားတိုင်း ငမ်းကြောမထရဘူး၊ လေးအချက် အလှူရှင် သဒ္ဓါတရားပျက်မယ့် အပြုအမူ၊ အပြောအဆိုမျိုး ရှောင်ရမယ်၊ ငါးအချက် အလှူခံနေစဉ်အတွင်းမှာ သရုပ်ပျက်အဝတ်အစားမျိုး မဝတ်ရဘူး၊ ခြောက်အချက် တကယ့်လူကြီးလူကောင်းပုံစံမျိုး တည်တည်ငြိမ်ငြိမ် နေရမယ်၊ ခုနစ်အချက် အလှူငွေထဲက လက်ဖက်ရည်ယူသောက်တာတို့၊ ခေါက်ဆွဲချေးငှားတာတို့ ရှောင်ရမယ်၊ ရှစ်အချက်…'

'ဟာ… ခင်ဗျား စည်းကမ်းချက်တွေကလည်း တစ်ဝါဆိုတော့မယ်၊ ပြီး မပြီးနိုင်တော့ဘူးဗျာ'

ချစ်ထူးက စိတ်မရှည်စွာ ဝင်ပြောလိုက်ခြင်း ဖြစ်၏။

'ဟုတ်ပါ့ဗျာ၊ ကိုရီးယားကား ပြတဲ့အတိုင်းပဲ၊ အဲဒီစည်းကမ်းတွေ ဘယ်သူထုတ်တာလဲ'

'ငါနဲ့ ကိုမာန် ထုတ်တာ၊ ဘာလဲ မင်းတို့က မကျေနပ်လို့လား'

အာလူး၏အမေးကို ဦးဝေငြိမ်းအောင် လည်ပင်းကြောကြီးများထောင်ပြီး ပြောလိုက်ခြင်းပင်။

'အင်း… ရပ်ရွာအတွက်ဆိုတော့ မကျေနပ်လည်း ကျေနပ်ရမှာပဲလေ'

'တောက်… ငါတော့ကွာ'

ဦးဝေငြိမ်းအောင် အာလူးစကားကို မကျေမနပ်ပုံစံမျိုး ဖြစ်သွား၏။ ကျွန်ုပ်က…

'ကဲ… ဦးဝေငြိမ်းအောင်၊ ခင်ဗျား ဒေါသထွက်လည်း ဘယ်သူမှ ခင်ဗျားကို 'နိုဘယ်ဆု' လာမပေးဘူး၊ ခင်ဗျားတို့က ဦးဆောင်ဦးရွက်ပြုတဲ့ လူကြီးတွေလုပ်ပြီး ဒေါသရှေ့ထားတော့ တကယ်ပင်ပန်းရမယ့် လူငယ်တွေအဖို့ ကျေနပ်နိုင်မလား၊ စဉ်းစားသာကြည့်'

ကျွန်ုပ် ဝင်ဖြန်ပေးလိုက်သည့်စကားကြောင့် ဦးဝေငြိမ်းအောင်တစ်ယောက် ရှူးရှူးရှဲရှဲ ၄င်း၏ဒေါသများကို ပြန်ရုပ်သိမ်းသွားတော့၏။ ကျွန်ုပ်က ဆက်၍…

'ဒါနဲ့ နေစမ်းပါဦး၊ ကျုပ်တို့ အလှူခံကြတာတော့ ဟုတ်ပါပြီ၊ ဘာအတွက် အလှူခံတယ်ဆိုတာလဲ ပြောပါဦးဗျ'

ကျွန်ုပ်၏ ရုတ်တရက် အမေးကြောင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် မဖြေနိုင်ဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

မသိလျှင် သမီးရည်းစား ချစ်သူများ တစ်ယောက်မျက်နှာ တစ်ယောက် အငမ်းမရ ကြည့်သလိုမျိုး။ ပြီးမှ…

'အဟဲ… တခြားအတွက်တော့ မဟုတ်ဘူး ငတေ၊ ဒီနှစ်တို့ဘုရားပွဲမှာ ငါတို့ လူကြီးအသင်းနဲ့ မင်းတို့လူငယ်အသင်း ဘောလုံးကန်ဖို့'

'ဘာ…'

'ဘာ' ဆိုသော ကျွန်ုပ်၏အသံကြီးက ဓမ္မာရုံတစ်ခုလုံးကို ပွင့်ထွက်သွားစေ၏။

'ဟုတ်တယ် ငတေ၊ ကိုငြိမ်းဝေအောင်နဲ့ပါ အဲဒီကိစ္စကို တိုင်ပင်ပြီးမှ လုပ်တာ၊ ဒါမှလည်း ဒီနှစ် ရွာဘုရားပွဲမှာ ထူးထူးခြားခြား လေးဖြစ်ပြီး စည်ကားသွားမှာလေ၊ ပြီးတော့ ကမ္ဘာနဲ့အဝှမ်းမှာ ဒီလို ဘောလုံးပွဲတွေ ကျင်းပနေကြတာဆိုတော့၊ တို့ရွာသူရွာသားတွေလည်း ကမ္ဘာကို ရင်ပေါင်တန်းနိုင်အောင်…'

'တော်… တော်ပါတော့ဗျာ၊ တန်ရာတန်ရာ မှန်းကြစမ်းပါ ဦး၊ ဘယ့်နှယ် ဝက်ခြောက်က ပလ္လင်ပေါ် မှန်းချင်လို့ ရမလား၊ ခင်ဗျား တို့ ဦးနှောက်ကထွက်တဲ့ အလုပ်က 'မျောက်ပြ ဆန်တောင်း'သလို ဖြစ်နေပြီဗျ'

'ဟာ… ဘုရားကို မျောက်နဲ့နှိုင်းဝံ့တာ မင်းတစ်ယောက်ပဲ ရှိတယ်၊ မိုးလေဝသ ဖောက်ပြန်ရတဲ့အထဲ မိုးကြိုးတော့ ပွတ်တော့မှာ ပဲ'

ဦးမာန်က တကယ့်ကြောက်ရွံ့သွားသည့် ပုံမျိုး ပြောလိုက်၏။ ဦးဝေငြိမ်းအောင်ဆိုလျှင် မျက်စိမျက်နှာပျက်ပြီး…

'ငတေနဲ့ အတူနေရင် တို့တော့ စက်ကွင်းလွတ်မှာ မဟုတ် ဘူး၊ ဒီနှစ် သိကြားမင်းက လက်မှာ မီးတုတ်ကိုင်ပြီး ဆင်းကာဆိုတော့ ငါတို့တော့ မင်းနဲ့ ရောမပါနိုင်ဘူး'

'တော်စမ်းပါဗျာ၊ ပြောတော့ ဘုရား ဘုရား လက်ကတော့ ကားယားကားယားဆိုတာ ခင်ဗျားတို့လိုလူတွေ၊ ဒီမှာ ခင်ဗျားတို့ မသေ အချင်း မှတ်ထား၊ ဖြစ်တော်ပေါင်းဘဝထဲမှာ ဘုရားလောင်းမျောက် မင်းတို့၊ ဒေါင်းမင်းတို့၊ ယုန်မင်းတို့ဆိုတာတွေ ခင်ဗျားတို့ ငယ်ငယ်တုန်း က ကျောင်းစာထဲမှာ မသင်ဖူးဘူးလား'

'အိ…'

'အ…'

ကျွန်ုပ် အချက်ကျကျ တွယ်လိုက်သည့်စကားကြောင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် ပါးစပ်ကိုယ်စီ ပိတ်သွားကြသည်။ ဘာမျှပြန်မပြောနိုင်ကြ။ ခွေးအကြီးလည်ပင်း လှည်းတက်ကြိတ်ခံလိုက်ရသည့်ပုံစံမျိုး။ ပြီးမှ ဦးဝေငြိမ်းအောင်က…

'ဒါကတော့ကွာ'

'ဒါကတော့ကွာတွေ လုပ်မနေနဲ့၊ ကဲ… ခင်ဗျားတို့ အစီအစဉ်ကို ကျုပ် ကန့်ကွက်တယ်'

'ဘာ…'

'ဟာ…'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်သွားကြတော့သည်။

'ဟုတ်တယ်၊ ဇော်ပြောတာ အမှန်ပဲ၊ ကျုပ်တို့လည်း ဒီကိစ္စရှေ့ဆုံးကကန့်ကွက်မဲ့ ထည့်တယ်'

ချစ်ထူးကပါ ဝင်ပြောလိုက်ခြင်း ဖြစ်၏။ အာလူးကလည်း လက်သီးလက်မောင်းတန်း၍…

'ကျုပ်လည်း သူတို့လေသံအတိုင်းပဲဗျ၊ လုံးဝကန့်ကွက်တယ်'

'ဘာ… ဘာ့ဖြစ်လို့လဲကွာ'

ဦးဝေငြိမ်းအောင်က အံ့ညသံကြီး ဗလုံးဗထွေးနှင့် ပြောလာခြင်းဖြစ်သည်။ ဦးမာန်က…

'ဟုတ်ပါ့ကွာ၊ ဒီကိစ္စ တစ်ရွာလုံးအတွက် အကျိုးပဲဥစ္စာ၊

တစ်ချိန် ဂျွဲ့ရွာအနာဂတ်မှာ ကမ္ဘာကိုလွှမ်းမယ့် အားကစားမျိုးဆက်သစ်တွေ ထွက်မလာနိုင်ဘူး ဘယ်သူ အတပ်ပြောနိုင်မလဲ၊ ပြီးတော့ ကမ္ဘာ့ဖလားကို ဂျွဲ့ရွာသားမျိုးဆက်သစ်တစ်ယောက်ယောက် မရနိုင်ဘူး မင်းပြောရဲလား'

'တော်စမ်းဗျာ… အပိုတွေ၊ ဒီမှာ ခင်ဗျား အလုပ်မရှိ အကိုင်မရှိတိုင်း ကျုပ်တို့ လူငယ်တွေ ဆွဲမထည့်စမ်းပါနဲ့၊ ကိုယ်ကဲချင်ရင် ကဲချင်တယ် ဝန်ခံစမ်းပါ၊ ခင်ဗျားတို့မက်တဲ့ ကမ္ဘာ့ဖလားမပြောနဲ့၊ ခင်ဗျားတို့ ဦးနှောက်ကို မှိုခိုမှ ဒန်ဖလားစုတ်တောင် မရနိုင်ဘူး မှတ်'

'ဒီမှာ ငတေ၊ ငါတို့ကို အသက်ကြီးတယ်ဆိုပြီး အညွန့်ကျိုးစကား မပြောပါနဲ့ကွ'

'မင်းတို့အပေါ် ပိုးစိုးပက်စက် အထင်သေးတယ်ကွာ'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် အလွန်မခံမရပ်နိုင်ဖြစ်ကာ ပေါက်ကွဲတော့သည်။

ပေါက်ကွဲလည်း မတတ်နိုင်။ သူတို့စီစဉ်တာကိုက မဟုတ်။

တစ်ရွာလုံး ဝိုင်းရိုက်ကြမည့်အလုပ်မျိုး။ ဘယ့်နှယ် ကိုယ်ဘောလုံးကန်ဖို့အတွက် ရပ်ရွာသူ ရပ်ရွာသားတွေဆီက ကျောက်ခဲရေညှစ်တဲ့အလုပ်မျိုး လုပ်ရဦးမည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ကျွန်ုပ် လုံးဝသဘောမတူပါ။

'ငတေ'

'ဘာတုံးဗျ'

ဦးဝေငြိမ်းအောင် တွန့်သွားသည်။ စကားရှေ့ဆက်ဖို့အတွက်

အတော်လေး အားယူနေရပုံ။

'ငါ… ငါတို့ကို သ… သနားပါကွာ'

'ဘာဗျ'

မထင်မှတ်သော စကားကြောင့် ကျွန်ုပ် မျက်လုံးပြူးသွားရသည်။ ချစ်ထူးနှင့် အာလူးလည်း ကျွန်ုပ်နည်းတူပင်။

'သ… သနားပါကွာ၊ ငါတို့ ဘောလုံးကန်ချင်လွန်းလို့ပါကွာ'

'ဘောလုံးကန်ချင်ရင် ကိုယ့်ဟာကိုယ်ကန်ပေါ့ဗျ'

'အဲ…'

'အု…'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် ပါးစပ်ထဲ ကောက်ရိုးထိုး ဆို့ပိတ်ခံလိုက်ရသလို ဖြစ်သွားကြသည်။

'နေစမ်းပါဦး… ခင်ဗျားတို့အရွယ်နဲ့ ဘောလုံးကန်ချင်ရ အောင် ကိုယ့်ရုပ်ကိုယ် ရေထဲပြန်ကြည့်စမ်းပါဦး'

'မှန်ထဲ လုပ်စမ်းပါကွာ'

ဦးဝေငြိမ်းအောင်က ပြန်ပြော၏။

'မှန်ထဲကြည့်ရအောင် ဒီမြွှာရုံမှာ မှန်ရှိလို့လား၊ ပြောစမ်းပါဦး၊ အိမ်ပြန်ကြည့်ရင် ကြာဦးမယ်၊ ဒါကြောင့် အလွယ်တကူ သိနိုင်အောင် မြွှာရုံရှေ့က ရေအိုးထဲကို သွားကြည့်နိုင်းတာ'

'အသက်ကြီးပေမယ့် တံမြက်စည်းတော့ နိုင်ပါသေးတယ်ကွာ'

'ဟုတ်ပါတယ်ကွာ၊ တို့မသေခင်လေး ဘောလုံးကန်ဖူးသွားချင်လို့ပါ'

ဦးဝေငြိမ်းအောင် စကားကို ဦးမာန်က ထပ်ပြီးကွန့်လိုက်ခြင်း ဖြစ်သည်။

'ဩော်… ဒုက္ခ၊ ဘယ့်နှယ်ဟာပါလိမ့်၊ တခြားသူတွေက မသေခင်လေး ဒါနပြုနိုင်ဖို့ ကြိုးစားကြတယ်၊ သူတို့ကျမှပဲ ဘောလုံးကန်ဖူးချင်လို့ ကြိုးစားကြသတဲ့၊ လောကကြီးက ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး၊ ကဲပါ… ဒီလောက် ခင်ဗျားတို့ ကန်ချင်နေမှတော့ ကိုယ့်ဟာကိုယ် ကန်ကြပေါ့ဗျာ'

'ညင်… မင်း… မင်း တကယ်ပြောတာလား ဇော'

ဦးဝေငြိမ်းအောင် ဝမ်းပန်းတသာ ဖြစ်သွားပုံမှာ စကားပင် မပီရှာတော့။ 'ဟင်'ကို 'ညင်'တောင် ဖြစ်သွားရသည်။

ဦးမာန်လည်း ဘာထူးမှာတဲ့နည်း။

'ညာ… မင်း… မင်း ဒယ်ပြောတာနော် ဇော'

သူ့ခမျာလည်း 'ဟာ'ကို 'ညာ'ဖြစ်သွားရရှာပြီ။ ဩော်… ဒုက္ခ… ဒုက္ခ။ ဘောဒုက္ခက မသေးပါလားနော်။ (တစ်မျိုးတွေးရန် မသင့်)။

'တဒယ်ကြောတာဂျ၊ တဒယ်ကြောတာ'

ကျွန်ုပ်က တမင်တကာ ရွဲ့ပြီးပြောလိုက်ခြင်း ဖြစ်၏။

□ □ □

## (ရှစ်)
## ထောနှင့် "အသောက"တို့

တကယ်တမ်း ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့ရွာသူရွာသားတွေအား အလှူအတန်းနှင့် ပတ်သက်သောကိစ္စမှာ သဒ္ဓါတရား ခေါင်းပါးကြသူများ မဟုတ်။

ကျွန်ုပ်တို့ ရွာလယ်မဏ္ဍပ်တွင် အလှူခံဖွင့်လိုက်ချိန်ကတည်းက ကလေး၊ လူကြီး၊ မိန်းမပါမကျန် တစ်ရာ၊ နှစ်ရာ သဒ္ဓါထားပြီး လာရောက်လှူဒါန်းကြသည်မှာ တကယ့်ကို အံ့ဩစရာ။ နောက်ဆုံး ရွာထဲက ခွေးလေခွေးလွင့်များပါမကျန် မဏ္ဍပ်ရှေ့ ရစ်သီရစ်သီလုပ်ပြီး အသံနှင့် အလှူပေးရှာ၏။ ဒါတောင် အားမရ၍ထင့်။ မဏ္ဍပ်ရှေ့တည့်တည့် သေးနှင့်တောင် ပန်းသွားကြသေး၏။

"တစ်ကျပ်တစ်ပြား အမြတ်ထားပြီး လာရောက်လှူဒါန်းကြသည်မှာ. ပုရွက်ဆိတ်အုံ သေးနဲ့ပန်းသလိုပါပဲ ခင်ဗျ၊ ဒါနဆိုတာ ကျောက်ခဲနဲ့ တူပါတယ်၊ ကျောက်ခဲဆိုတာ လမ်းခင်းလို့ရပါတယ်၊ လမ်းဆိုတာလည်း လျှောက်လို့ရပါတယ်၊ ဒါကြောင့် ဒါနကျောက်ခဲ

လမ်းခင်းပြီး လျှောက်ချင်တဲ့သူများကျတော့ သူတို့ ချွေးနည်းစာများ ထဲက ဘောရောဂါ ဝေဒနာရှင်တွေအတွက် အခုလို လှူဒါန်းသွားကြ ခြင်းပဲ ဖြစ်ပါတယ်'

ကျွန်ုပ် တစ်မနက်လုံး အသံချဲ့စက် မိုက်ကရိုဖုန်းကို ပါးစပ် က မချစတမ်း အော်နေရသည်မှာ ဘောသမားထက် ဆိုးသော လိပ် ခေါင်းရောဂါပင် ရနိုင်သည်။ ရေကို ဂါလန်ပုံးလိုက် ဘေးတွင်ချပြီး ပြောပေါလိုက်၊ တဝေါဝေါသောက်လိုက် လုပ်နေရ၏။

'ဟော… ခု ငွေရှာ၊ အဲ… ကြော်ငြာနေစဉ်အတွင်းမှာပဲ 'ရောသမန္တ' ထန်းရည်ဆိုင်က မောင်တည်တဲ့က ဘောရောဂါဝေဒနာ ရှင်များအတွက် အလှူငွေ ၂၀၀ ကျပ်တိတိကို တစ်ကျပ်တောင်မပို ဘဲ ထည့်လာပါတယ် ခင်ဗျ'

'အခုလို လှူဒါန်းရတဲ့ ဒါနအတွက် ထန်းရည်ထဲ ဆန်ဆေး ရည်များများရောနိုင်ပါစေ ခင်ဗျား၊ ဟော… ဟိုမှာလည်း တစ်ယောက် လှူပြန်တယ် ခင်ဗျ၊ ၁၀၀ ကျပ် လှူတာပါတဲ့ ခင်ဗျ၊ အင်မတန်မှ မွန်မြတ်တဲ့ စေတနာ သဒ္ဒါတရားပါ ခင်ဗျ၊ အလှူရှင်အမည်ကတော့ ဓာဘော်လီ အထူးအော်ဒါချုပ်တဲ့ ဒေါ်မချူဝေပါ ခင်ဗျ၊ အခုလို လှူဒါန်းရတဲ့ ကုသိုလ်ဒါနကြောင့် ဆန်ကောချပ်လောက် ဓာဘော်လီ ကြီးများအထိ အော်ဒါချုပ်နိုင်ပါစေ ခင်ဗျ'

'အင်း… ဒါနဆိုတာ ဆွဲသလောက် ရှည်၊ မှုတ်သလောက် ကြီးတဲ့ အဲ… လေပူဖောင်းနဲ့တူပါတယ် ခင်ဗျ၊ တူပါတယ်'

'ဒါကြောင့် ရှေးက နိဗ္ဗာန်ဆော် ဆရာ့ဆရာကြီးများ ဟော ပြောလေ့ရှိတာ၊ ဘာတဲ့… အိမ်အပြန် ဆီဆားမပါရင် အိမ်ရှင်မနဲ့

တွေ့မယ်၊ ဒါနဲ့ သီလမပါရင် ငရဲနဲ့တွေ့မယ်တဲ့ ခင်ဗျ၊ အင်မတန်မှ မှတ်သားစရာကောင်းတဲ့ တရားပါပဲ"

"အဲ… တစ်ယောက် လှူပြန်ပြီ၊ လှူပြန်ပြီ၊ ရှေ့က ပါးစပ်ထဲ ထည့်လိုက်ပါ၊ အဲ့… အဲ… ငွေကလပ်ထဲ ထည့်လိုက်ပါ ခင်ဗျ ဟော… ဟော… ပိုက်ဆံမရှိသေးလို့ စာရွက်လေးနဲ့ရေးပြီးတော့ပဲ လှူထားပါရစေဦးတဲ့ ခင်ဗျ၊ အခု လှူဒါန်းတဲ့သူက မုဆိုးဖို၊ တစ်ခုလပ် ဦးမြင့်မြတ်ဖြူစင်ပါ၊ သူကတော့ ဗိန္ဓောဆေးဆရာလည်း ဆေးဆရာ၊ မသာအခေါင်းစပ်လုပ်ငန်းလည်း လုပ်ပါတယ် ခင်ဗျ၊ တစ်လောလေးက သူ ဆေးကုထားတဲ့ ရွာအရှေ့ဖျားက အနှိပ်သည် ဦးအေးချမ်းဟန်ကြီး ကိစ္စတုံးမှ အခေါင်းစပ်ပြီး ရတဲ့ငွေနဲ့ လှူပါ့မယ်တဲ့ ခင်ဗျ ကဲ… ကဲ… လောလောဆယ် သူ ငွေလိုတယ်ဆိုရင် အလှူငွေထဲက ပဲ ငါးရာလောက် ပြန်ချေးလိုက်ပါ၊ အင်း… အခုလို စာရွက်ပေါ် ငွေတန်ဖိုးရေးပြီး လှူဒါန်းတဲ့စေတနာကြောင့် ဆေးများများကုနိုင်ပါစေ၊ ကုပြီးတဲ့လူတိုင်းအတွက်လည်း အခေါင်းများများ စပ်နိုင်ပါစေ"

ကျွန်ုပ်က မိုက်ကို ခဏနားပြီး ရေဂါလန်ပုံးလိုက် မော့၍ "တဂွပ်ဂွပ် သောက်ချလိုက်ပြန်၏။

ထိုအချိန်မှာ ချစ်ထူးနှင့် အာလူး စာရင်းမှတ် အလုပ်ရှုပ်နေသလောက် ဦးဝေငြိမ်းအောင်နှင့် ဦးမာန်ချောမှာတော့ မျှော့ရုံအတွင်း၌ ခုနစ်ရက်ထားသည့် မသာကောင်များလို ပက်လက်ဆန့်ဆန့်ကြီး ဟောက်သံပေး၍ အိပ်နေကြ၏။

ကျွန်ုပ် ဆက်၍ မိုက်ကို ပါးစပ်နား တေ့လိုက်ပြန်သည်။

"ဟော… လာနေပြီ ခင်ဗျ၊ လာနေပြီ၊ ဒေါ်သက်ရီ-မဟုတ်

ရွာအနောက်ပိုင်းက ကောက်ညှင်းထုပ်သည် ဒေါ်လမင်းပါ ခင်ဗျ၊ အဲ… ၁၀၀ ကျပ်တောင် လှူပါတယ်တဲ့ ခင်ဗျ၊ အခုလို လှူဒါန်းရတဲ့အတွက် ကောက်ညှင်းထုပ်ထဲ ဆန်ကြမ်းများများ ရောနိုင်ပါစေ'

'ဟုတ်ကဲ့… တစ်မနက်လုံး လာရောက်လှူဒါန်းလိုက်ကြသည်မှာ ဒလဆိပ်ကမ်းက ၂၀ လက်မှတ်ပေါက်လိုပါပဲ ခင်ဗျ'

'ဟုတ်ကဲ့ ခင်ဗျ၊ မရိုးတဲ့မျိုးစေ့ဒါနကို ကြချလိုက်တော့ နေ့စပါးအဖျင်းလိုပါပဲ၊ အဲ… အခင်းလိုပါပဲ ခင်ဗျ၊ ဒါကြောင့်မို့ နေပူမှ ဓောင်းမြဲ၊ မိုးရွာမှ ရေချိုး၊ ဆောင်းရောက်မှ ရေငုပ်သလို မဖြစ်ရအောင် ဘောရောဂါဝေဒနာရှင်များအတွက် ကမ္ဘာ့ဖလားအကျိုးမျှော်၊ နိုးဆော်ရခြင်းပဲ ဖြစ်ပါတယ်'

'ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော်မှိုး ဓေဝ ကြေညာနေစဉ်အတွင်းမှာပဲ အလှူရှင်တစ်ဦး ပေါ်လာပြန်ပါတယ် ခင်ဗျ၊ ဟော… ဟော… ၂၀၀ ကျပ်များတောင် လှူပါတယ်တဲ့ ခင်ဗျား၊ အလှူရှင်အမည်ကတော့ ရွာမှာ အလုပ်အကိုင်မရှိလို့ နတ်ကတော် လုပ်စား‌ေကဲ့ နေဘုဏ်းဝေပါ ခင်ဗျ'

'ဟော… နောက်တစ်ယောက် လှူပြန်ပြီ ခင်ဗျ၊ လှူပြန်ပြီ၊ ၁၀၀ ကျပ်ပါ ခင်ဗျ၊ သူကတော့ နွားပွဲစားကလေး မောင်သင်းနွယ်ပဲ ဖြစ်ပါတယ်၊ အခုလို လှူဒါန်းရတဲ့အတွက် နွားပွဲစားဘဝကနေ ဆထက်ထမ်းပိုး တိုးပြီး ခွေးပွဲစားအဆင့်ထိ ရောက်ပါစေ ခင်ဗျား'

'အင်း… အလှူနဲ့ ဒါန၊ လှူမှ ဒါနရသမို့ လျှောက်မှလည်း လမ်းခရီးပေါက်ပါတယ်၊ ဒါကြောင့် လမ်းခရီးပေါက်လိုသူများကတော့

အခုလို လှူကြပါတယ် ခင်ဗျ၊ ဟုတ်ကဲ့ ပြောရင်းဆိုရင်းမှာပဲ နောက်တစ်ယောက် လာလှူပြန်ပြီ ခင်ဗျ၊ ၂၀၀ ကျပ်ပါတဲ့၊ ရှေ့ကငွေကလပ်ထဲ ထည့်လိုက်ပါ၊ လှူသူကတော့ ဖဲသမား မောင်တေဇာဟိန်း ဖြစ်ပါတယ် ခင်ဗျ"

ကျွန်ုပ်က ထိုကဲ့သို့ ဆုပေးလိုက်တော့ ဖဲသမား မောင်တေဇာဟိန်းတစ်ယောက် တောင်ပြေးရမလို မြောက်ပြေးရမလိုဖြစ်ပြီး ခမ္ဘာရှေ့ကနေ တစ်ချိုးတည်း လစ်ပြေးသွားတော့၏။

သို့ရာတွင် ကျွန်ုပ် ဆုပေးအလှန်ကောင်းခြင်းကြောင့် ဖဲသမားမောင်တေဇာဟိန်းတစ်ယောက်ပင်မက အားလုံး သုတ်ခြေတင်လစ်ကြရသည့် အခြေအနေ။

ကျွန်ုပ် ဆုပေးတာ မဟုတ်မမှန်လုပ်ကြံခြင်းလည်း မဟုတ်။ ဆုပေးမှန်လွန်းခြင်းကြောင့် ယခုကဲ့သို့ အခြေအနေမျိုး ကြုံရခြင်းဖြစ်လိမ့်မည်။ ထိုအချိန်မှာ အိပ်ရာက နိုးထလာသော ဦးဝေငြိမ်းအောင်နှင့် ဦးမာန် မည်သည့်အချိန်ကတည်းက ကျွန်ုပ် ဆုပေးခြင်းကို နားထောင်နေခဲ့မှန်း မသိချေ။

ပြုံးပြုံးပျာပျာနှင့် ထလာကြပြီး…

"ဟေ့ကောင်… ငတေ၊ မင်း ဆုပေးတာကြီးက မဟုတ်သေးပါဘူးကွာ၊ နောက်ဆို ဘယ်သူမှ လာလှူကြမှာ မဟုတ်တော့ဘူး"

ဦးဝေငြိမ်းအောင်က မျက်လုံးမျက်ဆန်ပျာဖြစ်ပြီး ပြောလိုက်ခြင်းပင်။

ဦးမာန်ကလည်း…

"မင်းလုပ်တာနဲ့ ဒုက္ခပဲ ငတေရာ၊ ရိုးရိုးတန်းတန်း ဆုပေး

လည်း ရပါတယ်ဗျ၊ ခုဟာက သူတို့ပေါင်မှာ မွေးဘယ်နကွက်ရှိတယ် ဆိုတာ အရှက်ခွဲပြသလို ဖြစ်နေပြီကွ"

ကျွန်ုပ်က မိုက်ကို ပါးစပ်နားတေ့လိုက်ပြီး…

"ဒီမှာ ဦးဝေငြိမ်းအောင်နဲ့ ဦးမာန် ခင်ဗျားတို့ မကြီးမငယ်နဲ့ ဝက်သက်ပေါက်ပြီး ဘောကန်ချင်တယ်ဆိုလို့ ကျုပ် အလှူခံပေးတာ နော်၊ ခင်ဗျားတို့က အိပ်လိုက် စားလိုက်နေပြီး ကိုယ်ဖြစ်ချင်တာပဲ သိတဲ့ လူတွေဗျ၊ ကဲ… ခင်ဗျားတို့ ဘာပြောမလဲ။ ပြီးတော့…

"ဟာ… ဟော့ကောင် ငတေ၊ တော်… တော်ပါတော့ကွာ၊ မင်း တစ်ရွာလုံးကြားအောင် ပါးစပ်နား မိုက်ကြီးတေ့ပြီး မပြောပါနဲ့ တော့ကွာ၊ မင်းကြိုက်သလိုသာ ဆုပေးပါတော့ကွာ၊ ငါတော့ကွာ… ဟင်း… ဟင်း…"

ဦးဝေငြိမ်းအောင် အလွန် စိတ်ပျက်လက်ပျက်ပုံစံမျိုးနှင့် ပြောတော့သည်။ ဦးမာန်လည်း ထိုနည်းအတိုင်း မျက်လုံးမျက်ဆန်ပြူးကာ ကျွန်ုပ် ဖါးစပ်နှင့် မိုက်ကိုအစောင်းလိုက်လွှဲရင်း…

"တော်ပါတော့… ငတေရာ၊ တော်ပါတော့၊ မင်းကြောင့် ငါတို့တော့ ဒုက္ခရောက်ပါပြီကွာ၊ ကျားကြောက်လို့ ချုံပုတ်ထဲဝင်ပုန်း ကာမှ ခါချဉ်အုံနဲ့တိုးဆိုသလို ဖြစ်နေပြီကွ"

"ကိုင်း… ဒါဆိုလည်း ငတေ လုပ်တာကို ဘေးကနေ အေး အေးဆေးဆေး ကြည့်နေကြပေါ့ဗျာ၊ ဘယ့်နှယ် ကိုယ်စွမ်းကိုယ်စတော့ မရှိဘဲ သူများလုပ်တော့ ဆရာကြီးဝင်လုပ်တယ်"

"ကဲ… မင်းသဘောအတိုင်းပါပဲ ငတေရာ၊ မင်းသဘော အတိုင်းပါပဲ"

နောက်ဆုံး ဦးမာန်ရော၊ ဦးဝေငြိမ်းအောင်ပါ ကျွန်ုပ်ကို လက်လျှော့အရှုံးပေးကာ မျောက်မှိုင် ထိုင်မှိုင်နေကြတော့၏။

ထိုအချိန်မှာ ကျွန်ုပ်တို့ရှိရာ ဓမ္မာရုံသို့ တစ်ရွာလုံးနီးနီးရှိသော လူအုပ်ကြီး ချီတက်လာတာကို တွေ့လိုက်ရသဖြင့်…

"ကဲ… ဘယ့်နှယ်ရှိစ၊ ကျုပ် အပေါ်အပြောကောင်းလွန်းလို့ ဟိုမှာ ရွာလုံးကျွတ် လာနေကြပြီ မဟုတ်လား"

ကျွန်ုပ် ပြောပြီး ညွှန်ပြရာသို့ သူတို့အားလုံး လှမ်းကြည့်လိုက်ကြ၏။ ကျွန်ုပ်က ပါးစပ်နား မိုက်ကိုတေ့၍…

"အဟမ်း… ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် ကြေညာနေစဉ် အတွင်းမှာပဲ အလှူအတန်း ရက်ရောကြတဲ့ ရွာသူရွာသားများဟာ အားမရလို့ ခုဆိုရင် ရွာလုံးကျွတ်နီးနီး လူအုပ်စုကြီး လျှုဒါန်းဖို့ ချီတက်လာနေကြပါပြီ ခင်… ခင်… ဟာ"

"ဒုန်း…"

"ဂလွမ်…"

"ဟင်…"

"ဟိုက်…"

ကျွန်ုပ် ကြေညာနေစဉ်အတွင်း ဓမ္မာရုံနှင့် မလှမ်းမကမ်း ရောက်လာသော လူအုပ်ကြီးကို ကြည့်ပြီး မျက်လုံးမျက်ဆန်ပြူးကာ လက်ထဲကမိုက်ပင် လွှတ်ကျသွား၏။

ထို့အတူ ဦးဝေငြိမ်းအောင်၊ ဦးမာန်၊ ချစ်ထူးနှင့် အာလူးပါ အထိတ်တလန့်ပုံစံတွေ ဖြစ်သွားကြ၏။ မဖြစ်လည်း ခံနိုင်မည်တဲ့လား။

အလှူအတန်း ရက်ရောဖို့ လာရောက်သလား၊ ဘာလားတော့

မပြောတတ်။ လူအားလုံးလက်ထဲမှာ ဓားတို၊ ဓား၊ လေး၊ ဒူး ကိုယ်စီ ကိုင်ဆောင်လာကြခြင်းကို မြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

'ဟေ့ကောင် ဝေဒ၊ ပုံစံတွေကြည့်ရတာ လှူဖို့လာတာနဲ့ မတူဘူး၊ အမဲဖျက်ဖို့ လူမိုက်ရပ်တွေ ပေါက်နေတယ်'

ဦးဝေငြိမ်းအောင်က တအံ့တသြ ဆိုလိုက်ခြင်း ဖြစ်၏။ ဦးမာန် လည်း ခေါင်းခါခါ၊ လက်ခါခါဖြစ်ရင်း...

'ဟုတ်... ဟုတ်တယ်ကွ နော်၊ ရှေ့ဆုံးမှာ ရွာလူကြီး ဦးမြေ ကြီးလည်း ပါတယ်၊ ခုကွဲ... ဒါ... ဒါ... မင်းကြောင့်ပဲ ဝေဒ၊ ဘယ်လိုလုပ်ကြမလဲ'

'ဘယ်လိုမှ လုပ်မနေကြနဲ့၊ ခင်ဗျားတို့နှစ်ယောက် ဘော ရောဂါ ထချင်ဦးလေ၊ ဘောရောဂါထချင်တဲ့ ခင်ဗျားတို့ကို လာနှိမ်နင်း တာ ဖြစ်မှာပေါ့'

ကျွန်ုပ်က ပြောပြီး ချစ်ထူးနှင့် အာလူးကို မျက်စပစ်ပြကာ ခါးတောင်းမြှောင်ကျိုက်ပြီး ဖိနပ်ခါးကြား ထိုးလိုက်၏။

'ဟေ့ကောင် ဝေဒ၊ ဒါ... ဒါက ဘာလုပ်မလို့လဲဟင်'

ဦးဝေငြိမ်းအောင်က အထိတ်တလန့်ကြည့်ပြီး မေးလာသည်။ ဦးမာန်လည်း ခြေတုန်တုန် လက်တုန်တုန် ဖြစ်နေ၏။

ရွာလူကြီး ဦးမြေကြီး ဦးဆောင်သော ရွာသူရွာသားများ လူအုပ်ကြီးကား မျှောရုံနှင့် တဖြည်းဖြည်း နီးကပ်လာချေပြီ။

'ဘာလုပ်ရမှာလဲ၊ ခင်ဗျားတို့မြင်ပဲလေ၊ အခြေအနေမဟန်ရင် လစ်မယ်၊ နောက်ကျတဲ့ခြေထောက် စတီးလက်ကောက်ပဲ မှတ်တော့'

'ဘာကွ'

'မင်း လူလည်မကျနဲ့ ငတေ'

ဦးဝေငြိမ်းအောင်နဲ့ ဦးမာန် ကျုံးအော်လိုက်ကြ၏။ သို့သော် ကျွန်ုပ်တို့ ဒီအချိန်မှာ ဘာမှဂရုစိုက်နေစရာ မလိုတော့။ ပြေးဖို့သာ အဆင်သင့်ပြင်ထားကြသည်။

'ဒီအချိန်မှာ အဲ့တာတွေ၊ လည်တာတွေ ဘာမှအသုံးမဝင်ဘူး ဗျ၊ အဓိက ခင်ဗျားတို့ ဘောကိစ္စကို ခင်ဗျားတို့ဘာသာ ရှင်းပေတော့'

'ဟာ… ဒုက္ခပါပဲကွာ'

'ငတေတော့ ငါတို့ကို ဒုက္ခတွင်းထဲကန်ချပြီ'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် ဝမ်းသွားချင်သလိုလို၊ ဝမ်းချုပ်ချင်သလိုလို ဖြစ်နေကြ၏။

'ဟောကောင်တွေ… မင်းတို့ တစ်ယောက်မှ ပြေးဖို့မကြိုးစား ကြနဲ့၊ ငါ မြေကြီးအမိန့်မရဘဲ ဓမ္မာရုံအလှူငွေသုံးစားလုပ်ပြီး အလှူခံတဲ့ ကောင်တွေ၊ ရွာသူရွာသားတွေကိုလည်း ရစရာမရှိအောင် ဆုပေးလွှတ် လိုက်တဲ့ ငတေ သေဖို့သာပြင်ပေတော့ကွ'

ရွာလူကြီး ဦးမြေကြီးက လှမ်းအော်ပြောလိုက်ခြင်း ဖြစ်၏။

ထိုအချိန်မှာ ကျွန်ုပ်တို့ ဘာမျှစဉ်းစားမနေတော့။ ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း တစ်၊ နှစ်၊ သုံး ခေါ်ကာ ဖနောင့်နှင့် နောက်စေ့ တစ်သားတည်းကျအောင် ပြေးခဲ့တော့၏။

ဦးဝေငြိမ်းအောင်နှင့် ဦးမာန်ကား ရွာလူကြီး ဦးမြေကြီး ဦးဆောင်သော ရွာသူရွာသားအုပ်စုနှင့် မည်သို့စစ်ခင်းပြီး ကျန်နေခဲ့ မလဲဆိုတာ မသိတော့။

❑ ❑ ❑

## (ကိုး)

## ငတေနှင့် ကမ္ဘာဦးလူ့ပွက်စာ

ရွာအဝင် မန်ကျည်းပင်ကြီးအောက်မှာ ဖြစ်၏။

မန်ကျည်းသီး ကောက်စားနေကြခြင်း မဟုတ်ပါ။

ကျွန်ုပ်၊ ချစ်ထူးနှင့် အာလူးတို့ ဖိုခနောက်ဆိုင်ထိုင်ပြီး တောင်တောင်အီအီ အတွေးမျောနေကြခြင်း ဖြစ်၏။

'တောက်… စွဲတယ်ကွာ'

'ဟင်… ဘာစွဲတာလဲ ငတေ၊ ဘာစွဲတာလဲ၊ သရဲလား၊ တစ္ဆေလား'

ကျွန်ုပ်က တွေးနေရာမှ ရုတ်တရက် ထပြောလိုက်သဖြင့် ချစ်ထူးက အလန့်တကြား မေးလိုက်ခြင်းဖြစ်သည်။

အာလူးကလည်း မန်ကျည်းပင်ကြီးကို ပတ်ချာလှည့်ကြည့်ကာ…

'မင်းကို စွဲတဲ့အကောင် ဘာမှလည်းမတွေ့ပါဘူးကွ၊ နေစမ်းပါဦး… မင်းကို ဘာလာစွဲတာလဲ'

"နှလုံး"

"ဘာ…"

"ဘာပြောတယ်"

ချစ်ထူးနှင့် အာလူး မျက်လုံးမျက်ခံနဲပြူး ဖြစ်ကာ ကျွန်ုပ် တစ်ကိုယ်လုံး ခေါင်းဖျားကနေ ခြေဆုံးအထိ ကြည့်လိုက်ကြ၏။ ပြီးမှ ချစ်ထူးက…

"ဒါဆို ပြစမ်း၊ ပါသွားသလား"

"ဟာ… သေတော့မှာပဲ၊ ညစ်တီးညစ်ပတ် လျှောက်တွေး တယ်၊ ငါ့နှလုံးသားကို ပြောတာကွ၊ ရှင်းပြီလား"

"မင်းနှလုံးသား"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ မဖြစ်ဘူး၊ မြို့ဆေးရုံ အဖြန်သွားမှဖြစ်မယ်၊ နှလုံးအစားထိုးကုတာတွေ၊ ဘာတွေ ရနေပြီလေ"

ချစ်ထူးက တကယ့်အထင်နှင့် စိုးရိမ်တကြီး ပြောလိုက်ခြင်း ဖြစ်သည်။ အာလူးကလည်း…

"ဟုတ်တယ် ငတေ၊ မင်း မပေါ့ဆနဲ့နော်၊ မင်း နှလုံးပါသွား ပြီဆိုတော့ အသက်ရှင်ဖို့က ဒီတစ်နည်းပဲရှိတယ်"

"မင်းတို့ တယ်ဒုံးဝေးတဲ့ကောင်တွေပဲကွာ၊ ဟဲ… ငါ ရှင်းရှင်း ပြောမှ သိမယ့်ကောင်တွေဆိုတော့ ရှင်းရှင်းပဲ ပြောတော့မယ်ကွာ၊ ငါ့နှလုံးသား မိုးချိုကို စွဲသွားပြီလို့ ပြောတာ"

"ဘာရယ်… မင်းနှလုံးသားမှာ မိုးချိုကို စွဲသွားပြီ၊ ဟုတ်လား"

"ဟုတ်တယ်"

ကျွန်ုပ်အဖြေကြောင့် တအံ့တသြမေးလာသော ချစ်ထူးကို ကျွန်ုပ်က ခေါင်းညိတ်ပြီး ပြောလိုက်ခြင်းဖြစ်၏။

'အံ့သြစရာပဲကွာ'

အာလူးကပါ တအံ့တဩ ပြောဆိုပြန်သည်။

'ဒါ အံ့သြစရာမှ မဟုတ်တာ၊ မိုးချိုကို အစတုန်းက ကလေး လေးတစ်ယောက်လို ထင်ထားတာ၊ ခုကြည့်စမ်း၊ အပျိုကြီးဖားဖား ဖြစ်လို့ တကယ်ချစ်စရာလေး၊ ဒါကြောင့် ဒီတစ်ခေါက် ရွာအပြန်မှာ မိုးချိုဟာ ငတေ့နှလုံးသားကို အပိုင်သိမ်းသွားပြီ'

'ဒါဆိုရင်တော့ သွားပြီ'

'ဘာသွားတာလဲ'

ချစ်ထူးမှတ်ချက်ကြောင့် ကျွန်ုပ်က မျက်ခုံးပင့်ပြီး မေးလိုက်ခြင်းပင်။

'စိတ်ကျွန်းမာရေးဆေးရုံ'

'ဟုတ်တယ် ငတေ၊ မင်းရောဂါက အဲဒီလိုင်းကို ရောက်သွားပြီ'

ချစ်ထူးစကားကို အာလူးကပါ ဝင်ထောက်ခံလာသည်။ ကျွန်ုပ် မကျေမပ်ဖြစ်သွားရင်း…

'အပေးကြီးပါကွာ၊ အဲ… ရောက်လည်း ဂရုစိုက်စရာလား၊ ငါက သူ့ကို ချစ်သွားမိတာကိုး'

ချစ်ထူးက ကျွန်ုပ်ပုံစံကိုကြည့်ပြီး သံသယဝင်စွာ ခေါင်းယမ်းသည်။ အာလူးကလည်း အောက်နှုတ်ခမ်းတစ်ဖက်ကို မဲ့တရွဲ့ကိုက်ပြသည်။ လုံးဝမဖြစ်နိုင်ပါဆိုသည့် သဘော။

အမှန်တော့ ကျွန်ုပ်အကြောင်းကို သူတို့ အသိဆုံးမို့ ကျွန်ုပ် ဒီစကားမျိုး ပြောဆိုရာ၌ သံသယဝင်ကြတာ မဆန်း။

တစ်ချိန်က ကျွန်ုပ် မိန်းကလေးတွေ တွဲခဲ့ဖူးတာကို သူတို့ သိသည်။ ရွာကတော့ မဟုတ်။ တဲခြား မြို့ရွာများက ဖြစ်သည်။

သို့သော် အတည်တကျ မဟုတ်ခဲ့။ အမှန်အတိုင်း ဝန်ခံရလျှင် စွဲလောက်အောင် ချစ်ခဲ့ဖူးခြင်း မဟုတ်။ စိတ်ဝင်စားသည့် အဆင့်မှ ကူးပြောင်းလျက် ကျွန်ုပ်ဘက်က ပြောဆိုဖွင့်ဟချိန်မှာပင် အကြောင်း တစ်ခုခုနှင့် ဝေးခဲ့ခြင်းကများ ဖြစ်သည်။ အထူးသဖြင့် မိန်းကလေး တစ်ယောက် စိတ်ဝင်စားနိုင်သော အရည်ချင်းမျိုး ကျွန်ုပ်တွင် ရှိမနေ ခြင်းကြောင့် ဖြစ်လိမ့်မည်။

ထားတော့။

ဟိုတုန်းက ကိစ္စသည် ခုကိစ္စမဟုတ်သလို ခုကိစ္စသည်လည်း ဟိုတုန်းကကိစ္စ မဟုတ်ချေ။

ယခု သူတို့ ကျွန်ုပ်အပေါ် သံသယဖြစ်တာ မမှား။ ထိုမမှား ကို အမှန်ဖြစ်ဖို့က ကျွန်ုပ်တွင် တာဝန်ရှိသည်။

'မင်း တကယ်ပြောနေတာလား ငတေ'

ချစ်ထူးက သံသယမျက်လုံးများကို အုပ်မိုးလျက် မေးလာ၏။

'ငါ မင်းတို့ကို ဘယ်တုန်းက အချစ်ကိစ္စနဲ့ပတ်သက်ပြီး ညာဖူးလို့လဲ'

ဒီတော့မှ ကျွန်ုပ်ပုံစံကိုကြည့်လျက် သူတို့နှစ်ဦးစလုံး သံသယ အဖြစ်များကို ဖယ်ရှားလိုက်ကြသည်။

'နေစမ်းပါဦး၊ မင်းက ဘယ်မိုးချိုကိုပြောတာလဲ၊ ရွာအနောက်

ပိုင်းက ဒေါ်ဆင့်ရဲ့သမီး မိုးချိုလား၊ ရွာအလယ်ပိုင်းက ဦးချစ်ရဲ့တူမ မိုးချိုလား၊ ဒါမှမဟုတ် ရွာအရှေ့ပိုင်းက မောင်ရွှေရဲ့ခယ်မ မိုးချိုလား'

'အကုန်လုံးကွာ'

အကြောင်းရိုက်ပြီး မေးလာသော ချစ်ထူးစကားကို ကျွန်ုပ်က အထက်ပါအတိုင်းပင် ဖြေလိုက်သည့်အတွက် သူကောင်းသားနှစ်ယောက်စလုံး တဟားဟားရယ်ကာ သဘောကျနေတော့၏။

အဘယ်ကြောင့်ဆိုသော် ရွာအနောက်ပိုင်းက ဒေါ်ဆင့်၏သမီး မိုးချိုကား ရွာအလယ်ပိုင်းရှိ ဦးချစ်ထူး၏တူမဖြစ်သလို ရွာအရှေ့ဖျားမှ မောင်ရွှေ၏ခယ်မလည်း မိုးချို ဒီတစ်ယောက်တည်း ဖြစ်နေခြင်းကြောင့်ပင်။

အမှန်တော့ ဒီကောင်တွေ ကျွန်ုပ်ကို ရုတ်တရက် အကြောင်းရိုက်လိုက်ခြင်းသာ။ ကျွန်ုပ်ကလည်း နယ်လှည့်ပြီး ဆွေမျိုးများအိမ်နေလာခဲ့တာ။ သူတို့ဦးနှောက်ဉာဏ်ရည်ကတော့ သနားသေးသည်။

'ဟဲ… ဟဲ… ဒီတစ်ခါတော့ မင်း မဆိုးဘူး တေ၊ အကွက်ကို တော်တော်မြင်တယ်'

ချစ်ထူးက ရေမြင်းရယ်နည်းအတိုင်း ရယ်လျက် ပြောသည်။ အာလူးကလည်း မြင်းဟီသလို ရယ်သံမျိုးနှင့် ပြောလာ၏။

'အကွက်မြင်ဆို မြို့ပေါ် တစွတ်စွတ်သွားနေတဲ့ကောင်လေ၊ မြို့ပေါ်မှာ အကွက်မျိုးစုံ တွေ့ဖူးပြီးသားဟာကို၊ ဟီး… ဟီး… ဟီး…'

'တော်စမ်းကွာ… ဒီအချိန်မှာ တေဆိုတဲ့ ငါ အလေးအနက်စကားပြောနေတယ်ဆိုတာကို သဘောပေါက်၊ အဲဒီတော့ မိုးချိုနဲ့ပတ်

သက်ပြီး ငါ ဘာလုပ်သင့်သလဲ'

'မင်းက ဘာလုပ်ချင်လို့လဲ'

အာလူးက မျက်လုံးကြီးပြူး၍ မေးလိုက်သည်။

'ဟ… ဘာလုပ်ရမယ်သိရင်တော့ မင်းတို့ မေးမလားဟ၊ ငါ ဘာလုပ်ရမှန်းမသိလို့ မင်းတို့ အကြံတောင်းတဲ့ဟာ'

ဒီတော့ ချစ်ထူးနှင့် အာလူး အတန်ကြာ စဉ်းစားလိုက်ကြသည်။ ကွမ်းတစ်ယာညက်ခန့်ရောက်မှ ချစ်ထူးက…

'ဟာ… ဟုတ်ပြီ၊ ဒီလိုလုပ်'

'ဘယ်လိုလုပ်ရမှာလဲ'

'ဟိုကွာ… ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက မင်းသမီးကို မင်းသားက ကားတင်ပြေးသလို မင်းကတော့ လှည်းတင်ပြေးကွာ'

'ဘာ…'

'ဘာ'ဆိုသော ကျွန်ုပ်၏ အော်သံကြီးက သိကြားမင်းစအို ပြေးဆောင့်၍ ဒီနှစ်သကြန် ဘာဘာညာညာ လက်ကကိုင်ပြီး မဆင်းနိုင် ဖြစ်သွားနိုင်လောက်၏။

□ □ □

## (တစ်ဆယ်)

### ငတေနှင့် ဧဒင်ပန်္ဘာ

အမှန်တော့ မိုးချိုကို ကျွန်ုပ် ဖွင့်မပြောခဲ့။

ထိုအကြောင်း "အချစ်ကား" နတ်ကြီးကြောင်းကို ကျွန်ုပ် ငြင်းဆို၍မရတော့။

အချစ်ကို တကယ်ချစ်တတ်လာပြီဆိုသောအခါ အစဉ်သဖြင့် "အားငယ်စိုးရိမ်မှုတွေ ရှိတတ်ပါကလား" ဟူ၍ အတွေးဝင်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် မိုးချိုကို ကျွန်ုပ် ချစ်မိသွားချိန် ကတည်းက ဘာမှန်းမသိသော အကြောင်းအရာက ဘာမျှမသိအောင် ဝင် ကျွန်ုပ်အား သိမ်းပိုက်သွားခဲ့၏။

ဆိုတော့ မှတ်သားဖူးသော ပုံပြင်လေးတစ်ပုဒ်ကို သွားသတိ ရမိသည်။

တစ်ခါက မြို့ကြီးပြကြီးတစ်ခုနှင့် မြို့ငယ်လေးတစ်ခုကို ညေ်းခြားထားသော မြစ်တစ်စင်း အလယ်ဗဟိုမှာ ရှိနေ၏။

ထိုမြို့ပြကြီးနှင့် မြို့ငယ်လေးကို နေ့စဉ် အသွားအပြန် ပို့ဆောင်ပေးသော သင်္ဘောကြီးများလည်း ရှိသည်။

ထိုသင်္ဘောကြီး အသွားအပြန်တိုင်းတွင် စင်ရော်ငှက်များ အုပ်သင်းဖွဲ့ကာ လိုက်ပို့ကြသည်။

တစ်နည်းအားဖြင့် သင်္ဘောပေါ်တွင် လိုက်ပါကြသော ခရီးသည်များက အစာများ ပစ်ချကျွေးလေ့ရှိခြင်းကြောင့် ထိုကဲ့သို့ အုပ်သင်းဖွဲ့ကာ လိုက်ကြကြောင်း ဆိုရလိမ့်မည်။

သို့သော် ဆယ့်နှစ်ရာသီပတ်လုံး မဟုတ်ပါ။ မိုးကုန်ပြီဆိုတာနှင့် ၎င်းတို့ ရောက်လာကြခြင်း ဖြစ်သည်။

သို့ရာတွင် မိုးကျသည့်အခါမှာတော့ ၎င်း 'ကြက်ပျောက်ငှက်ပျောက်' စကားကို လက်ကိုင်ထားလျက် ပျောက်ဆုံးသွားတတ်ကြသည်။ မည်သည့်အရပ်သို့ ပျံသန်းသွားကြမှန်း မသိချေ။

သို့သော် မိုးကုန်ပြီဟူဆိုလျှင် ထုံးစံအတိုင်း ရောက်လာစမြဲ။

တစ်နေ့ စင်ရော်ဖို့ သမီးရည်းစားနှစ်ယောက် အဲ... နှစ်ကောင် ထုံးစံအတိုင်း မိုးကုန်တော့ ထိုနေရာသို့ အခြားစင်ရော်များနှင့်ရော၍ ရောက်လာကြသည်။

ဖြစ်ချင်တော့ အချိန်အခါမဟုတ်ဘဲ ပြာသိုလအတွင်းထဲ မိုးကရွာချလိုက်၏။ ဘယ်လို မိုးအမျိုးအစားလဲဟု ခေါင်းစဉ်တပ်ရမှာတောင် ခက်သည်။

ထိုအချိန်မှာ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ဥဒဟို ကူးခတ်နေသော သင်္ဘောနောက် လိုက်ပါရင်း စင်ရော်များ အတောင်ပံတဖျပ်ဖျပ်ရိုက်လျက် အခက်တွေ့သွားကြ၏။

စင်ရော်အဖိုလေးက စိုးရိမ်မကောင်းသော ပုံစံနှင့်…

'ညီမရေ… ့တို့တော့ အခက်တွေ့ပြီထင်တယ်'

စင်ရော်အမလေးက…

'ဟုတ်ပါရဲ့နော်၊ အစ်ကို၊ မိုးတွေရွာလိုက်တာလည်း ဖြောင်းဆန်လို့၊ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမကြုံဖူးပေါင်ဘူး'

ထိုအခါ စင်ရော်အဖိုလေးက…

'မကြုံဖူးဆို မိုးဦးကျလို့ ကိုယ့်ရပ်ရွာနေ ပြန်ပဲပြန်ရတော့မလိုလို၊ မပြန်ဘဲနေရတော့မလိုလို ဖြစ်နေပြီ'

ပုံပြင်လေးက ထိုမျှသာဖြစ်သည်။

သို့သော် သဘာဝကို ကြိုတင်သိနိုင်ကြသော တိရစ္ဆာန်အပေါင်းပင် ထိုသဘာဝအပေါ် အူလည်လည်ဖြစ်နေကြောင်းကို ပုံပြင်လေးက ဆိုထားသည်။

ယခုလည်း ကျွန်ုပ်အဖြစ်က ထိုပုံပြင်လေးနှင့်ဆင်တူသယောင်ရှိသည်။

မိုးချိုအပေါ် ချစ်မိသွားကြောင်းကို သိသော်လည်း ထိုအချစ်မျိုးက ဘယ်လိုအချစ်မျိုးလဲဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် အကြောင်းကြောင်းမေးခွန်းပြန်ထုတ်ရတော့မလိုလို။ သို့သော် သူမကို ကျွန်ုပ် ချစ်ပါသည်။

ချစ်သည်ဆိုသောအခါ သူမသိရန် ဖွင့်ဟဖို့လည်း လိုအပ်ပါလိမ့်မည်။ ပြီးတော့ သူမဘက်မှ စီးစိမ်းပြမည်ဆိုပါစို့။ ကျွန်ုပ်အနေနှင့်ဟား… ဆက်မတွေးဘဲ ဒီအတိုင်းထားလိုက်မည်။

သို့ဖြင့် ကျွန်ုပ် တောင်တောင်အီအီ တွေးနေစဉ်မှာပဲ သူမဘောက်ဆတ်ဘောက်ဆတ်နှင့် ရောက်လာ၏။

လက်ထဲမှာလည်း ဘူးသီးတစ်လုံးပိုက်လျက် လာခြင်းဖြစ်သည်။

သူမ ကျွန်ုပ်ရှေ့ အရောက်မှာ…

'မိုးချို'

သူမ ကျွန်ုပ်ထံ ဖျတ်ခနဲလှမ်းကြည့်ပြီး လှမ်းလက်စခြေလှမ်းကို ရပ်ပစ်လိုက်သည်။

'ဘာကိစ္စလဲ'

'ဟိုကိစ္စ'

'ဘာပြောတယ်'

ကျွန်ုပ် ပါးစပ်က ရုတ်တရက် ယောင်ပြီးထွက်သွားခြင်းကြောင့် သူမ မျက်လုံးပြူးသွားပုံရသည်။

'ဟို… အဲ… ဘယ်ကပြန်လာသလဲ မေးမလို့ အဲဒီဥစ္စာလေ'

ကျွန်ုပ်အဖြေကြောင့် သူမ အူကြောင်ကြောင်လှမ်းကြည့်ပြန်သည်။ ပြီးမှ…

'ဒါဆို ကျွန်မ သွားတော့မယ်'

'ဟာ… နေဦးလေ'

'ဘာလုပ်မလို့လဲ'

'ခုနမေးတာ ဖြေခဲ့ဦး'

'သိတော့ ဘာလုပ်မှာလဲ'

'အဲ…'

ကျွန်ုပ် မည်သို့ဖြေရမှန်းမသိဘဲ ဖြစ်သွားပြန်သည်။ ပြီးမှ…

'နင် သိပ်စိမ်းတာပဲ မိုးချိုရယ်'

'ဟင်… ဘာမှလည်း မဆိုင်ဘူး'

'ငါကတော့ ဆိုင်တယ်ထင်တာပဲ'

'အို… ဘာမှန်းလဲမသိဘူး၊ အူကြောင်ကြောင်နဲ့'

ပြောပြီး ကျွန်ုပ်ရှေ့မှ ကသုတ်ကယက် ပြေးထွက်သွားတော့၏။ အနောင့်အသွား သိပ်မလွတ်သော ကျွန်ုပ်စကားကြောင့် သူမ ရှက်သွားသည်ထင့်။ ဘာပဲဖြစ်ဖြစ် မကြာခင်အချိန်မှာ သူမ သိအောင်တော့ ကျွန်ုပ် ဖွင့်ပြောရလိမ့်မည်။ ပြီးနောက်…

ကျွန်ုပ် ကြည့်ရင်း ကြည့်ရင်း မျက်လုံးပြူးသွားသည်။

မြက်ခင်းပေါ်မှာ ဘူးသီး။

သူမ ဘူးသီးကို ဘယ်အချိန်ကတည်းက အောက်ချထားခဲ့မှန်းမသိ။ မြေးကောင်ပေါက် အရွယ်လေးဆိုတော့ မျက်လုံးမီးတောက်ပြီး ရင်တွေဘာတွေ ခုန်ကာ ယောင်ယမ်းပစ်ချထားခဲ့ပုံရသည်။

သို့သော် ကိစ္စမရှိ။

ကျွန်ုပ်အတွက် မရှယ်ဘဲ စော်ကဲမင်းဖြစ်အောင် ကံကြမ္မာ ဖုတ်သွင်းရထား ဆိုက်ကပ်လာတာပဲ ဖြစ်လိမ့်မည်။ 'ကံထမ်းလာတာ မမြင်' ဆိုသောစကား သိပ်မှန်ပြီ။

ကျွန်ုပ် စဉ်းစားမနေတော့။ မြက်ခင်းပေါ်က ဘူးသီးကို ကောက်ထမ်းလိုက်သည်။

ပြီးတော့ သူမတို့အိမ်ရှိရာဆိုတော့ လူတွေမြင်ရင် တစ်မျိုးထင်စရာ။

အင်း… 'ဗူး' နှင့် 'ဘူး' ထူးတော့ မထူးပါချေ။

❑ ❑ ❑

## (တစ်ဆယ့်တစ်)
## ငတေနှင့် ရွှေလမ်း ငွေလမ်း

'ဗျို့… အရှိုးလေးဆင်'

'ကတော်… ကတော်'

'အရှိုးလေးဆင်… ဗျို့… အရှိုးလေးဆင်'

'ကတော်… ကတော်'

'ဗျို့… အရှိုးလေးဆင်'

'ကတော်… ကတော်'

အိမ်ထဲက မည်သည့်ထူးသံမျှ မကြားရ။

သို့သော် ကျွန်ုပ် ခေါ်လိုက်တိုင်း ကြက်အော်သံသာ ကြားရသည်။ ကျွန်ုပ် မျက်လုံးပြူးရပြီ။ ခေါ်ဆင်၏ထူးသံက မည်သို့ကြောင့် ကြက်အော်သံနှင့် တူနေရသနည်း။ ကျွန်ုပ် သိပ်မသင်္ကာ။ ထို့ကြောင့် အသံကိုမြှင့်၍ ဆက်ခေါ်ကြည့်လိုက်သည်။

'ဗျို့… အရှိုးလေး ခေါ်ဆင်၊ အရှိုးလေး ခေါ်ဆင်'

'ကတော်… တော်… တော်'

ဒီတစ်ခါ ကြက်အော်သံက လည်မျိုကို တစ်ခုခုနှင့် ညှစ်လိုက်သည့်အသံမျိုး။ ခုက္ခပဲ။

'ဗျို့… အရီးလေး ဒေါ်ဆင်'

'ဟဲ့… ဘယ်က သေနာကျကြ အော်ကြီးဟစ်ကျယ် ခေါ်နေတာတုံး'

ဒီတော့မှ ဒေါ်ဆင်၏ အစစ်အမှန်အသံကို ကြားရလေပြီ။

'ကျွန်တော်ပါ၊ ငတောပါ အရီးလေး'

'ဟဲ့… ဘာကိစ္စတုံး၊ ဒီမှာ ကြက်သတ်နေတာ၊ မအားဘူး'

'ဗျာ…'

ဒေါ်ဆင်၏ အဖြေကြောင့် ကျွန်ုပ် အံ့ဩသွားရသည်။ ကျွန်ုပ် စိတ်ဝင်စားနေသော အဖြေလည်း ရှင်းသွားသည်။

'ဘာကိစ္စလဲ၊ အေး… အရေးကြီးရင်တော့ နောက်မှပြန်လာခဲ့'

'ဗျာ'

ကျွန်ုပ် ဒုတိယမြောက် 'ဗျာ'တစ်လုံး ပြုတ်ကျသွားပြန်သည်။

ဘယ့်နှယ်ဟာပါလိမ့်။ အရေးကြီးလျှင် နောက်မှပြန်လာသတဲ့။ အတော့်ကို ခွတီးခွကျနိုင်သော စကား။

'ဟဲ့… ငါ မေးနေတာ ဖြေလေ'

ဒေါ်ဆင်က အသံပြဲကြီးနှင့် အိမ်နောက်ဖေးမှ လှမ်းအော်သည်။ ကျွန်ုပ်က…

'ဟို့… မိုးချို'

'ဟင်… မိုးချို ဘာဖြစ်သလဲ၊ ဘာဖြစ်လို့လဲ'

'ဟိုဗျာ… မိုးချို၊ မိုးချိုလေ…'

'မိုးချို ဘာဖြစ်လို့တုံးဟဲ့၊ မြန်မြန်ပြောစမ်းပါ'

ဒီတော့မှ ဒေါ်ဆင် အိမ်နောက်ဖေးမှ ဝရန်းသုန်းကားနှင့်

ပြေးထွက်လာတော့သည်။

'ဟဲ့… ဝေ၊ မိုးချို ဘာဖြစ်လို့တုံး၊ မြန်မြန်ပြောစမ်းပါဟဲ့'

မျက်လုံးမျက်ခုံးပြူးကာ စိုးရိမ်တကြီးဖြစ်နေသော ဒေါ်ဆင်ကို ကျွန်ုပ်က ပခုံးပေါ်မှ ဘူးသီးကြီးကို ဗုတ်ပြလိုက်ပြီး…

'ဟောဒီဟာ'

'ဘာတုံးဟဲ့၊ ဟောဒီဟာဆိုတာ'

ဘူးသီးကြီးကိုကြည့်ပြီး ဒေါ်ဆင်တစ်ယောက် နားမလည်နိုင်ဖြစ်နေဆဲ။

'ဟို မိုးချို ကျန်ခဲ့လို့ လာပို့တာ'

'တောက်… ငါနော်၊ အစောကတည်းက ဒါဆိုဒါ ပြောလိုက်ပါလား ဝေရဲ့၊ နင် အလန့်တကြားဖြစ်အောင်လုပ်တဲ့ကောင်ပဲ'

'အဟီး… ကျွန်တော် ပြောမလို့ပဲ အရီးလေးရဲ့ ပြောရမှာ အား… အားနာလို့'

'ဘာရယ်… ဒါအားနာစရာကိစ္စလား၊ နေစမ်းပါဦး၊ အဲဒီ ဘူးသီးကို သူက ဘယ်မှာကျန်ခဲ့လို့တုံး'

အဲဒါမှ ဒုက္ခ။ ကျွန်ုပ် မည်သို့ဖြေရမှန်း မသိ။ အမှန်အတိုင်း ပြောလိုက်လျှင် သူ့သမီးကို ဒီလောက် 'ဘူး' ကျရသလားဆိုပြီး အနည်းဆုံး ယောက်မစာကျွေးခံရမှာတော့ ကျိန်းသေသည်။ အမှန်အတိုင်း ပြော၍ မဖြစ်သေး။ ဒါဆို မည်သို့ဖြေရပါ့။

'ဟဲ့… ငါမေးနေတယ်လေ၊ သူက ဘယ်မှာကျန်ခဲ့လို့ နင်က လာပို့ရတာတုံး'

'ဟို… အဲ… သူ… သူက ရွာထဲမှာ ကိစ္စရှိလို့ ခဏကျန်ခဲ့

တယ်၊ ဟုတ်တယ်… အဲဒါ ကျွန်တော့်ကို လူကြံပုံနှိပ်ခိုင်းလိုက်လို့'

'အလို…ကြားသားမိုးကြိုးတော်၊ ငါ့သမီး ဒီလိုကိစ္စမျိုး မလုပ်ဖူးပါဘူး၊ ကဲပါလေ… ပုံနှိပ်ခိုင်းလိုက်တယ်ဆိုရင်လည်း ထားခဲ့ပြီး ပြန်တော့လေ'

ဘယ့်နှယ်ဟာပါလိမ့်။

လာပို့သည့်သူတောင် အားနာဖော်မရ။ အတင်းနှင်လွှတ်နေသည်။ အတော့်ကို သမီးဝုဏ်မောက်သည့် ယောက္ခမကြီးပါတည်း။

ကိစ္စမရှိ။

အတင်းနှင်မလွှတ်လည်း ကျွန်ုပ် သွားမှဖြစ်လိမ့်မည်။ နို့မဟုတ်လျှင် ကျွန်ုပ် ပါးစပ်ထဲ တွေ့ကရာပြောလိုက်သောကိစ္စ သူမပြန်လာတာနှင့်တိုးလျှင် အလိမ်တွေပေါ်ပြီး မျက်နှာမရသည့်အပြင် ခြံထဲကပါ မောင်းထုတ်ခံရလိမ့်မည်။ ကျွန်ုပ်အတွက် ကံကောင်းချင်တော့ သူမ အိမ်ပြန်မရောက် သေးခြင်းက ကောင်းသောအခွင့်အရေးပင်။

'ဟုတ်ကဲ့ ဒါဆို ကျွန်တော် ပြန်ပါတော့မယ်'

ကျွန်ုပ် ပြောပြီး လှည့်ထွက်လိုက်၏။

'ဟဲ့… ဘူးသီးကို ထားခဲ့လေ၊ ဘယ်ပြန်ယူသွားမလို့တုံး နောရဲ့'

'အဟီး… ဟုတ်ပါရဲ့၊ မေ့… မေ့သွားလို့ အရီးလေး၊ ဆော ရီးနော်'

'ဟွန်း… နော၊ နင် မေ့တာကလည်း အမေ့ကောင်းပဲ၊ ငါ မပြောလိုက်ချင်ဘူး၊ ပေး ဘူးသီး၊ အဲဒီ ဘူးသီးကို ဒီမှာ ကြက်သားနဲ့ ချက်ရလိမ့်မယ်'

ပြောပြီး ကျွန်ုပ်လက်ထဲက ဘူးသီးကို လှမ်းယူလိုက်၏။ ပြီးတော့…

'ကဲ… ကြွလို့ရပြီ ကိုအတ္တ'

'ဟုတ်… ဟုတ်ကဲ့ ကျေးဇူးပါပဲ'

'ဘာဟဲ့… နင် ငါ့ကို တမင်ရွဲ့တာလား'

'ဟာ… မ… မဟုတ်ပါဘူး အရီးလေးရာ၊ ကျွန်တော် မေ့ပြီး ဘူးသီးယူသွားတဲ့အမှားကို ပြန်ပြောတာပါဗျာ'

'ဟင်းနော်… နင် အဖြေကောင်းလို့ သက်သာသွားတယ်မှတ်ထေ'

ကျွန်ုပ် စိုးရိမ်မှုများ ကျပျောက်သွားပြီး သက်ပြင်းချလိုက်၏။ ပြီးမှ…

'ကျွန်တော့်ကို ခွင့်ပြုပြီး အရီးလေး'

'သွားသင့်တာ ကြာပြီ'

ကျွန်ုပ် ဘာမျှပြန်မပြောတော့ပါ။ အသာလှည့်ထွက်လာခဲ့သည်။ တော်ကြာ စိုးချို ပြန်အလာနှင့် တိုးနေလျှင် ဝိုရှုပ်ကုန်မည်။ ရှင်းရလိမ့်မည် မဟုတ်တော့။ ထို့ကြောင့် ကျွန်ုပ် ခြေလှမ်းကို သွက်နိုင်သလောက် သွက်အောင်လှမ်းခဲ့သည်။

ခပ်လှမ်းလှမ်းရောက်မှ 'ဟင်း' လုံးကြီးကို ပေါ့ပါးစွာချလိုက်နိုင်တော့၏။

'အတော်မလွယ်တဲ့ ယခမောက်(ယောက္ခမ)ကြီးပါလားနော်'

ဟူ၍ ကောက်ချက်ချလိုက်မိလေသည်။

□ □ □

•

(တစ်ဆယ့်နှစ်)
ထောနှင့် ပီကောင်းတာဝန်

'ဟယ်လို… တက်စင်… ဝမ်း၊ တူး၊ သရီး၊ ဖေါနဲ့ ချစ်ထူး နှာဘူး၊ အဲ… ယောင်လို့၊ အာလူးတို့ ခုချက်ချင်း အသံချဲ့စက်ရှိတဲ့ နေရာကို အမြန်ဆုံးလာရောက်ပါ'

မနက်မိုးမလင်းသေးခင် ရှာလယ်မမွှာရုံမှ အသံချဲ့စက်ကြီးနှင့် အော်ခေါ်လိုက်သဖြင့် ကျွန်ုပ် အိပ်ရာမှလန့်နိုးသွားသည်။

'တောက်… မနက်စောစောစီးစီး ဒီလူတွေ ဘာဒုက္ခပေးဦးမလဲ မသိဘူး၊ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရနဲ့ ကွာ'

ကျွန်ုပ် မကျေမနပ်ရေရွတ်ရင်း အိပ်ရာက ထလိုက်ရ၏။ ဆက်အိပ်လည်း ရမည်မဟုတ်။ ငှက်ဆိုးထိုးအသံတွေနှင့် ကျွန်ုပ်တို့ မရောက်မချင်း အော်ခေါ်နေမှာ သေချာသည်။

'ဟယ်လို… တက်စင်၊ ဝမ်း၊ တူး၊ သရီး၊ ဖေါ ချစ်ထူးနဲ့ အာလူး ကြားရာအရပ်က အသံချဲ့စက်ရှိတဲ့နေရာကို အမြန်ဆုံးလာရောက်ပါ၊ ခုချက်ချင်း လာရောက်ပါ'

မမွှာရုံလူကြီး ဦးဝေငြိမ်းအောင်၏ အသံက တစ်ရွာလုံးကို
လျှံထွက်လာသည်။

ဘာများဒုက္ခပေးဦးမလဲ မသိ။

မကြာခင်ကလည်း ၄င်းတို့ မကြီးမငယ်နှစ်ဦး 'ဘော'ကိစ္စ
'ဘော'ရောဂါကြောင့် ဘာမဆိုင် ညာမဆိုင် တစ်ရွာလုံးကို အလျှုံခံ
၍ ခွေးပြေး၊ ဝက်ပြေး ပြေးခဲ့ရသေးသည်။

ယခုလည်း ဘာများ ညာဏ်နီညာဏ်နက်တွေ ထုတ်၍ ကမြင်
ကြောထဦးမည် မသိ။ 'ဘော'ကိစ္စ မဟုတ်လျှင်တော့ ကံကောင်းပေ
သည်။

ဒီလိုနှင့် ကျွန်ုပ် ကပျာကယာ မျက်နှာသစ်ကာ အဝတ်အစား
လဲလိုက်သည်။

ထိုအချိန်မှာ ချစ်ထူးနှင့် အာလူး အမောတကော ရောက်လာ
ကြ၏။

'ငတော... ဟေ့ကောင် ငတော၊ မင်း အိပ်ရာထပြီလား'

'အေး... ထပြီ'

ကျွန်ုပ် အိမ်ရှေ့သို့ထွက်လိုက်သည်။ ချစ်ထူးက ဆက်မေး
သည်။

'ဒါနဲ့ မင်း ကြားပြီးပြီလား'

'ဘာလဲ'

'ခုန အသံချဲ့စက်နဲ့ ၄က်ဆိုးထိုးတဲ့အသံ'

'အေး... ခု အဲဒီသွားမလို့၊ ပြင်ဆင်နေတာ'

'ငါတို့လည်း မင်းကို ဝင်ခေါ်ပြီးသွားမလို့'

ချစ်ထူး စကားအဆုံး ကျွန်ုပ်က မကျေမချမ်းပုံစံနှင့်…

'ဒီလူတွေ အံတော့်ရှုပ်တယ်ကွာ၊ အားအားရှိ အဲဒီအသံချဲ့စက် အစုတ်ကြီး အားကိုးနဲ့ တစ်ရွာလုံးကို ပတ်မွှေနေတာ၊ ပညာပြန်ပေးမှ ဖြစ်တော့မယ်'

'ဟုတ်တယ်ကွ၊ ခုတစ်လော ဦးဝေငြိမ်းအောင်နဲ့ ဦးမာန် အတော်လေး ဂျို(ချို)ထောင်နေကြတယ်'

'ဒါက လွယ်ပါတယ်ကွာ၊ ထောင်နေတဲ့ချို ရိုက်ချိုးပစ်လိုက်တာပေါ့'

ချစ်ထူး၏စကားကို အာလူးက ဝင်ထောက်ခံလိုက်ခြင်း ဖြစ်သည်။

'ကဲ… ပြောနေ ကြာတယ်ကွာ၊ တော်ကြာ အသံချဲ့စက်ကြီးနဲ့ ထပ်အော်နေဦးမယ်၊ လာ သွားကြစို့၊ ဟိုရောက်မှ ဘယ်လိုပညာပေးရမလဲဆိုတာ စဉ်းစားမယ်'

ကျွန်ုပ်က ပြောပြီး ရှေ့မှဦးဆောင်ထွက်လိုက်၏။ ချစ်ထူးနှင့် အာလူးလည်း ကျွန်ုပ်နှင့် ထက်ကြပ်မကွာ လိုက်ကြသည်။

ရွာလယ်မွှာရုံရောက်တော့ ရေနွေးကြမ်းအိုး အလယ်ချ၍ ခုံရှည်ကြီးထိုင်နေသော ဦးဝေငြိမ်းအောင်နှင့် ဦးမာန်ကို အခန့်သား တွေ့လိုက်ရသည်။

'အမြန်လာကြကွာ၊ မင်းတို့ အမြန်လာအောင် အသံချဲ့စက်ကြီးနဲ့ လှမ်းခေါ်ရတာ၊ အားတော့နာသကွာ'

ရောက်ရောက်ချင်း ဦးဝေငြိမ်းအောင်က မိုးကြိုးထန်းလက်ကာ ကား ဆိုလာသည်။ စိတ်ဆိုးရအခက်၊ စိတ်ဖြေရအခက်။

'ကဲ… ဘာကိစ္စလဲ၊ ဆိုပါဦး'

ကျွန်ုပ်က စကားစပေးလိုက်သဖြင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ အဓိပ္ပာယ်တစ်စုံတစ်ရာ ရှိနေမှာတော့ သေချာသည်။

'အင်း… ကိစ္စကတော့ သိပ်ထွေထွေထူးထူး မရှိပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်'

'ဘာတုံးဗျ… ခင်ဗျားတို့ဟာ မရှိဘူးလည်း ပြောတယ်၊ ရှိတယ်လည်း ပြောတယ်'

ကျွန်ုပ်က ငေါ်လိုက်သဖြင့် ဦးမာန် ပခုံးတွန့်သွားသည်။ ဦးဝေငြိမ်းအောင်က…

'ဒီလိုကွ… ကိုမာန် ဆိုလိုချင်တဲ့ အဓိပ္ပာယ်က တို့ရွာမှာ ခုလို နွေရာသီရောက်လာပြီဆိုတော့ မီးဘေးတို့၊ သူခိုးသူဓါးပြဘေးတို့ အန္တရာယ်က ကင်းဝေးအောင် ၂၄ နာရီ မီးကင်းစောင့်ဖို့ကိစ္စ ပြောချင်တာ'

'ဟင်… ဒါက ရွာလူကြီး ဦးမြေကြီး စီမံဆောင်ရွက်ပေးမှာ မဟုတ်လား'

ချစ်ထူးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ရွာလူကြီး ဦးမြေကြီးက တခြားရ… ရေးရွာရေးကိစ္စတွေနဲ့ မအားလပ်ဘူး။ ဒါကြောင့် ဒီမနက်ပဲ ငါတို့… ယောက်ကို ခေါ်တွေ့ပြီး အဲဒီ မီးကင်းကိစ္စ ဦးစီးဆောင်ရွက်ပေး… ကိုမာန်ရယ်၊ ငါရယ်၊ မင်းတို့အဖွဲ့ရယ်ကို တာဝန်ပေးလိုက်တာ'

'ဗျာ… ကျုပ်တို့က မီးကင်းစောင့်ရမယ်'

ကျွန်ုပ်က မျက်လုံးမျက်ဆန်ပြူး၍ မေးလိုက်ခြင်းဖြစ်သည်။

'ဟာ… အဲဒီလိုလည်း မဟုတ်ပါဘူး၊ တစ်ရွာလုံးအတွက် မင်းတို့ ငါတို့ကို ဦးစီးဆောင်ရွက်ပေးဖို့ ပြောလိုက်တာဟ၊ မင်းတို့က တော်တော်လက်ပေါက်ကပ်တာပဲကွာ၊ ပြောရင်းပြောရင်း လက်ပေါက် ကတ်လာတယ်'

ဦးဝေငြိမ်းအောင်က ကျွန်ုပ်တို့ကို အပြစ်တင်သလို လေသံနှင့် အုပ်လိုက်ခြင်းဖြစ်သည်။

အမှန်တကယ်တော့ ကျွန်ုပ် တမင်ရှုံ့ပြီး မေးလိုက်ခြင်းသာ။ ရပ်ရေးရွာရေးနှင့် ပတ်သက်လာလျှင် ဘယ်တုန်းကမျှ ကျွန်ုပ် ခေါင်း ရှောင်ခဲ့ဖူးခြင်း မရှိခဲ့။ ရှေ့ဆုံးက တက်တက်ကြွကြွ လုပ်ဆောင်ခဲ့တာ တစ်ရွာလုံးအသိပင်။

ခုကိစ္စကိုလည်း ကျွန်ုပ်တို့ ရှေ့ဆုံးမှ ပါဝင်ဆောင်ရွက်မှ ရမည်။ ၄င်းတို့နှစ်ယောက်နှင့် ပြီးမည့်ကိစ္စလည်း မဟုတ်။ နောက်ဆုံး ကျွန်ုပ်တို့ဘက် မြားဦးလှည့်လာတာပင် ကြည့်တော့။

'ကဲ… ထားပါလေ၊ ဘာဖြစ်ချင်တယ်ဆိုတာ လိုရင်းကိုပဲ မြန်မြန်ပြော'

'ဘာ…'

'ဟာ…'

ကျွန်ုပ်က တုံးတိတိပြောချလိုက်သဖြင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် လည်ချောင်းနင်သွားကြသည်။ ကျွန်ုပ်ကိုလည်း မျက်လုံးမျက် ဆန်ပြူးကြည့်လိုက်ကြ၏။

'ဟုတ်တယ်လေ၊ ခင်ဗျားတို့ လိုရင်းပြောမှ ကိစ္စက ပြီးမှာ

မဟုတ်လား၊ ကဲ… ကျုပ်တို့ ဘာလုပ်ပေးရမလဲ၊ ပြော'

'ဟ… မေးစရာလည်း လိုသေးလား ဝေဖရဲ၊ ထုံးစံအတိုင်း ရွာထဲကို တစ်အိမ်တက်ဆင်း လျှောက်ပြီး သတိပေးကြေညာရမယ်၊ အလှည့်ကျ မီးကင်းစောင့်ဖို့အတွက် တစ်ည လေးယောက် တာဝန်ယူရမယ်၊ ဒီနေ့ ဘယ်သူ၊ နောက်နေ့ ဘယ်အလှာပေါ့ကွာ'

ဦးဝေငြိမ်းအောင်က သူ့အစီအစဉ်ကို ချပြလိုက်သည်။ ဦးမာန်ကတော့ ထောက်ခံသည့်သဘောနှင့် ခေါင်းတညိတ်ညိတ်။

'ကဲ… ဒီကိစ္စကို ကျုပ်တို့ ဆောင်ရွက်ပါပြီတဲ့၊ ညဘက် မီးကင်းစစ်တာဝန်ကို ခင်ဗျားတို့ ယူမှာလား'

'ဒါက ဒီလိုရှိတယ်လေ'

'လိုရင်းပဲ ပြောပါဗျာ၊ ဟိုလိုတွေ ဒီလိုတွေ လုပ်မနေနဲ့၊ ခင်ဗျားတို့တာဝန်ယူရင် ယူမယ်၊ မယူရင် မယူဘူး၊ ဒါပဲ သိချင်တာ'

ဦးဝေငြိမ်းအောင် လည်ပင်းကြောကြီးများ ထောင်တက်သွားပြီး…

'မင်းကတော့ အတော်ခက်တဲ့ ဝေဖဲကွာ၊ ဒီတာဝန်ကို ငါတို့မယူရင် ဘယ်သူယူဦးမှာလဲ၊ အဲ… တစ်ခုရှိတာက ငါတို့ မအားလပ်တဲ့အခါ မင်းတို့ တစ်လှည့်တာဝန်ယူပေါ့ကွာ'

'ဟာ… နေပါစေကွာ၊ ကျုပ်တို့ဘာသာ အေးအေးဆေးဆေးပဲ မီးကင်းစောင့်ပြီး နေပါ့မယ်၊ ခင်ဗျားတို့မှာ ဘယ်တုန်းက အားလပ်တာ ရှိဖူးလို့လဲ၊ ဒီတာဝန်ကို ကျုပ်တို့ ပူးတွဲယူရင်တော့ သေပြီးမသာပဲ'

ဦးဝေငြိမ်းအောင်၏ အသံကို ကျွန်ုပ်က ဖောင်ဖျက်လိုက်ခြင်း

ဖြစ်၏။ ထွန်းနိုင် စကားအပေါ် ၎င်းတို့နှစ်ဦး သိပ်အစာကြေဟန် မတူ။

'မင်းတို့ ဒီလောက်တောင် ငါတို့အပေါ် အထင်သေးတာလား'

ဦးမာန်က မကျေမနပ် ဆိုလိုက်သည်။

'အထင်သေးတာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် နဂိုက တည်းက အထင်ကိုမကြီးတာ'

'တဲ့... တော်ပြီကွာ၊ မင်းတို့နဲ့ ဒီနေ့ စကားပြောရတာ လမိုင်း ကို မတော်ဘူး'

'လမိုင်းကပ်ချင်ရင် လွယ်ပါတယ် ဦးဝေငြိမ်းအောင်ရာ၊ လမိုင်းပွဲ တင်လိုက်ပေါ့၊ ဟား... ဟား... ဟား'

'တောက်... မင်းတို့တော့ကွာ၊ ဟင်း...'

ချစ်ထူးက ထပြောလိုက်သဖြင့် ဦးဝေငြိမ်းအောင် ဒွေ့ဒွေ့ ခုန်သွားတော့သည်။

'ကဲ... ကဲ... စကားနိုင်လုနေလို့ မဖြစ်သေးဘူး၊ ထုံးစံ အတိုင်း မင်းတို့ကို ငါ တာဝန်ပေးမယ်၊ မင်းတို့သုံးယောက် ဒီညကစပြီး အစဉ်သဘောအနေနဲ့ မီးကင်းလုံခြုံရေးကို စောင့်ရမယ်၊ ကျေနပ်ကြ လား'

'ဟား... သိပ်ကျေနပ်တာပေါ့ဗျာ၊ ကိုယ့်ရပ်ရွာအတွက် လုပ် ရတာ ဘာအပန်းကြီးတာ မှတ်လို့၊ ခင်ဗျားတို့လို အချောင်လိုက်ချင် သူတွေမှ မဟုတ်တာ'

'တောက်... ဒီငတေတော့ကွာ'

ထွန်းနိုင် စကားကြောင့် ဦးဝေငြိမ်းအောင်နှင့် ဦးမာန် မျက်နှာ ညိုမဲသွားပြီး နေရာက သုတ်ခနဲထွက်သွားကြတော့၏။ နို့မဟုတ်လျှင်

ကျွန်ုပ်၏ စကားလုံးဒိုင်ပင်တွေအောက်မှာ ခေါင်းဖော်နိုင်ကြမှာ မဟုတ်ဘူး'

'ဒါနဲ့ နေပါဦး ငတေ၊ ခုန သူတို့ကို ပညာကောင်းကောင်း ပြန်ပေးရမယ်ဆိုတာ၊ ဒီလောက်နဲ့ မထိရောက်သေးဘူးနော်'

ချစ်ထူးက အားမလို အားမရ ဆိုလာခြင်းဖြစ်သည်။

'ဩော်… စောင့်ကြည့်စမ်းပါဦးကွာ၊ ဒီည သင်းတို့နှစ်ဦး ဘာဖြစ်မလဲဆိုတာ'

'သေချာလား'

အာလူးကပါ သံသယနှင့် ဆိုလာသည်။

'သိပ်သေချာတာပေါ့၊ နောက်ဆိုရင် ငါတို့ အသံကြားတာနဲ့ ကြောက်ဒူးတုန်နေလိမ့်မယ်၊ ပြီးတော့မှ ဒီညအတွက် ဘာလုပ်ရမယ် ဆိုတာပါ ပြောမယ်'

□ □ □

## (တစ်ဆယ့်သုံး)
## ငဆေးနှင့် ရွာစောင့်နတ်များ

ဒီလိုနှင့် ကျွန်ုပ်တို့သုံးယောက် ကြိုတင်စီစဉ်စရာရှိသည်များကို စီစဉ်ပြီး ညနေမှောင်ရီပျိုးစအချိန် မီးကင်းတဲရှိရာ ရွာအရှေ့ဖျားသို့ ချီတက်ခဲ့ကြ၏။

မီးကင်းတဲပေါ် ရောက်သည့်အခါ ကိုယ့်နေရာကိုယ် အသီးသီးယူပြီး ဝင်ထိုင်လိုက်ကြ၏။

မကြာခင်အချိန်မှာ လူသွားလူလာများလည်း ကျဲသွားချေပြီ။

ညဦးက အော်ဟစ်ဆော့ကစားနေကြသော ကလေးများ၏ အသံတို့လည်း တိတ်ဆိတ်သွားလေပြီ။ တစ်ခါတစ်ခါ ရွာထဲမှ ခွေးဟောင်သံ၊ နွားတွန်သံတို့ကိုသာ တစ်ချက်တစ်ချက် ကြားရတော့သည်။

ထိုအချိန်မှာ ကျွန်ုပ်တို့ရှိရာ မီးကင်းတဲဘေးသို့ လူရိပ်တစ်ခု ကပ်လာတာ တွေ့ရ၏။

"ဟိတ်… ဘယ်သူလဲ"

'ဗျာ… ကျွန်… ကျွန်တော် မင်းဝေပါ ခင်ဗျာ'

ကျွန်ုပ်က ခေါက်ငမ်းပြီး မေးလိုက်သဖြင့် အမူးသမား မင်းဝေ၏ ပြန်ဖြေသံကား ထစ်ထစ်အအ ဖြစ်သွားသည်။

'မင်းဝေဆိုတာ ဘာကောင်လဲ'

'ဗျာ… ဘာ… ဘာကောင်မှမဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် ရိုးရိုးမင်းဝေ၊ အမူးသမား မင်းဝေပါ ခင်ဗျ၊ ဒါနဲ့ လူကြီးမင်းတို့က ဒီနတ်စင်က အစောင့်တွေလား ခင်ဗျ'

'ဘာ…'

'ဟာ… ကျွန်တော့်စကား မှားသွားရင် ဗွေမယူပါနဲ့ အရှင်ကြီးတို့ ခင်ဗျား၊ ကျွန်တော် အမူးသမား အမိုက်မဲလေးမို့ ဗွေမယူပါနဲ့၊ ရှိခိုးတောင်းပန်ပါတယ်'

အမူးသမား မင်းဝေက ပြောလည်းပြော၊ ကျွန်ုပ်တော်တို့သုံးယောက်ကိုလည်း တကယ့်အစောင့်နတ်တွေထင်ပြီး မှူးမူးနှင့် ဦးကျိုးချနေတော့၏။

'ခွင့်လွှတ်တော်မူပါ အရှင်ကြီးတို့ ခင်ဗျား'

'ကိုင်း… ဒါဆိုရင် ကောင်းပြီ၊ မောင်မင်း ငါတို့ ခိုင်းတာကို လုပ်နိုင်ပါ့မလား'

'ဟာ… လုပ်… လုပ်ပေးနိုင်ပါတယ် ခင်ဗျား၊ ကျွန်တော်မျိုး မင်းဝေ အရှင်ကြီးတို့ ခွင့်လွှတ်တယ်ဆိုရင် ကြိုက်တာခိုင်းပါ၊ လုပ်… လုပ်ပါ့မယ် ခင်ဗျား'

မင်းဝေမျာ ကျွန်ုပ်တို့ကို အစောင့်နတ်များအဖြစ် တကယ်ယုံကြည်သွားပုံရသည်။ အမူးလွန်နေသဖြင့် ကျွန်ုပ်တို့မှန်း မရိပ်မိတာ

လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

'မောင်မင်း တကယ်ပြောတာလား၊ သေသေချာချာ စဉ်းစားပြီးမှ ကတိပေးနော်'

'ဟာ... တ... တကယ်ပြောတာပါ အရှင်ကြီးတို့ရယ်၊ ကျွန်တော်မျိုး မင်းဝေကို မပြုစားဘူးဆိုရင် ကြိုက်တာခိုင်းပါ'

'အေး... ဒါဆိုရင် ဟုတ်ပြီ၊ မင်းကို ငါတို့ ခိုင်းကြည့်မယ်၊ ရွာလယ်မကျွာရုံက ဦးဝေငြိမ်းအောင်နဲ့ ဦးမာန်ဆီကို သွား၊ ရွာဦးက အရှင်ကြီးသုံးပါးအတွက် ထန်းရည်နဲ့ ကြက်ကြော် အမြန်လာရောက် ဆက်သပါလို့၊ ပြောတဲ့အတိုင်း မလုပ်ရင် တစ်ရွာလုံးကို ဝမ်းနုတ်သက်ပေးမယ်လို့၊ ကြားလား'

'ဟုတ်... ဟုတ်ကဲ့ပါ အရှင်ကြီး၊ ခု သွားရမှာလား'

'တောက်... ငါ လုပ်လိုက်ရ နာတော့မယ်၊ ခု မသွားလို့ နိုးသင်းမှ မင်းက သွားချင်လို့လား'

'ဟာ... မ... မဟုတ်ပါဘူး၊ ကျွန်တော်မျိုးကြီး ခုပဲ သွားလိုက်ပါ့မယ်'

'အေး... ကောင်းပြီ၊ ဒါဆို မြန်မြန်သွား၊ မြန်မြန်ပြော၊ မြန်မြန်ပြန်၊ ဟုတ်ပြီလား'

'ဟုတ်... ဟုတ်ကဲ့ပါ၊ ခွင့်ပြုပါဦး အရှင်ကြီးတို့'

ပြောပြီး အမူးသမားမင်းဝေ ယိုင်တီးယိုင်ထိုးနှင့် ထွက်သွားစဉ် ထိုအချိန်မှာ ကျွန်ုပ်တို့သုံးယောက် ဟားတိုက်ရယ်မောလိုက်ကြတော့သည်။

□ □ □

(တစ်ဆယ့်လေး)

ငတေနှင့် ပြောင်လိမ်ပြောင်စားညာ

ကျွန်ုပ် ကောင်းကောင်းကြီး ပညာပေးလိုက်၍ ခုလောက်ဆို ဦးဝေငြိမ်းအောင်နှင့် ဦးမာန် ဖုတ်ပူမီးတိုက်ဖြစ်ပြီး ခေါင်းမီးတောက် နေမှာ သေချာသည်။

၄င်းတို့နှစ်ဦးစလုံး 'နတ်'တို့ ဘာတို့ကို အလွန်ယုံကြည်သူ များ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် အမူးသမား မင်းဝေနှင့် လွှတ်ပြီး ပြောခိုင်းလိုက်ခြင်းဖြစ်၏။ မကြာခင်အချိန်အတွင်းမှာ ကျွန်ုပ်တို့ရှိရာ ရောက်လာတော့မှာ သေချာသည်။

၄င်းတို့ လာသည့်အခါ ကျွန်ုပ်တို့ဘက်က ဟန်မပျက်နေပြီး ပညာပေးနိုင်ဖို့က အရေးကြီးသည်။ ၄င်းတို့ကို ဟောက်စားပြန်လုပ် ရမည်။

'ငတေ ဦးဝေငြိမ်းအောင်တို့ မင်းမှာတဲ့အတိုင်း ရောက်လာ ရင် ဘယ်နှယ်လုပ်မလဲ'

ချစ်ထူးက စိုးရိမ်တကြီး မေးလာသည်။ ကျွန်ုပ်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း...

'ဘာလဲ... မင်းတို့ တွေးပြီးကြောက်နေသလား'

'ကြောက်တယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ပေါ်တင်ကြီး ပြောလိုက်တာဆိုတော့ သူတို့ယုံအောင် ဘယ်လိုဆက်လုပ်ရမလဲ၊ အဲဒါပဲ အရေးကြီးတာ'

ချစ်ထူးက ပြောပြီး သက်ပြင်းချလိုက်သည်။ အာလူးလည်း ထိုနည်းတူပင်။

'ဒီမှာ မင်းတို့ မသေမချင်းမှတ်ထား၊ ဒီကိစ္စ ငါ ဒါရိုက်တာလုပ်တာပါကွ၊ ဘာမှ တွေးပြီးပူမနေနဲ့၊ သူတို့ ရောက်လာတဲ့အခါ ငါ ဘာလုပ်ပြမလဲဆိုတာ စောင့်ကြည့်'

'ကျွတ်... အရေးထဲ အရောကပေါ်လာပြန်ပြီ၊ မင်း အရည်အချင်းကို သိချင်လို့ မေးတာ မဟုတ်ဘူး၊ မင်း ဒုက္ခပေးတဲ့မီးကို ငြိမ်းနိုင်၊ မနိုင် အဲဒါပဲ မေးတာ'

အာလူးက မကျေမနပ်နှင့် စွဲချက်တင်လိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်က ဘာမျှအလေးမထားဟန်ဖြင့်...

'မင်းတို့ကို စောင့်ကြည့်ပါလို့ ပြောပြီးပြီလေ၊ တယ် လေကြောရှည်တဲ့ကောင်တွေပဲ၊ ကဲ... ကောင်းကောင်းနပ်ကြစို့၊ ငါကတော့ ဒီကိစ္စ ခေါင်းထဲမထားဘူး'

'ဟ... မင်း လက်လွှတ်စပယ် မပြောနဲ့ ဝေတေ၊ မတော် ငါတို့ အိပ်ပျော်နေတုန်း ဦးဝေငြိမ်းအောင်တို့ ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ'

'မင်းတို့ အဲဒါကြောင့် အတွေးတိမ်တယ် ပြောတာပေါ့၊ ဒီလိုအချိန်မျိုး ဦးဝေငြိမ်းအောင်နဲ့ ဦးမာန် ဘယ်တုန်းက ဒုက္ခခံဖူးလို့လဲ'

ကျွန်ုပ်က ချစ်ထူးကို ဒီလောက်ညံ့ရသလားဆိုသည့် ပုံစံမျိုး

နှင့် ပြောလိုက်သည်။ အာလူးကတော့ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ကြည့်နေသည်။

'ဒါက မင်းအထင်ပဲ ငတော၊ နတ်တို့ ဘာတို့ကို ဦးဝေငြိမ်း အောင်ရော ဦးမာန်ရော ယုံကြည်ကြတယ်၊ ဒါကြောင့် သူတို့အရင် လို မလာဘဲမနေဘူး'

'ကဲ... တော်ကွာ ချစ်ထူး၊ ငါက အိပ်ဆိုရင် အိပ်တော့၊ အကယ်၍ မင်းပြောသလို သူတို့ လာတယ်ထားဦး၊ ငါ ဘယ်လိုလုပ်ပြ မယ်ဆိုတာ စောင့်ကြည့်၊ အဲဒီအချိန်ကျရင် ငါ့နောက်က မင်းတို့ ဖော်လိုလိုက်ပေးဖို့ပဲ အရေးကြီးတယ်'

ကျွန်ုပ်က အားလုံး စိတ်အေးစေရန် ပြောလိုက်သဖြင့် ချစ်ထူး နှင့် အာလူး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ခေါင်းညိတ် လိုက်ကြသည်။ ပြီးတော့ မီးကင်းတဲပေါ်၌ ကျွန်ုပ်နည်းတူ စကိုင်လ်ကျ ကျ အိပ်လိုက်ကြတော့သည်။ မကြာခင်အချိန်မှာ ချစ်ထူးနှင့် အာလူး ဟောက်သံပေး၍ အိပ်ပျော်သွားကြလေပြီ။ ညကလည်း နက်သထက် နက်လာကာ တိတ်ဆိတ်သထက် တိတ်ဆိတ်လာလေပြီ။

သို့ဖြင့် ကျွန်ုပ် အတွေးထဲ မိုးချုပ်အကြောင်းက ကျူးကျော် ဝင်ရောက်လာကြ၏။ ကျွန်ုပ် ခေါင်းကို ယမ်းခါလိုက်သည်။

သို့သော် မရ။ အတွေးထဲ သူမအကြောင်းက ဝင်လာဆဲပင်။

ဒီလိုနှင့် ကျွန်ုပ် သူမအကြောင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် အရပ်ဆယ်မျက်နှာ စဉ်းစားရင်း မှေးခနဲ အိပ်ပျော်သွားတော့သည်။

❑ ❑ ❑

●

(တစ်ဆယ့်ငါး)

## မောနှင့် ခေတ်သစ်မေခလာ

'ကိုကြီးတော၊ ကိုကြီးတော'

ကျွန်ုပ် နားထဲတွင် ချိုမြအီစိမ့်သော အသံတစ်ခုကြောင့် 'ဖြုန်း'ဆို ထထိုင်လိုက်မိသည်။

'ဟာ… မိုး… မိုးချို'

ကျွန်ုပ် မြင်ကွင်းထဲ မထင်မှတ်စွာ ဝင်ရောက်လာသော မိုးချို။ ကျွန်ုပ် စွဲလမ်းစွာချစ်မိသွားသော အချစ်နတ်သမီးလေး။

ကြည့်စမ်း… သူမ ခေါင်းပေါ်တွင် ရောမအထုပ်ကြီးတစ်ထုပ်။ ဘာယ်လိုဖြစ်တာပါလိမ့်။

'ဟင်… မိုးချို၊ နင်… နင်'

'ဘုန်း…'

ကျွန်ုပ် စကားမဆုံးမီ ခေါင်းပေါ်က ရောမအထုပ်ကြီးကို 'ဘုန်း'ခနဲ ပစ်ချလိုက်ခြင်း ဖြစ်သည်။

'ကိုကြီးတောဆီ မိုးချိုအပြီး ဆင်းလာတာ'

'မြတ်စွာဘုရား'

မထင်မှတ်သော စကားကြောင့် ကျွန်ုပ် မျက်လုံးပြူးရပြီ
သူမက ကျွန်ုပ်ကို မျက်လုံးမျက်ဆန်ပြူးကြည့်လျက်။

'ဘာလဲ… ကိုကြီးဇောက မိုးချိုက လက်မခံဘူးလား'

'ဟာ… အဲဒီလို… အဲဒီလို မဟုတ်ဘူး၊ ဟိုကွာ… ဘယ်လို
ပြောရမလဲ၊ အဲ… မိုးချိုကို ကိုကြီးဇော ချစ်တယ်လို့ပြောဖို့ ကြံ
တုန်းလေ၊ ခု အိမ်ပေါ်ရောက်လာတော့ အဲဒါ… အဲဒါ…'

'အဲဒါ ဘာဖြစ်လဲ၊ မိုးချိုကို ရှင်းရှင်းပြောပါ၊ ဘာလဲ လက်
မခံဘူးလား'

'ဟာ… မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုကြီးဇော အိပ်မ
မက်နေတာလားလို့'

'ဪ… ရှင် တော်တော်ခက်ပါလား၊ လူတစ်ယောက်
အိမ်ပေါ်ရောက်လာတာတောင် အိပ်မက်မက်သတဲ့လား၊ ဒီမှာ မိုး
ဘာဖြစ်လာတယ်ဆိုတာ မေးဦးလေ'

'ဟာ… ဟုတ်သားပဲ၊ မိုးချို… အဲ… မိုးချို ဘာဖြစ်
သလဲ၊ ကိုကြီးဇောကို ပြောစမ်းပါဦး'

ဒီတော့မှ သူမ ကျေနပ်သွားဟန် အမူအရာမျိုး ပြောင်း
ပြီး…

'အင်း… ဘာဖြစ်လာသလဲဆိုတော့ မိုးချိုကို မိဘ
သဘောတူတဲ့သူနဲ့ ပေးစားဖို့ စီစဉ်ကြတယ်၊ အဲဒါ မိုးချို လက်မ
လို့ အမေ့အလစ်မှာ အိမ်ကနေ အပြီးထွက်ပြေးလာတာ'

'ဟာ… ဒုက္ခပဲ'

"ဟင်… ဘာဒုက္ခလဲ"

ကျွန်ုပ် မည်သို့ဖြေရမှန်း မသိ။ မတော် သူမ အတွေးချော် သွားလျှင် အခက်။

"ဘာဒုက္ခလဲ… ပြောလေ၊ အူကြောင်ကြောင် မလုပ်နဲ့နော်၊ ဘာမှတ်နေလဲ"

"ဟာ… တစ်မျိုးမထင်ပါနဲ့ မိုးချိုရယ်၊ ကိုကြီးငတေပြောတဲ့ အဓိပ္ပာယ်က မိုးချို ဒုက္ခရောက်မှာကို စိုးရိမ်လို့ ပြောတာ"

"ဘာကြောင့် ဒုက္ခရောက်ရမှာလဲ၊ မိုးချို သူတို့ပေးစားတဲ့လူကို ယူမှမယူနိုင်တာ"

"ဟို… ကိုကြီးငတေနဲ့ဆိုရင် မိုးချို ပိုဒုက္ခရောက်မှာပေါ့"

"အို… ရောက်ရောက်၊ လုံးဝဂရုမစိုက်ဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ နေရလို့က ငရဲပြည်ပဲရောက်ရောက် အရောက်ခံလိုက်မယ်"

"ဟင်… မိုး… မိုးချို၊ တကယ်ပြောတာလား၊ ကိုကြီးငတေကို ချစ်တယ်၊ ဟုတ်လား"

"အို… ဒီအချိန်မှာ မေးဖို့လိုသေးလား၊ တော်တော်တုံးတဲ့ လူကြီးပဲ"

"ဟာ… ဝမ်းသာလိုက်တာကွာ၊ လောကကြီးရေ… ကျုပ်ငတေ လူညံ့မဟုတ်တော့ဘူးဗျ၊ အခု အချစ်ရှိသွားပြီ၊ ဟား… ဟား… ဟား…"

ကျွန်ုပ် ဝမ်းခေါင်းလှိုက်သံကြီးနှင့် အော်ဟစ်လိုက်ပြီး မိုးချိုကို ကျုံးဖက်လိုက်၏။

"အို… ကိုကြီးငတေ၊ ဒါ… ဒါ ဘာလုပ်တာလဲ"

'ကိုကြီးငဘောကို ချစ်တယ်ဆို၊ ကိုကြီးငဘော ချစ်သက်သေ
ပြမလို့'

'အို… လွှတ်ပါ၊ လွှတ်ပါ၊ မိုးချို မနေတတ်တော့ဘူး'

'ဟာ… လွှတ်ဘူးကွာ၊ လွှတ်ဘူး'

'အို… လွှတ်ပါ၊ ကိုကြီးငဘော လွှတ်ပါ'

'မလွှတ်ဘူးကွာ၊ မလွှတ်ဘူး'

'ရွှတ်… ရွှတ်… ရွှတ်…'

ကျွန်ုပ် မိုးချိုကို လွှတ်သွားမှာစိုးဘိအလား ကောက်ညှင်းထုပ်
ထုပ်သလို မလွှတ်တမ်းဖက်ထားလိုက်ပြီး အနမ်းပွင့်တွေ တရဟော
ခြွေချပစ်လိုက်၏။

'အို… လွှတ်… လွှတ်ဆိုနေ'

□ □ □

## (တစ်ဆယ့်ခြောက်)

'မလွှတ်ဘူးကွာ၊ မလွှတ်ဘူး'

'ဟော့ကောင်… လွှတ်လို့ပြောနေတာ မကြားဘူးလား'

'ဟာ… မလွှတ်ဘူးကွာ၊ မလွှတ်ဘူး၊ သိပ်ချစ်လို့ပါ'

'ဟာ… တောက်… မလွှတ်ချင်ဦးကွာ၊ ကဲကွာ… ချစ်ချင်ဦးကွာ၊ ကဲကွာ…'

'ဖြောင်း…'

'အား…'

'ဖြောင်း…'

'အား…'

'ဟာ…'

အတော်ကြောင်လွန်းသည့် လက်သံကြောင့် ကျွန်ုပ် မျက်လုံးကို ပြူးတူးပြဲတဲ ဖွင့်ကြည့်လိုက်တော့ ဦးဝေငြိမ်းအောင်။ ငြီးတော့ ဦးမာန်နှင့် မင်းဝေ။

ဟာ… ဘယ်လိုဖြစ်တာပါလိမ့်။

ဒုက္ခပဲ။

'ဘယ့်နှယ်လဲ… ဘော၊ မင်း ချစ်ဦးမလားကွ'

ဦးဝေငြိမ်းအောင်က အသံနက်ကြီးနှင့် အော်ပြီး ပြောလိုက်သည်။

ထိုအချိန်မှာ ချစ်ထူးနှင့် အာလူး ဗုန်းဒိုင်းကျဲ၍ နိုးထလာကြပြီး ဦးဝေငြိမ်းအောင်နှင့် မင်းဝေ ဦးမာန်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အခါ မျက်လုံးမျက်ဆန်ပြူးသွားကြ၏။

'ဟေ့ကောင်… ဘော၊ မင်း ဘာစိတ်တွေပေါက်ပြီး ငါ့ကို ဖက်နမ်းတာလဲကွ၊ ပြောစမ်း'

'ဗျာ… ဟို… ဟို…'

ကျွန်ုပ် ဦးဝေငြိမ်းအောင်ကို မည်သို့မျှ မဖြေနိုင်။ အမှန်တော့ ကျွန်ုပ် မီးကင်းတဲပေါ်၌ အိပ်ပျော်ပြီး အိပ်မက်မက်နေခြင်း ဖြစ်သည်။ ထိုအချိန်မှာ အိပ်မက်ထဲက မိုးချိုနှင့် ဦးဝေငြိမ်းအောင် လူမှား… ဟား… သွားပါပြီ။

အကုသိုလ် အတုံးလိုက်၊ အတစ်လိုက် ရောက်တာ။

'ဟေ့ကောင်… ငါမေးနေတာ ဖြေလေ'

'ဟို… ကျုပ်… ကျုပ် အိပ်မက်မက်နေတာ'

'တောက်… မင်းအိပ်မက်မက်တာကလည်းကွာ၊ ဒီလောက် တောင် ငမ်းရသလား၊ ဒါနဲ့ နေစမ်းပါဦး၊ ရွာလုံခြုံရေးအတွက် မင်း တို့ကို မီးကင်းစောင့်ခိုင်းထားလား၊ ပြောစမ်းပါဦး'

'ဒါက ဒီလိုရှိတယ် ဦးဝေငြိမ်းအောင်'

'တော်စမ်း… အပိုတွေမပြောနဲ့၊ မင်းတို့တာဝန်ကို မဝေ မစားလုပ်တဲ့ကောင်တွေ၊ ရွာလူကြီး ဦးမြေကြီးလက်ထဲ အပ်ရမပ

'ဟုတ်တယ် ကိုငြိမ်း၊ ဒီကောင်တွေ စည်းကမ်းဖျက်တယ် ဗျ၊ ဦးမြေကြီးလက်သာ အပ်လိုက်'

ဦးမာန်ကပါ မီးလောင်ရာ လေပင့်တော့သည်။

'ခုလည်း ကြည့်ဦး၊ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ ငါတို့ကို မလိမ့်တပတ်နဲ့ အမူးသမား မင်းဝေလွတ်ပြီး ရှာဦးစောင့်နတ်ကို ခုချက်ချင်း ထန်းရည်နဲ့ ကြက်ကြော် ပူဇော်တင်မြှောက်ရမယ်လို့ ဘာကြောင့်ပြောခိုင်းသလဲ၊ မင်းတို့အပြစ်က ပိုကြီးလေးနေပြီ ငတေ'

'ဟုတ်တယ်ဗျ… ကိုငြိမ်း၊ တစ်ရွာလုံးက အလေးထား အားကိုးတယ်ဆိုလို့ ဒီကောင် အလွဲသုံးစားလုပ်တာ၊ ဒါက ကြီးလေးတဲ့ အပြစ်ပဲ'

ဦးဝေငြိမ်းအောင်နှင့် ဦးမာန် တစ်လှည့်စီဆောက်ကွဲကာ မကျေမနပ် ဖြစ်နေကြသည်။

'ကဲ… ပြောနေကြာတယ်ကွာ၊ ခု ငါတို့နဲ့ လိုက်ခဲ့'

'ကျုပ်တို့က ဘယ်လိုက်ရမှာလဲ'

'ဦးမြေကြီးအိမ်'

'ဗျာ…'

'ဟင်…'

'ဟာ…'

ဒီတစ်ခါတော့ ကျွန်ုပ်တို့သုံးယောက် အာမေဋိတ်သံများပြုကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'ငတေ… မင်းပြောတော့ ငါ ဘယ်လိုလုပ်ပြမယ်ဆိုတာ စောင့်ကြည့်ဆို၊ ခု စောင့်ကြည့်လွန်းလို့ ဒုက္ခရောက်ပြီ'

ချစ်ထူးက ဝမ်းနည်းသံကြီးနှင့် ပြောသည်။ အာလူးလည်း ငိုမဲ့မဲ့မျက်နှာနှင့်…

"ကဲ… မင်း ဘယ်လိုရှင်းမလဲ ဇော်၊ ရေတံသီးနဲ့ပေါင်းမှ ကြက်သွန်ရော ထောင်းခံရတဲ့ကိန်း ဆိုက်ပြီကွ"

ကျွန်ုပ် မည်သို့မျှ ပြန်မဖြေမနေတော့။

ခပ်တည်တည်နှင့် ခါးတောင်းကိုမြှောင်အောင် ကျိုက်သည်။ ဖိနပ် ခါးကြားထိုးလိုက်သည်။

ပြီး ချစ်ထူးနှင့် အာလူးကို မျက်နှာရိပ်၊ မျက်နှာကဲပြလိုက်၏။

သို့သော် သေနာကောင်နှစ်ဦးက အဓိပ္ပာယ်မပေါက်။ မျက်လုံးပြူး မျက်ဆံပြူးနှင့် ကျွန်ုပ်ကို ကြည့်နေကြဆဲ။

ထိုအချိန်မှာ ဦးဝေငြိမ်းအောင်၊ ဦးမာန်နှင့် အမှုသမား မင်းဝေ ကျွန်ုပ်၏လှုပ်ရှားမှု အစအဆုံးအပေါ် တအံ့တသြ ကြည့်နေသည်။

ဦးဝေငြိမ်းအောင်ကား လက်ထဲတွင် ဝါးရင်းတုတ်ကြီး တဆ ဆနှင့် ရှိနေပြီး ဦးမာန်၏လက်ထဲတွင် ဈားချည်ကြိုးခွေကြီးကို တယမ်း ယမ်းလုပ်နေ၏။

"ဟော့ကောင် ဇော်၊ ငါတို့ကို အရှုးလုပ်တဲ့ မင်း ဘာကြံဦး ဦးမလို့လဲ၊ ဒီမှာ တွေ့လား၊ ဝါးရင်းတုတ်၊ ယမပြည် စရိတ်ငြိမ်း ပစ်လိုက်မယ်"

ဦးဝေငြိမ်းမောင်က ခြိမ်းခြောက်လိုက်သည်။ ဦးမာန်က ၎င်း ၏လက်ထဲမှ ကြိုးခွေကို တယမ်းယမ်းလုပ်လိုက်ပြီး…

"ဒီမှာတွေ့လား ဇော်၊ မင်းတို့သုံးယောက်စလုံးကို ဈားချည်

ကြိုးနဲ့ မှောရံမှာချည်ပြီး အပြစ်ပေးရမယ်၊ ဟား… ဟား… ဟား…'

ထိုအချိန်မှာ ကျွန်ုပ် စဉ်းစားမနေတော့။ ဆုံးဖြတ်ချက်ချလိုက်ပြီ။

ချစ်ထူးနှင့် အာလူးကို ကျွန်ုပ် အချက်ပြလိုက်သည်။ သူ ကောင်းသားနှစ်ယောက်မှာ ကြောင် လင်ပူမိထားသည့်မျက်နှာနှင့် မှုန်တေတေ။

'ကဲ… ပြေးကြစို့ဟေ့၊ နောက်ကျတဲ့ခြေထောက် စတီးနဲ့ လက်ကောက်ပဲကွ'

ကျွန်ုပ်က ပြောပြီး ဝုန်းခနဲ ပြေးထွက်လိုက်၏။

'ငတေ… ဟေ့ကောင်… ငတေ'

'ဟာ… ငတေ၊ ငါတို့ကို စောင့်ပါဦးဗျာ'

ချစ်ထူးနှင့် အာလူး အာခေါင်ခြစ်အော်ကာ ချန်ဆွဲချန်ဆွဲ ဖြစ်နေကြ၏။

မဖြစ်လည်း ခနိုင်မည်တဲ့လား။

ကျွန်ုပ် သူငယ်ချင်းမပီစွာ အတော်အလွန်း၍ ခံလိုက်ရတာ။

၄င်းတို့နှစ်ဦး ကျွန်ုပ်နောက်ပြေးလိုက်ရန် ကြိုးစားချိန်မှာပဲ ဦးဝေငြိမ်းအောင်နှင့် ဦးမာန်နှင့် တစ်ယောက်စီ အင်္ကျီကုပ်ကို လှမ်းဆွဲထားလိုက်ခြင်းကြောင့် ဖြစ်၏။

'ငတေ… အ… အား… စောင့်… စောင့်…'

ချစ်ထူး အသံပင်မဆုံးနိုင်။

အင်္ကျီကုပ်ကို ဆွဲထားခြင်းကြောင့် မျက်လုံးပြူး ပါးစပ်ပြဲ၍ ရှိနေတော့၏။

"အား… မောေ၊ ငါတို့ကို စောင့်… စောင့်"

အာလူးလည်း ထိုနည်းတူစွာပင်။

ကျွန်ုပ်ကား အပြေးကောင်းလွန်းသည့်အတွက် ပြေးကောင်းကောင်းနှင့် ဖနောင့်နှင့် နောက်စေ့ မိတ်ဆက်ပြီး ပြေးခဲ့လေတော့၏။

*(စာချစ်သူများ ရယ်မောခြင်းဖြင့် အသက်ရှည်နိုင်ပါစေ)*

နေဝင်းကိုကိုဇော်

# ဓနုတ်ကိုကိုဇော်

## ဘုံကြီးမြတ်

ရေရဲ့အတိမ်အနက်ကို
အမြင့် အကြာနဲ့
တိုင်းထွာပြလို့ မရဘူး။

အချစ်ဆိုတာလည်း ဒီသဘောပဲ။
ဘယ်အရာမျိုးနဲ့မှ
ခန့်တီးလုပ်ယူလို့မရနိုင်။

ဒါပေမဲ့...
တစ်ခါတစ်ရံ
အချစ်ဆိုတဲ့အရာဟာ
ပြန့်ပျော်ပြလို့မရအောင်
ဆန်းကြယ်တယ်။

# (တစ်)

လမ်းက အကွေ့အကောက် မရှိဘူး။

ဖြူးနေတယ်။

သူ့နဝိုအတိုင်း ဖြူးနေတဲ့လမ်းကို သူ့ကြောင့် နှာမည်ပျက်ရတော့မလိုလို။

ဟိုတိုး ဒီယိုင်၊ ဟိုကောက် ဒီကွေ့နဲ့ လျှောက်နေတာ အရက်သမားတစ်ထောင်ထက် ဆိုးသေး။

နှာမည်က ကောက်ကွေး။ ကောက်ကွေးဖြစ်လို့ပဲ။ ကွေးကောက်သာဆိုရင် ခွေးခြောက်လို့ရနိုင်တဲ့ လူစားမျိုး။

ခုတော့ ခွေးခြောက်ဖို့မပြောနဲ့။ ကြွက်ဝဲစားတစ်ကောင်တောင် ခြောက်နိုင်ပုံ မပေါ်။

သူ့ကိုယ်သူတောင် အနိုင်နိုင်ထိန်းပြီး လျှောက်နေရတာ။ သူ့အနားက ဖြတ်သွားတဲ့ ချာတိတ်တချို့က ကြည့်ရင်း…

'ဟ… ဘာလဲဟ'

'ဘာဖြစ်တာလဲဟ'

'ဘီယာကို ရေရောသောက်ပြီး မူးတဲ့ပုံပဲ'

အဲဒီလိုများ မှတ်ချက်ချသွားကြသေး။

အမှန်တော့ ကောက်ကွေးပဲ ဆိုကြပါစို့။

အဲ...။ ကောက်ကွေးမှာ ဘီယာသောက်ဖို့မပြောနဲ့၊ ရေတစ်ခွက်တောင် ဝယ်သောက်နိုင်တဲ့ အခြေအနေမျိုး မရှိ။

ဒီထက် အတိအကျဆိုရရင် လက်ထဲ ငွေပြတ်တာ သုံးရက်တစ်မနက် ရှိပြီ။

လက်ထဲ ငွေပြတ်ပြီဆိုမှတော့ အာဟာရမပြတ်တဲ့လည်း ခံနိုင်ရိုးလား။

ဒီတော့ လမ်းကောင်းကောင်းမလျှောက်နိုင်ဘဲ ဟိုထိုးဒီယိုင်၊ ဟိုကောက်ဒီကွေ့ ဖြစ်နေတယ်။ ဒါ မဆန်းဘူး။

ဆန်းတာကတော့ ပတ်ဝန်းကျင်။

သို့သော်မဲ့ ပတ်ဝန်းကျင်ဆိုတဲ့ဟာကြီးကို ဖြူသလား၊ မည်းသလားဆိုပြီး ကောက်ကွေး ဂရုမစိုက်နိုင်ဘူး။

အရေးကြီးတာ ဗိုက်ထဲက အစာအိမ်၊ သုံးရက်တိတိ သောင်းကျန်းနေတာ။ မိုးဦးကျ ဖားမျိုးစုံအော်သလို "တဂွီဂွီ" "တဂွမ်ဂွမ်"နဲ့ အတော့်ကို ဆန္ဒပြနေတယ်။

လျှောက်ရင်း လျှောက်ရင်း မျက်လုံးတွေတောင် ပြာဝေနေပြီ။ တရိပ်ရိပ် ဖြစ်လာတယ်။ ခြေလှမ်းကလည်း တဖြည်းဖြည်း ခံချိန်ကျလာတယ်။

ကြာရင် ဒီအတိုင်း မလွယ်။

"ဟင်... ဟိုရှေ့က ဘာပါလိမ့်"

ရှေ့မလှမ်းမကမ်း ကစ်နေရာမှာ တော့ပြီး ထောင်ထောင်လေး

ဖြစ်နေတဲ့ အရောဝတ္ထုတစ်ခု။

မုန်းစမ်း… ဝိုက်ဆံများလား။

အနားရောက်တော့ မဟုတ်။

အားပျက်သွားတယ်။ သက်ပြင်းကိုလည်း အတွဲလိုက်ချလိုက်တယ်။ လေးလံတဲ့အရောသာဆိုရင် ပြန်ဆွဲတင်လို့ ရနိုင်မှာ မဟုတ်။

လက်စသတ်တော့ ပိုက်ဆံမဟုတ်ဘဲ ထီလက်မှတ်တစ်စောင် ဖြစ်နေတယ်။

သို့ပေမဲ့ သူ ပျော်သွားတယ်။ လှနှင်းပြီး ခွေးနမ်းထားတဲ့ နံပြားတစ်ချပ်နဲ့စာရင် တော်သေးရဲ့။

ခုချိန်မှာ ကောက်ကျွေးအတွက် အရေးကြီးဆုံးက အစာအိမ်။ အဲဒီ အစာအိမ်ကို ဒီထီလက်မှတ်တစ်စောင်က ကောင်းကောင်းကြီး တယ်တင်နိုင်လိမ့်မယ်။

ဒါကြောင့် ကောက်ကျွေး ဝမ်းသာအားရ ပြေးအကောက်…

'ခွပ်'

'အား…'

'သေပါပြီ'

လူတစ်ယောက်နဲ့ နဖူးချင်းတိုက်သံ။ မီးပွင့်သွားတယ်။

'ဘုတ်…'

'အင့်…'

တစ်ဆက်တည်း မြေပြင်ပေါ် ဖင်ထိုင်ရက်ကျသွားသံ။ ခွေးအူ ဝက်ကျူ။

'အား… မြီးညောင့်ရိုး ကွဲပါပြီ'

'အမေ့… ကျွတ်… ကျွတ်… ခါးရိုးကျိုးပါပြီ'

ကောက်ကွေးလို အကြွဲတူတစ်ဦး ပေါ်လာတယ်။ သူ့အမည်က ဂေါက်ပြား။

ထိလက်မှတ်ဆီ လက်အလှမ်း နှစ်ယောက်ဆုံကာ နဖူးချင်းတွေ့ပြီး တိုက်လိုက်သလို ပက်လက်လန် ဖင်ထိုင်ကျသွားခြင်းဖြစ်တယ်။

'မင်း ဘာလုပ်တာလဲ'

'မင်းရော ဘာလုပ်တာလဲ

'ငါ အရင်တွေ့တာကွ'

'ငါလည်း အရင်တွေ့တာကွ'

'ဟာ… ဒုက္ခပါပဲ'

'ဟင်… ဒုက္ခပါပဲ'

'မင်းကွာ… တောက်…'

'ငါကွာ… တောက်…'

'မင်း ငါပြောတိုင်း လိုက်မပြောနဲ့လေကွာ'

ကောက်ကွေးက အော်ပြီးပြောတယ်။ ဂေါက်ပြားကလည်း အားကျမခံ ဟစ်ပြီးပြောလိုက်တယ်။

'မင်းလည်း ငါ့ရှေ့က ဦးမပြောနဲ့လေကွာ'

'ခက်ပါလား၊ မင်း ဘာကောင်လဲကွ'

'ရှုပ်ပါလား၊ မင်းနဲ့ ဆက်မကိုက်၊ အဲ… ဆက်မပြောတော့ဘူး၊ ယောဒီလိုပဲ ကောက်'

'ခွပ်…'

'အား…'

ကွဲပြန်ပြီ နဖူး။

ကောက်ကွေးက ပြောပြီး ထီလက်မှတ်ဆီ အားပါးတရ ကုန်းအကောက် ဂေါက်ပြားကလည်း ကိုသွင်းပြီးကုန်းအကောက်။ နှစ်ယောက်စလုံး ပထမအတိုင်း နဖူးချင်းတိုက်ကာ ဖင်ထိုင်ကျသွားမြဲ တယ်။

ဒီတစ်ခါတော့ ဒုတိယဖြစ်လို့လား မသိဘူး။ ပထမထက် ပိုအီစလံ ဝေသွားရတယ်။

ခေါင်းထဲမှာ "စီ"ခနဲဖြစ်ပြီး မျက်လုံးထဲမှာလည်း 'ထင်း'ခနဲ အလင်းကွက်တွေ ပွင့်သွားတယ်။

'ငါကွာ… မင်း ဘာကြောင့် လုကောက်တာလဲ'

'မင်းကွာ… ဘာကြောင့် ငါ့ဟာ လုကောက်တာလဲ'

'အဲဒီ ထီလက်မှတ်ကို ငါ အရင်တွေ့တာ'

'ငါလည်း အရင်တွေ့တာ'

ကောက်ကွေး ပြောသလို ဂေါက်ပြားလည်း အသည်းအသန် လိုက်ပြောတယ်။ ပြဿနာကတော့ ကြီးပြီ။ ဘယ်လိုရှင်းကြမလဲ မသိ။ (ဘရိတ်ဘေးတို့၊ သင်တုံးဘေးတို့တော့ မလိုအပ်ပါ)

'ဒီမှာ ဟော့ကောင်၊ အဲဒီ ထီလက်မှတ်ကို ငါ ပိုင်တယ်၊ ဒီမှာကြည့်၊ ဟောဒီ နဖူးနဲ့ရင်းပြီး ရလိုက်တာ'

ဂေါက်ပြားကလည်း…

'ငါလည်း ဒီ နဖူးနဲ့ ရင်းရတာပဲကွ၊ ဒီမှာ တွေ့လား'

'မင်း မညစ်နဲ့နော်'

'မင်းလည်း မညစ်နဲ့လေ'

'ဟာကွာ... မင်း ဘာကောင်လဲ၊ ဒီမှာ လူလည်ကျလို့ မရဘူး ကိုယ့်လူ'

'ငါကွာ... မင်းလည်း ဘာကောင်လဲ၊ ဒီမှာ လူလည်ကျလို့ မရဘူး ငါ့လူ'

ကောက်ကွေး တော်တော်လေး စိတ်ပျက်သွားတယ်။

ဒီလူ ဘယ့်နှယ်လူပါလိမ့်။ သူ့ပုံစံအတိုင်း လိုက်လုပ်နေတဲ့ အပြင် သူ့လိုပဲ အကြံတူသမား။ ခက်တော့ ခက်ပြီ။

ဖေါက်ပြား တော်တော်လေး စိတ်ချဉ်ချဉ်ဖြစ်သွားတယ်။ ဒီလူ ဘယ်လိုလူစားပါလိမ့်။ သူ့လုပ်ပုံနဲ့ တစ်ပုံစံတည်း ဖြစ်နေတယ်။ သူ့လိုပဲ ဂျွန်ဆားချက်သမား။ ရှုပ်တော့ ရှုပ်ပြီ။

ကောက်ကွေးက မျက်လုံးပြူးပြီး...

'ငါ ပြောမယ်၊ အဲဒီ ထီလက်မှတ်ကို မင်း ဘာလုပ်ဖို့လဲ'

ဖေါက်ပြားက မျက်လုံးဖြူပြီး...

'ငါ မေးမယ်၊ မင်းလည်း အဲဒီ ထီလက်မှတ်ကို ဘာလုပ်မှာလဲ'

'ဟ... ငါ့အတွက် အရေးကြီးလို့ကွ'

'ငါ့အတွက်လည်း အရေးကြီးတာပဲ'

ကောက်ကွေး စိတ်ပျက်စွာ ကြည့်လိုက်တယ်။ တစ်ချက် စဉ်းစားဟန်ပြုရင်း...

'နေစမ်းပါဦး၊ မင်းဟာ ဘယ်လောက်ကြီးသလဲ'

ဖေါက်ပြားကလည်း စိတ်ချဉ်ချဉ်ကြည့်လိုက်တယ်။ တစ်ချက် တွေဝေလိုက်ပြီး...

'မင်းဟာရော ဘယ်လောက်ကြီးသလဲ'

'ဟာ… သိပ်ကြီးတာပေါ့၊ အဲဒီ ထီလက်မှတ် ရောင်းပြီး ငါ့အတွက် အရေးကြီးတာသုံးဖို့ စဉ်းစားထားတာ'

'ငါလည်း ဒီအတိုင်းပဲ၊ အဲဒီလက်မှတ်ရောင်းပြီး ငါ့အလိုဆန္ဒ ဖြည့်ဆည်းဖို့ စိတ်ကူးထားတာ'

'ဒါဆိုရင် ဘယ်လိုလုပ်မလဲ၊ မင်းနဲ့ ငါ အကြံချင်းတူနေတယ်'

'ဘယ့်နှယ်မှ လုပ်လို့မရဘူးလေ၊ မင်းနဲ့ ငါ အကြံချင်းတူနေတာကိုး'

ကောက်ကွေး အကြံအိုက်စွာ သက်ပြင်းချလိုက်ပြန်တယ်။

ဂေါက်ပြားလည်း လေပူကို 'ဟူး' ခနဲ မှုတ်ထုတ်လိုက်ပြန်တယ်။

ကောက်ကွေးက…

'ခက်ပြီကွာ၊ နှစ်ယောက်စလုံး ဒီအတိုင်း ထိုင်ကြည့်ရတော့မှာလား'

ဂေါက်ပြားကလည်း…

'အေး… အဲဒီစကားကိုလည်း ငါ ပြောမလို့၊ မင်းပြောတော့ ငါ လေကုန်သက်သာသွားပြီ၊ ကျေးဇူးပဲ'

'ဘာကွ…'

'ဘာကွ ညာကွတွေ လုပ်မနေနဲ့၊ အဝေမတည့်ရင် ဒီအတိုင်း ထိုင်ကြည့်သင့် ထိုင်ကြည့်ရမှာပဲ'

'မင်းက ထိုင်နိုင်လို့လား'

'မင်းရော ထိုင်နိုင်လို့လား'

'ဟာ… မင်းကို ငါမေးတာကွ'

'ကျွတ်… ငါလည်း မင်းကို မေးရမယ်'

'တဲ… စိန်မလား'

'ဟာ… စိန်လိုက်လေ'

'ကိုင်း… ဒါဆို ဘယ်လိုစိန်မလဲ'

'အဲဒီ ထီလက်မှတ်နဲ့ သုံးတောင်အကွာကနေ နှစ်ယောက်စလုံး ခြောင့်ကြောင့်ထိုင်ပြီး ကြည့်နေမယ်၊ ဘယ့်နှယ်လဲ'

'ဟာ… မင်းဟာက မဟုတ်သေးပါဘူး'

'ဘာလို့ မဟုတ်ရမှာလဲ၊ အဲဒီလို ကြည့်ပြီး ညောင်းတာတို့၊ အိပ်ငိုက်တာတို့ဖြစ်တဲ့သူက အရှုံး၊ နိုင်တဲ့သူက အဲဒီ ထီလက်မှတ်ကို ပိုင်တယ်'

'ကောင်းပြီ… စိန်လိုက်လေ'

ကောက်ကွေး စကားအဆုံးမှာ ဂေါက်ပြားကလည်း ခေါင်းညိတ် လက်ခံတယ်။

ဒီလိုနဲ့ နှစ်ယောက်သား စည်းကမ်းသတ်မှတ်ထားတဲ့အတိုင်း ထီလက်မှတ်နဲ့ သုံးတောင်အကွာကနေ ခြောင့်ကြောင့်ထိုင်ပြီး ကြည့်ဖို့ အသင့်ပြင်လိုက်ကြတယ်။

'ဟေ့… ရပ်လိုက်စမ်း'

အသံလာရာ သူတို့ကြည့်လိုက်တဲ့ချိန်မှာ…

'မြတ်စွာဘုရား'

'အောင်မယ်လေးဗျာ…'

သူတို့နှစ်ယောက် ဝုန်းခနဲ ထပြေးလိုက်ကြတယ်။ အစေးကြီးတော့ မဟုတ်။ ခြေ လေး၊ ငါးလှမ်းစာ။

သူတို့ သေသေချာချာ ပြန်ကြည့်လိုက်တယ်။

မိန်းကလေးတစ်ဦး။

မျက်ခုံးမွေးတစ်မျှင်မျှ မရှိ။ မျက်ခွံကြီး မို့အစ်ပြီး မိတသေလို ငိုထားတဲ့ လူတစ်ယောက်လို။ ရုတ်တရက်တွေ့ရတော့ ကြောက်စရာ။ အဲ... ပင်ကိုမျက်ခုံးမွေးရှိရင်တော့ အတော်ကြည့်ကောင်းမယ့် အလှမျိုး။ ခုတော့ ဘူးသီးကို မျက်စိပေါက်တပ်ပေးတာမှ ကြည့်ကောင်းဦးမယ်။ မိန်းကလေးမျက်နှာကို ဘယ်လိုမှ သည်းညည်းခံပြီး ကြည့်မရ။

'ဟို... မင်း... မင်းမှာ'

ကောက်ကွေးက မိန်းကလေးမျက်နှာကို လက်ညှိုးထိုးပြီး ပြောလိုက်တာ။

'ဘာလဲ... ဘာဖြစ်တာလဲ'

'မင်း... မင်းမှာ အမွေးမရှိ... မရှိ'

'ဘာရှင့်...'

မိန်းကလေးအသံ ငါးစိမ်းသည်လို စူးရှကျယ်လောင်သွားတယ်။

'ဟာ... မဟုတ်ဘူး၊ မင်း မျက်ခုံးမွေးမရှိတာကို ပြောတာ'

'ဟုတ်တယ်... မိန်းကလေး၊ မင်း ဘယ်ဂြိုဟ်သားလဲ၊ အင်္ဂါဂြိုဟ်လား၊ သောကြာဂြိုဟ်လား'

ကောက်ကွေးအတိုင်း ဂေါက်ပြားကပါ တအံ့တသြလုပ်ပြီး မေးလိုက်တယ်။

ဒီတော့မှ မိန်းကလေး သူ့မျက်ခုံးကို သူမ လက်ဖြင့်ပွတ်လိုက်ပြီး…

"ဩော်… "ဒါလား၊ ပိုးဟပ်ကိုက်သွားလို့ ဗိုပြီးကြည့်ကောင်းအောင် အကုန် နီဖွာနပစ္စယောလိုက်တာ"

"ဟင်း… မင်း အဲဒါမှ ပိုဆိုးတာ"

ကောက်ကျွေးက မျက်လုံးပြူးရင်း ကောက်ကာငင်ဏာ ဝင်ပြောလိုက်တယ်။

"အောင်မာ… အရင်ပုံစံ ရှင် တွေ့ဖူးလို့လား"

ကောက်ကျွေး ဘာဆက်ပြောရမှန်း မသိ။

"ဒါနဲ့များ ရှင်ရယ်၊ ကဲ… ရှင်တို့ကိစ္စကို ကျွန်မ ဒိုင်လုပ်ပေးမယ်"

ဒီတော့မှ ခုန ကိစ္စသတိရပြီး နှစ်ယောက်သား အသက်ပြန်ဝင်သွားကြတယ်။

ကောက်ကျွေးက…

"ဒါဆို မင်းက ချဲဒိုင်တွေ ဘာတွေ လုပ်ဖူးမှာပေါ့"

"အို… ဘာဆိုင်လို့လဲ"

"မသိဘူးလေ၊ ဒိုင်လုပ်ဖူးတယ်ဆိုတော့ ချဲဒိုင်တွေ ဘာတွေများ လုပ်ဖူးသလားလို့ပါ"

"ကဲ… ရှင် အပိုတွေ ပြောမနေနဲ့၊ ကျွန်မ ဒိုင်လုပ်ပေးမှာကို လက်ခံလား၊ မခံလား၊ ဒါပဲပြော"

"လက်ခံတယ်"

"ငါလည်း သူ့အတိုင်းပဲ"

သူတို့နှစ်ယောက် ပြိုင်တူ ခေါင်းညိတ်လိုက်ကြတယ်။ ကောက်ကွေးက...

'ကောင်းပြီ မိန်းကလေး၊ ဟိုက ထီလက်မှတ်ကို ငါ အရင်တွေ့တာ'

ဂေါက်ပြားကလည်း...

'မဟုတ်ဘူး မိန်းကလေး၊ အဲဒီ ထီလက်မှတ်ကို ငါ အရင်တွေ့တာ'

'မင်း လူလည်မကျနဲ့'

'မင်းလည်း လူလည်မလုပ်နဲ့လေ'

ကောက်ကွေး ခေါင်းကုတ်လိုက်တယ်။

ဂေါက်ပြားလည်း နဖူးပွတ်လိုက်တယ်။

'ဘယ့်နှယ်ဟာပါလိမ့်၊ ဒီအတိုင်းဆို ဒိုင်စားမှာ ကျိန်းသေပြီ'

ကောက်ကွေးက တွေးလိုက်တာ။ ဂေါက်ပြားကလည်း တွေးလိုက်တယ်။

'ဘယ့်နှယ်လူလဲဟ၊ ဒီအတိုင်းဆို ဟိုဂေါ်မ ကြားဝင်ဆွဲသွားမှာ အသေအချာပဲ'

အတန်ကြာမှ ကောက်ကွေးက ထပြောတယ်။

'အဲဒီ ထီလက်မှတ် ငါပိုင်တယ်'

ဂေါက်ပြားကလည်း ထိုင်နေရင်းက ပြောလိုက်တယ်။

'ဒီလို ရမလား၊ ငါလည်း ပိုင်တယ်'

'ဟာ... ဒုက္ခပဲကွာ'

'ဟင်... ဒုက္ခပဲကွာ'

'အို… ရှင်တို့နှစ်ယောက် ဘယ့်နှယ်ဟာတွေလဲ'

မိန်းကလေး သူတို့နှစ်ယောက်ကိုကြည့်ကာ စိတ်ပျက်သွားဟန်။

ခုမှပဲ မိန်းကလေးမျက်နှာက ပိုပြီးကြောက်စရာကောင်းသွားတယ်။

'ဘယ့်နှယ်မှ မဟုတ်ဘူး၊ တစ်ဆိတ် မင်းမျက်နှာကို အဲဒီလိုကြီး ရှုံ့မထားစမ်းပါနဲ့၊ ကြည့်ရင်း ကြည့်ရင်း အီးတီပုံ ပေါက်လာလို့'

'ဘာရှင့်…'

ကောက်ကွေး စကားကြောင့် မိန်းကလေး ကုလားအော်သီး မကိုက်ရဘဲ ရှုံ့ရှုံ့ရွဲ့ရွဲ့ ဖြစ်သွားတယ်။

ဟောဗျာ… အဲဒါမှ ပိုပြီးကြောက်စရာကောင်းသေး။ ဒုက္ခပဲ… ဘယ်လိုလုပ်ရမှန်း မသိတော့။ ကောက်ကွေး စကားကလည်း မိန်းကလေး အချိုက်တည့်တည့်မှ သွားထိတာကိုး။

သူတို့ ဘာဆက်လုပ်ကြမလဲပုံစံနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။

ဂေါက်ပြားက…

'ဆောရီး… ဒီကောင့်စကားကို ဗွေမယူနဲ့၊ သူဆဲလ်တွေက ပုံမှန်အနေအထားမှာ မရှိဘူး၊ အဲ… မိန်းကလေးက လှပြီးသားပါ၊ ဒီကောင် မနာလို ဖြစ်နေတာ၊ ကဲ… ခုနကိစ္စ ဘယ်လိုရှင်းပေးမလဲ'

'အို… တော်ပြီ မရှင်းတော့ဘူး'

မိန်းကလေး စိတ်ဆိုးသွားတယ်။

'အဲဗျာ… မလုပ်ပါနဲ့၊ ငါ တောင်းပန်ပါတယ်'

ကောက်ကွေးက မိန်းကလေးကို ဖြုန်းဆို ပြေးဆွဲပြီး ပျာပျာ သလဲ တောင်းပန်လိုက်တယ်။ (တော်သေးတာက တခြားမဆွဲမိဘဲ လက်ကို မိမိရရ ဆွဲမိပေလို့။)

'အို... ရှင် ကျွန်မလက်ကို လွှတ်ပါ'

ကောက်ကွေး ပြန်လွှတ်ပေးလိုက်တယ်။ ကိုင်ထားလည်း ရမှမရတာကိုး။ နို့မဟုတ်ရင် 'ထောင်'ပေါက်ပဲ။ အင်းစိန်က နီးနီး ကလေး။

'ရှင်တို့ ဘယ်လိုလူစားတွေလဲ'

'အောင်မယ်... မင်းကပဲ ပြန်မေးရတယ် ရှိသေး၊ မင်းရုပ် မင်း မှန်ထဲသေချာပြန်ကြည့်ဦး'

လို့ ကောက်ကွေး ပြန်မပြောလိုက်မိပါ။ ဂေါက်ပြားလည်း ပြန်မပြောလိုက်မိပါ။ ပြောလိုက်ရင်တော့ ပွဲကပျက်ပြီ။ အဲ... စိတ်ထဲ ကတော့ ပြောလိုက်မိလေသလား မသိ။

ပြီးတော့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို သူတို့နှစ်ယောက် စလုံး 'ဟာ'တို့၊ 'ဟင်'တို့လည်း အာမေဍိတ်သံ မပြုကြပါ။

သေချာတာကတော့ နှစ်ယောက်စလုံး မျက်လုံးနည်းနည်းပြူ ပြီး ပါးစပ်မပြဲဘဲ ပြုံးလိုက်ခြင်းမှာ အချားသုံး ရိုးအီနေ၍ ပြောင်းပြန် သုံးလိုက်ခြင်း ဖြစ်တယ်။)

သူမက အလွန်စိတ်ပျက်သွားဟန်နဲ့...

'ကဲ... ပြော၊ ရှင်တို့ ဘယ်လိုလူစားတွေလဲ'

သူမ မေးတဲ့အတိုင်း ပြန်ဖြေရရင် တစ်ယောက်က မြို့စား။ တစ်ယောက်က နယ်စားလို့ ပြောရင် လက်ခံမှာမဟုတ်။

ဒီတော့ သူမ လက်ခံနိုင်တာကိုပဲ စဉ်းစားရမယ်။ ကောက်ကွေးက...

"အဲ... ငါက ပန်းစားဘီလူး၊ သူက မြက်စားတဲ့နွား"

"ဘာကွ... ဟော့ကောင်၊ မင်း ရိုင်းလှချည်လား၊ အဲဒီစကားကို ငါ ပြောမလို့ကွ၊ မင်းကွာ... မင်း"

သူတို့နှစ်ယောက်ကိုကြည့်ပြီး မိန်းကလေး သုံးဆယ့်နှစ်ကွပ်တာ သွားများပေါ်အောင် ပြုံးသွားတယ်။

"ဟောဗျာ... သွားတွေကလည်း ဝါထိန်လို့၊ သွားမတိုက်ဘူးလား မသိ၊ မိန်းကလေးဖြစ်ပြီး ညစ်ပတ်လိုက်တာ၊ အံ့ရော... အံ့ရောပဲ"

အဲဒီလို သူတို့နှစ်ယောက်စလုံး မပြောဖြစ်လိုက်ပါ။ မြင်ချင်ယောင်ဆောင်ပြီးတော့ပဲ နှာခေါင်းရှုံ့လိုက်ကြတယ်။

"ရှင်တို့ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်း သဘောကျတာကို သဘောကျလို့"

ကောက်ကွေး စိတ်ပျက်စွာပြန်ဖြေလိုက်တယ်။

သူမတစ်ကိုယ်လုံး မိန်းကလေးအလှအပနဲ့ တူပြီး မက်မောစရာဆိုလို့ ဘာမျှမရှိ။ အတော့်ကို ထူးဆန်းတဲ့ မိန်းကလေး။ အတော့်ကိုလည်း စိတ်ပျက်စရာကောင်းတဲ့ မိန်းကလေး။

ဒါပေမဲ့ သူတို့ကိစ္စကို ဖြေရှင်းပေးမယ်ဆိုရင်သာ သည်းခံရတယ်။ နို့မဟုတ်ရင်တော့ မောင်းထုတ်ပစ်ထား ကြာပြီ။

"တကယ်လား၊ ခစ်... ခစ်... ခစ်"

ဟောဗျာ... ရယ်ပြန်ပြီ။ နနွင်းလို ဝါထိန်လိုက်တဲ့ သွားတွေ။

ဘယ့်နှယ် မိန်းကလေးပါလိမ့်။ သွားဖြဲပြပုံထောက်ရင် မဖဲ့ဝါလား မသိ။

"တကယ် မကဘူး၊ တကယ် တစ်ရာ၊ တကယ် နှစ်ရာ၊ အဟုတ်ပြောတာ"

ဝေါက်ပြား အငေါ့တူးပြီး ပြောလိုက်မှန်း သူသိတယ်။ ဒါကို မိန်းကလေးက သဘောမပေါက်။ ဗိုပြီး သဘောကျကာ သူမ "သွား" ကို သူမ မဖုံးနိုင်၊ မဖိနိုင် ဖော်ပြနေတာများ လွန်ရော ကျွံရောပဲ။

"ကဲ… ဒါဆိုရင် သေသေချာချာ နားထောင်၊ တိတိကျကျ ပြန်ဖြေ"

သူမပုံစံကို မသိရင် အတန်းထဲက တကယ့်ကျောင်းဆရာမ ကြီး တစ်ဦးအတိုင်း။

ဘာတွေများ နားထောင်ပြီး ဘာတွေများ ဖြေပေးရမယ် မသိ။ ကိုရီးယားဇာတ်လမ်းတွဲကို အစအဆုံး ပြန်ပြောပြပြီး "ကျွန်မ မျက်ခုံး မွေး ဘယ်နှပင်ရှိသလဲ" မေးရင်တော့ ပြဿနာ။

"ကဲ… ကျွန်မ ပြောတာကို ရှင်တို့ သဘောတူကြလား"

ပါးစပ်နဲ့လည်း မဖြေပါ။ မျက်စိနှစ်ပေါက်နဲ့လည်း မဖြေပါ။ ခေါင်းတစ်ယောက်တစ်လုံးစီနဲ့ ညိတ်ပြီး ဖြေလိုက်ကြတယ်။

"ဟုတ်ပြီ…၊ ရှင်တို့ကို ကျွန်မ အရင်ဆုံးပြောမယ်၊ ရှင်တို့ နှစ်ယောက် ခုလောလောဆယ် တစ်ယောက်က မြေခွေး၊ တစ်ယောက် က ဖျံလုပ်ရမယ်၊ ဘယ့်နှယ်လဲ"

"ဘာကွ…"

"မင်း ဘာပြောတာလဲ"

သူတို့ကို မလေးနဲ့ဆိုပြီး လက်နဲ့ အမူအရာပြတယ်။ ဒါကြောင့် အောင့်သက်သက်နဲ့ပဲ ငြိမ်နေလိုက်ကြတယ်။

'ကျောင်းစာအုပ်ထဲမှာ ရှင်တို့ မြင်ဖူးမှာပေါ့၊ မြစ်ဆိပ်တစ်ခု မှာ ငါးကြင်းတစ်ကောင်ကို ဖမ်းမိပြီး အငေမတည့်ဖြစ်နေတဲ့ မြေခွေး နဲ့ ဖျံ၊ အခုလည်း ထီလက်မှတ်တစ်စောင်အတွက် ရှင်တို့ လူမြေခွေးနဲ့ လူဖျံ အငေမတည့်ဖြစ်နေကြတယ် မဟုတ်လား'

မိန်းကလေးက စကားကိုဖြတ်ပြီး သူတို့ကို ကြည့်လိုက် တယ်။

သူတို့နှစ်ယောက် ခွေးကိုက်ခံထားရတဲ့ သားရေပြားလိုဖြစ်နေ မှာ အသေအချာပဲ။

'ဒီတော့ စာအုပ်ထဲကအတိုင်း ကျွန်မက ယုန်ပညာရှိဖြစ်သွား ပြီ၊ အင်း... ငါးကြင်းကို တစ်ဝက်စီခွဲပေးသလို ထီလက်မှတ်ကို တစ်ဝက်စီခွဲပေးလို့ မရဘူး၊ ဒါကြောင့် ရှင်တို့ လူမြေခွေးနဲ့ လူဖျံ နှစ်ကောင်အတွက် လူပညာရှိ ယုန် ကျွန်မက တခြားနည်းနဲ့ အညီအမျှ ခွဲဝေပေးရမယ်'

ကြည့်စမ်း... မိန်းကလေးက အလာချည်းပါလား။ သူမ ကိုယ် သူမကျတော့ လူပညာရှိယုန်တဲ့လေ။ သူတို့နှစ်ဦးအဖို့တော့ ဘယ်သူက မြေခွေးဖြစ်လို့ ဘယ်သူက ဖျံဖြစ်လိမ့်မယ် မသိ။

ထားတော့။ ခုကိစ္စ ပြေလည်တော့မှာ မဟုတ်လား။ အဲ... ခုချိန်မှာ မြေခွေးဖြစ်ရလည်း သိပ်ပြဿနာ မရှိ။ ပုန်းခိုအောင်းမှီ လျှို့ဝှက်မြေအောက် ကျောက်လိုဏ်ဂူတွေက ပေါမှပေါ။

ခွေးအခွင့်အရေးက လူတွေကို ဘာမှကြီးကျယ်စရာ မလို

ဈေးတို့ အိမ်သာတို့ရှိရင် ပြီးပြီ။ လူဆိုတဲ့ သတ္တဝါများကတော့ သေတာတောင် ပြီးမှာမဟုတ်။ လူမသာ အခွန်ဆောင်ရသေးတာကိုး။

"ကဲ… ကျွန်မ ပြောပြီးပြီဆိုတော့ မေးစရာပဲ ကျန်တော့တယ်"

သူတို့နှစ်ဦး မျက်လုံးလေးပေကလပ် ပေကလပ်နဲ့ နားထောင်နေလိုက်တယ်။

"ဒီဘက်က ဆံပင်ကောက်ကောက်၊ လက်ပျဉ်ကွေးကွေးနဲ့ ရှင့်ကို အရင်မေးမယ်"

ကောက်ကွေး နားရွက်နှစ်ဖက် မဆွဲရဘဲ အပေါ်ထောင်တက်သွားတယ်။

"ကဲ… ရှင့်ကိုမေးပြီ၊ ထီလက်မှတ်ကို ရရင် ရှင် ဘာလုပ်မလဲ"

"အရူး"

"ဘာရှင့်…"

"တကယ်ပြောတာ၊ အရူးဆိုတာ အကုန်ဖြစ်လို့ ရတယ်၊ ဥပမာ ရှင်ဘုရင်ဖြစ်လို့ရတယ်၊ သူဌေးကောင်းစားဖြစ်လို့ရတယ်၊ ဘုရားလူကြီးဖြစ်လို့ရတယ်၊ နိုက်ကလပ်တက်တဲ့ ကုမ္ပဏီသူဌေးကြီး ဖြစ်လို့ရတယ်၊ ဟုတ်တယ် မဟုတ်လား"

"ရှင် စကားကို ကောင်းကောင်းပြောပါ၊ ကျွန်မ စိတ်မရှည်အောင် မလုပ်နဲ့နော်"

"ကဲ… ကောင်းပါပြီ၊ အမှန်အတိုင်း ဖြေတော့မယ်၊ အဲဒီ ထီလက်မှတ်ကိုရရင် ရောင်းပြီး ဟောဒီဗိုက်ထဲ အာဟာရသွတ်မလို့"

"ဘာရယ်…"

မိန်းကလေး မျက်နှာလုံးပြူးသွားတယ်။ ဆန်ကောလောက်တော့ မကြီးပါ။

"ဟုတ်တယ်၊ ဒါ နောက်စရာမဟုတ်ဘူး၊ မင်း မယုံလည်း နေ၊ ထမင်းမစားရတာ ဒီနေ့နဲ့ပါဆို သုံးရက်နဲ့ တစ်မနက်ရှိပြီ"

"အို…"

ဟုတ်ကော ဟုတ်ရဲ့လားဆိုတဲ့ သံသယနဲ့ မိန်းကလေး ကောက်ကွေးကို ကြည့်လိုက်တယ်။ သနားသွားပုံလည်း ရတယ်။

"ကိုယ့်အရက်ကို မငှဲဘဲ ဘာယ်ယောကျ်ားမှ ဒီစကားမျိုး မပြောဘူး"

ကောက်ကွေး စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်ခြင်းကြောင့် မိန်းကလေး ပခုံးနှစ်ဖက် တွန့်သွားတယ်။

"ကောင်းပြီလေ… ရှင့်ကို ကျွန်မ ယုံလိုက်မယ်၊ ကဲ… ဒီဘက်က ခေါင်းပြားပြား၊ ပဲလင်းမြွေသီးအရစ်အမောင်းနဲ့၊ ရှင်ကရော အဲဒီထီလက်မှတ်ကိုရရင် ဘာလုပ်ဖို့စိတ်ကူးလဲ"

"လေယာဉ်ပျံဝယ်မယ်"

"လာပြန်ပြီ နောက်တစ်ယောက်"

"ငါဖြစ်ချင်တာကို ပြောတာလေ၊ လေယာဉ်ပျံဆိုတာ ငါတို့လိုလူတွေအတွက် အိပ်မက်ထဲတောင် ဖြစ်ခွင့်မရှိဘူး၊ လေယာဉ်ပျံ တစ်စီးလောက် အကယ်၍ ပိုင်ဆိုင်ခွင့်ရှိမယ်ဆိုရင် မိန်းမလှကျွန်းကို တစ်နေ့တစ်ခေါက် သွားမယ်"

"ဘယ်လိုလဲ… ရှင် စကားကို ကောင်းကောင်းပြောမှာလား၊

ကျွန်မ စိတ်ပြောင်းသွားရင် မလွယ်ဘူးနော်'

ဒီတော့မှ ဂေါက်ပြွားခမျာ ပျာပျာသလဲဖြစ်သွားပြီး…

'ဟို… အဲ… သူပြောတဲ့အတိုင်းပဲ'

'ဟင်း… ရှင်တို့နှစ်ယောက်စလုံးက ထီလက်မှတ်တွေဟာ တူရုံတင် မဟုတ်ဘူး၊ လတ်ရှိအခြေနေပါ တူနေပြီ၊ ဒီတော့ ထီလက်မှတ်ကို တစ်နေရာရာမှာရောင်းပြီး ရတဲ့ပိုက်ဆံကို တစ်ဝက်စီခွဲယူကြပေါ့'

ဒီတစ်ခါ အံ့ဩရသူက မိန်းကလေး မဟုတ်။ သူတို့နှစ်ဦး။

မိန်းကလေးပြောသလို တကယ်တမ်း ထီလက်မှတ်တစ်စောင်တည်း လိုက်ရောင်းဖို့ဆိုတာ အတော့်ကို လူရယ်စရာကောင်းတဲ့ကိစ္စ။ လူတွေ ဘယ်လိုထင်ကြမလဲ။

ပြီးတော့ ဘယ်သူ့ကို ဘယ်လိုပြောပြီး လိုက်ရောင်းမလဲ။ ထီရောင်းပြီး အသက်မွေးဖို့လည်း ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့။

'ရှင်တို့ ဘာဖြစ်သွားတာလဲ'

'တို့က ထီလက်မှတ်ကို ဘယ်မှာလိုက်ရောင်းမှာလဲ'

ကောက်ကွေးက ပြောလိုက်တယ်။ ဂေါက်ပြားလည်း လေသံ ပျော့ပျော့လေးနဲ့…

'ဟုတ်တယ် မိန်းကလေး၊ တို့က ဘယ်သူ့ဆီ လိုက်ရောင်းရမှာလဲ'

မိန်းကလေး တွေသွားတယ်။ အတန်ကြာမှ…

'ဒါဆို ဒီလိုလုပ်၊ အဲဒီထီလက်မှတ်ကို ကျွန်မပဲ ယူထားလိုက်မယ်'

'ဟင်…'

'ဟာ…'

ဒါ သက်သက်မောင်ပိုင်စီးတာ မဟုတ်။ မ ပိုင်စီးတာ။ သူတို့မှာ ရောင်းစရာလူမရှိတာသိလို့ ဒီအကွက် ဆင်လိုက်တာ။ ရန်ကုန်မြေပေါ်ရောက်လာတာ မကြာသေးပေမယ့် ဒါမျိုး သူတို့နှစ်ယောက် နောကျေပြီးသား။

'ဒါတော့ လုံးဝသဘာဝမကျဘူး ထင်တယ်'

'ဟုတ်တယ်၊ စဉ်းစားပြီးမှ မင်း ဒီစကားပြောပါ'

ကောက်ကွေးနဲ့ ဂေါက်ပြားက အတိုင်အဖောက်ညီစွာ ပြောလိုက်တယ်။

'ဘာလဲ… ရှင်တို့က ကျွန်မကို မရောင်းဘူးဆိုတဲ့ သဘောလား'

'ဟင်… ရောင်းရမယ်၊ ဟုတ်လား'

ကောက်ကွေးရော ဂေါက်ပြားပါ အံ့ဩသွားရပြီ။ ပထမဦးဆုံး 'အံ့'ပြီးမှ တဖြည်းဖြည်း 'ဩ'သွားတဲ့ပုံစံ။

'ဟုတ်တယ်လေ… ကျွန်မက ရှင်တို့ အခက်အခဲ ပြေလည်အောင် ဝယ်ထားလိုက်မှာ၊ ရှင်တို့ လိုက်ရောင်းစရာ မလိုတော့ဘူး မဟုတ်လား'

'ဒါဆိုလည်း မြန်မြန်သာ လုပ်ပေတော့'

ကောက်ကွေးက ဝမ်းသာအားရ လောလိုက်တယ်။ သူတို့နှစ်ယောက်စလုံး မှိုရတဲ့မျက်နှာများလို တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး တက်ကြွသွားကြတယ်။

'ဟုတ်ပြီလေ၊ ရှင်တို့ ဘာအလိုရှိသလဲ ပြောဦး၊ ဒါပေမဲ့ မတန်တဆဈေးတော့ မပေးဘူး'

'ဟုတ်ပါပြီ၊ ဝယ်မယ်ဆိုလည်း မြန်မြန်သာဝယ်တော့ မိန်းကလေး၊ တစ်ယောက် မုန့်ဟင်းခါးတစ်ပွဲဖိုးလောက်ဆို ရပြီ'

ကောက်ကွေးက ပြောလိုက်တယ်။ ဂေါက်ပြားကလည်း…

'ဟုတ်တယ်၊ ဒီအစီအစဉ် မဆိုးဘူး'

'အိုကေ… ရမယ်၊ ရော့… တစ်ယောက်ကို ငါးရာစီယူ၊ မုန့်ဟင်းခါးတစ်ပွဲမှ အကြော်မပါ နှစ်ရာပဲကျတယ်၊ သုံးရာက ရှင်တို့ ကူးတို့ခ၊ အဲ… လမ်းစရိတ်အတွက် အပိုကြေးကူညီလိုက်တာ'

မိန်းကလေး လက်ထဲက ငါးရာတန်နှစ်ရွက်ကို နှစ်ယောက်စလုံး မလုတော့ဘဲ တစ်ရွက်စီ အငမ်းမရ ယူလိုက်ကြတယ်။ လုစရာလည်း အပိုမှ မရှိဘဲကိုး။

လက်ထဲ ငါးရာတန်တစ်ရွက်စီ ရောက်ရောက်ချင်းမှာပဲ ဘာမှ စဉ်းစားမနေကြ။ သုတ်ခနဲ ပြေးထွက်လာခဲ့ကြတယ်။ 'ဒဿဂီရိ'ကို 'ရာမ'ပစ်တဲ့မြားက နှေးကွေးဦးမယ်။ သူတို့ကတော့ 'ဗွပ်'ခနဲပဲ။

ဘယ်လောက်မြန်သလဲဆို မိန်းကလေးကို ကျေးဇူးတင်စကားလေး ဘာလေးတောင် မပြောနိုင်တော့တဲ့ အခြေအနေ။

တစ်ယောက်က ကောက်ကွေး၊ တစ်ယောက်က ဂေါက်ပြား။ နာမည်ကလည်း ထူးဆန်းသလို လုပ်ပုံတွေကလည်း ထူးဆန်းတယ်။

ရှေ့ဆက် ဘာတွေဖြစ်ကြဦးမယ် မသိ။

❑ ❑ ❑

(နှစ်)

မုန့်ဟင်းခါးဆိုင်လေးထဲကို ကောက်ကျွေး ဝင်ထိုင်လိုက်ချိန်မှာပဲ ဂေါက်ပြားလည်း သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လာတယ်။

ကောက်ကျွေးက သွားကြားထဲ လေမှုတ်ပြီး အလိုမကျဟန်ပြလိုက်တယ်။

ဂေါက်ပြားကတော့ လုံးဝဂရုမစိုက်ဘူး။ ဒူးနှစ်လုံးတောင် နှံ့နေသေး။ ကြည့်ပါလား။ ရပ်ကိုက ရိုက်ပေါက်။

သို့ပေမဲ့ ကောက်ကျွေး စိတ်လျှော့လိုက်တယ်။ စိတ်မလျှော့လို့လည်း မရ။ ဒီတစ်လမ်းတည်းမှာ ဒီမုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင်ပဲ ကံကောင်းစွာရှိနေတယ် မဟုတ်လား။

တခြားကို သွားရှာဖို့လည်း အချိန်မရတော့။ ဗိုက်ထဲက "တဝီဝီ" "တပွမ်ပွမ်" နဲ့ အတော်ကို ဒုက္ခပေးနေပြီကိုး။

သူတို့အနားက ဖြတ်သွားရင်တောင် လူရယ်လို့ မထင်ရ။ အဲဒီအသံမျိုးစုံကြောင့် ပြိုင်ပွဲဝင် ဘင်ခရာအဖွဲ့လို့ ထင်လောက်တယ်။

"မုန့်ဟင်းခါးတစ်ပွဲ၊ အကြော်လွှတ်ပေးပါ"

ဂေါက်ပြားက ကောက်ကွေး ပထမ မှာလိုက်သလို လေသမျိုးနဲ့ လှမ်းမှာလိုက်တယ်။

ရေနွေးကြမ်းတစ်ခွက်ကို 'ဗွပ်'ခနဲ အသံမြည်အောင် သောက်လိုက်တယ်။ ပုံစံကတော့ ခပ်တည်တည်ပဲ။

ခဏနေတော့ ချာတိတ်တစ်ယောက် မုန့်ဟင်းခါးနှစ်ပွဲလာချပေးတယ်။

သူတို့ တစ်ယောက်တစ်ပွဲစီစားဖို့ ဟန်ပြင်လိုက်တယ်။

သို့ပေမဲ့ မစားဖြစ်သေး။ တစ်ယောက်မျက်နှာတစ်ယောက် အကဲခတ်ကြည့်လိုက်ကြတယ်။ ပြီး ကောက်ကွေးက ပခုံးကိုတွန့်ပြလိုက်တယ်။ ဂေါက်ပြားကလည်း အညှဲမခံ မျက်ခုံးတွန့်ပြလိုက်တယ်။

ကျားကျားချင်းဆိုတော့ တယ်ခံတွင်းမတွေ့လှပေဘူးကိုး။ ဒီလိုနဲ့ သူတို့ မုန့်ဟင်းခါးကို အငမ်းမရ စားလိုက်ကြတယ်။

တစ်ပွဲကုန်သွားတော့ ကောက်ကွေးက မုန့်ဟင်းခါးအရည်အဆစ်ပါ တောင်းလိုက်သေးတယ်။ ဒါကို ဂေါက်ပြားကလည်း အားကျမခံ လိုက်တောင်းတယ်။

ဒါတောင် ကောက်ကွေးက နောက်ထပ် တောင်းချင်သေးတဲ့ပုံစံနဲ့ မုန့်ဟင်းခါးသည် အစ်မကြီးကို မျှော်လင့်တကြီး ကြည့်လိုက်သေးတယ်။

အစ်မကြီးကတော့ သူတို့နှစ်ယောက်ပုံကို ကြည့်ပြီး ရိပ်မိသွားသလား မသိ။ မသိကျိုးကျွန်ပြုပြီး သူ့အလုပ်သူ ဆက်လုပ်နေတယ်။

"ဘာလိုသေးလဲ"

"နောက်ထပ် ယူဦးမလား"

ရယ်လို့ ယောင်လို့တောင် ထပ်မမေးတော့ဘူး။ ခပ်စိမ်းစိမ်းမဲ့။

အဲ... သူတို့ကို မမေးတော့လည်း အစ်မကြီးမှာ အပြစ်မရှိဘူး။ ကျသင့်ငွေရှင်းပြီး နောက်ထပ် စားမယ်ဆိုရင်တောင် မုန့်ဟင်းခါးလည်းရှိမှ မရှိတော့ဘဲကိုး။

ဒါတောင် သူတို့အတွက် ကံကောင်းလို့ တစ်ပွဲစီစားခွင့်ကြုံတာ။

ဒီတော့ သူတို့နှစ်ယောက် ရေနွေးကြမ်းချည်းပဲ တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်လိုက်ကြတယ်။

အကြမ်းအိုးလည်း ကုန်ပြီ။

မုန့်ဟင်းခါးသည် အစ်မကြီး မျက်စောင်းတစ်ချက် လှမ်းထိုးတယ်။

သူတို့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်လိုက်ကြပြန်တယ်။

ဘာကောင်လဲ။ ဘယ်ကလဲ။ ဘယ်သွားမလဲဆိုတဲ့ အဓိပ္ပာယ်မျိုး။

'ဒီမှာ ကိုယ့်လူ'

ကောက်ကွေးက ခေါ်လိုက်တယ်။

'ဒီမှာ ငါ့လူ'

ဂေါက်ဖြားကလည်း ပြန်ခေါ်တယ်။

ပြီးမှ နှစ်ယောက်သား ရယ်လိုက်ကြရော။ ဘာကို သဘောကျပြီး ရယ်တာလဲ မသိ။ အကြံချင်း၊ စိတ်ကူးချင်းတူတဲ့အတွက်

သဘောကျတာလည်း ဖြစ်နိုင်တယ်။

'မင်းနာမည် ဘယ်လိုခေါ်လဲ'

ကောက်ကွေးက စမေးလိုက်တယ်။ ဂေါက်ပြားကလည်း…

'ငါ့နာမည် ဂေါက်ပြား'

'ဟား… ဟား… ဟား…'

ကောက်ကွေးက ထရယ်လိုက်တာကြောင့်…

'မင်း ဘာရယ်တာလဲကွ'

'မင်းနာမည် သဘောကျလို့၊ ဟား… ဟား… ဟား… ဟား… ဂေါက်ပြားတဲ့၊ ဆန်းလိုက်တဲ့နာမည်၊ နေစမ်းပါဦး… ဒီနာမည် ပေးရအောင် မင်းက ဂေါက်ပြီးပြားနေလို့လား'

'ဘာကွ…'

ကောက်ကွေး အမေးကြောင့် ဂေါက်ပြား နားရွက်ထောင်ပြီး ခေါင်းကားသွားတယ်။ ပြီးမှ…

'မင်းနာမည်ရော ဘယ်သူလဲ'

'ငါ့နာမည်က ကောက်ကွေး'

'ဟူး… ဟူး… ဟူး…'

ဂေါက်ပြား ထရယ်လိုက်ခြင်း ဖြစ်တယ်။ ရယ်တာ ထိုင်ပြီး ရယ်လည်း ဘာမှမဖြစ်ပါ။

ဒါပေမဲ့ သူရယ်တာက တစ်မျိုး။ ဟူး… ဟူး… ဟူး… တဲ့။

'ဟား… ဟား… ဟား…'ကို ကောက်ကွေး သူ့အရင်ရယ်သွားလို့ 'ဟီး… ဟီး… ဟီး…'လို့ ရယ်လိုက်ရင် လူရယ်တာနဲ့မတူ

ဘဲ မြင်းဟီတာနဲ့ တူမှာ၊ ဒါကြောင့် ဟူး… ဟူး… ဟူး’လို့ ရယ်လိုက်တာဖြစ်မယ်။

‘ကျွတ်… မင်း ရယ်တာက တစ်မျိုးကြီးပါလား’

‘ငါ့ဟာငါ ဘယ်လိုရယ်ရယ်ကွ၊ ဒါ ခေတ်သစ်ရယ်နည်းကွ၊ မှတ်ထား’

ကောက်ကွေး ပခုံးရှုံ့ပြီး စအိုတွန့်သွားတယ်။

‘ဟူး… ဟူး… ဟူး… မင်းနာမည်ကလည်း ထူးလိုက်တာ၊ ကောက်ကွေးတဲ့၊ ဘယ်နေရာမှာ ကောက်ပြီး ဘယ်နေရာမှာ ကွေးနေလို့လဲ၊ ဟူး… ဟူး… ဟူး…’

ဂေါက်ပြားအမေးကို ကောက်ကွေး ထုံးစံအတိုင်း ‘ဘာကွ’လို့ မအံ့ဩတော့။ ပခုံးလည်း မရှုံ့တော့ပါ။ စအိုလည်း မတွန့်တော့ပါ။

‘ကိုင်း… မင်းနဲ့ ငါ နာမည်ချင်းဖလှယ်ပြီးပြီဆိုတော့ ဇာတိချင်း၊ ဘဝချင်း ဖလှယ်ဖို့ပဲ ကျန်တော့တယ်’

ကောက်ကွေးက ပြောလိုက်တယ်။ ဂေါ်ပြားကလည်း ထိုင်နေရာက ငေါက်ခနဲ ထရပ်လိုက်ပြီး…

‘ဟာ… သိပ်မှန်တာပေါ့၊ အဲဒါ အဓိကပဲ’

ဆိုင်ရှင်အစ်မကြီးတောင် သူတို့နှစ်ယောက်ကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။ အဲ… မျက်လုံးပဲပြူးလို့ တော်သေး။

ဂေါက်ပြား စားပွဲမှာ ပြန်ဝင်ထိုင်တယ်။ ကောက်ကွေးက…

‘ကဲ… ဒါဆို ငါ့ဘဝနဲ့ ငါ့ဇာတိကို အရင်ပြောမယ်’

ကောက်ကွေးက ဟာစ်တလာသေပြီး ဝင်စားတဲ့ အိုက်တင်မျိုးနဲ့ အင်္ကျီကော်လံစနှစ်ဖက်ကို မ,ထောင်လိုက်ပြီး ပါးစပ်မှာ ပေနေတဲ့

မုန့်ဟင်းခါးအနှစ်များကို အကျိုကော်လဲစနှစ်ဖက်နဲ့ ဘယ်ညာသုတ်ပစ်လိုက်တယ်။

"အဟာမ်း..."

ချောင်းတစ်ချက် ဟန့်တယ်။ အဆင်မပြေဘူး။ ခုနမုန့်ဟင်းခါး အငမ်းမရစားထားလို့ ငရုတ်သီးဖတ် လည်ချောင်းထဲကပ်နေသလား မသိဘူး။ အကြမ်းတစ်ခွက် "ဂွပ်"ခနဲ သောက်ချလိုက်တယ်။

ဒီတော့မှ အဆင်ပြေသွားပုံ ပေါ်တယ်။

"အဟာမ်း... အရင်ဆုံး ငါ့နာမည် ကောက်ကျွေး ဖြစ်ရတာ ငါ့ကို မွေးကတည်းက ဆံပင်ကောက်ကွေးကွေးနဲ့ ဖြစ်နေလို့ ကောက်ကွေးလို့ မိဘတွေ ပေးခဲ့တာ"

ကောက်ကွေးက စကားကိုဖြတ်ပြီး တစ်ချက်ကြည့်လိုက်တယ်။ ဂေါက်ပြား မျက်လုံးကို တစ်ဝက်မှေး မှေးပြီး နားထောင်နေတယ်။

"ဇာတိက ရမည်းအင်း၊ မိဘတွေက နို့ဆီလုပ်ငန်း လုပ်တယ်၊ ကျွန်းမာရေးက ခုထိ ဒေါင်ဒေါင်မြည်တုန်း၊ မသေသေးဘူး၊ ရမည်းသင်းမှာ ဆယ်တန်းကို ငါ သုံးခါပြန်ဖြေရတယ်၊ ဆယ်တန်းအောင်တော့ ဘာအလုပ်မှ မယ်မယ်ရရမရှိဘူး"

"ဒါနဲ့ ကျွန်တော် ရန်ကုန်မြို့ကို တက်မယ်၊ ကြီးပွားမှ ပြန်လာမယ်၊ အဖေ အမေတို့ နို့ဆီလုပ်ငန်းကို စိတ်မဝင်စားဘူး"ဆိုပြီး မြို့ပေါ်တက်လာတယ်။ ပါလာသမျှ ငွေနဲ့ ပစ္စည်းတွေ တက်တက်ပြောင်ပြီး အခုလို လမ်းပေါ်မှာ ယောင်ပေပေဘဝမျိုးနဲ့ ရောက်လာတာ၊

ကဲ… ငါ့အကြောင်းကတော့ ဒါအကုန်ပဲ"

"ညြော်… ဖြစ်မှဖြစ်ရလေကွာ၊ စိတ်မကောင်းစရာပဲ"

ကောက်ကွေး ရှင်းပြမှုကို ဝေါက်ပြားက စိတ်မကောင်းစွာ ရေရွတ်လိုက်တယ်။ ခေါင်းကိုလည်း တွင်တွယ်ယမ်းလိုက်တယ်။ ပြီးမှ…

"ငါကတော့ မိတ္တီလာသား၊ ငါ့ကိုမွေးတော့ အခု မင်းမြင်တဲ့ အတိုင်းပဲ၊ ငါ့ခေါင်းက ပြားပြားလေး၊ ငယ်ငယ်ကတော့ ခေါင်းပြား၊ ခေါင်းပြားဆိုပြီး ချစ်စနိုးနဲ့ ခေါ်ကြတယ်၊ ကြီးလာတော့ 'ဝေါက်ပြား၊ ဝေါက်ပြား'ဆိုပြီး စနောက်ခေါ်ရာက အခုလို ဝေါက်ပြားဖြစ်သွားတာ ပဲ"

ဝေါက်ပြားက ပြောပြီး မောသွားဟန်နဲ့ အကြမ်းတစ်ခွက် 'ဂွပ်'ခနဲ သောက်လိုက်တယ်။

သူကတော့ ဘာအိုက်တင်မျိုးမှ မပါ။ ကြက်သေကြီး လည် လိမ်ထားသလို ရိုးရိုးပဲ။

ဝေါက်ပြားက ဆက်ပြောတယ်။

"ငါ့မိဘနှစ်ပါးကတော့ နေ့တိုင်း အကုန်လုပ်တယ်"

"ဟင်…"

ကောက်ကွေး မျက်လုံးပြူးသွားတယ်။ လည်ပင်းလည်း တစ် တောင်လောက်ရှည်ထွက်သွားရဲ့။

"မင်း ဘာဖြစ်တာလဲကွ"

"မင်းမိဘနှစ်ပါးက နေ့တိုင်း အကုန်လုပ်တယ်ဆိုလို့"

"ဟာ… အလုပ်စုံလုပ်တာကို ပြောတာကွ"

'သိဘူးလေ... အရင်းမရှိ၊ အဖျားမရှိပြောတော့၊ ဟီး... ဟီး...'

ဆိုပြီး ကောက်ကွေးက သူ့အတွေးနဲ့သူ မြင်းဟီသလို ရယ်လိုက်တယ်။

'တော်စမ်း.. မင်း ပေါက်ကရ လျှောက်မတွေးနဲ့၊ ကောက်ကွေးဆိုတဲ့အတိုင်း ကောက်ကောက်ကွေးကွေး လျှောက်တွေးတယ်'

ဂေါက်ပြားက မကျေမနပ်နဲ့ ပြောလိုက်တာ။

'ကဲ... ဟုတ်ပါပြီကွဲ၊ ခုန မင်းမိဘနှစ်ပါး နေတိုင်း အကုန်လုပ်တာ၊ အဲ... အလုပ်လုပ်တာကို ဆက်စမ်းပါဦး'

ဂေါက်ပြားက မျက်စောင်းလှမ်းခဲလိုက်တယ်။ မိန်းကလေးလိုတော့ မလှပါ။

'ဟုတ်တယ်၊ အကုန်လုပ်တာမှ တစ်သမတ်တည်းကို မရှိဘူး၊ ပွဲစားလည်း လုပ်တယ်၊ အရောင်းအဝယ်လည်း လုပ်တယ်၊ ဈေးမြို့ရေးလည်း လုပ်တယ်၊ စိုက်ပျိုးရေးလည်း လုပ်တယ်၊ နောက်ဆုံးကွာ... မရှိနွမ်းပါးတဲ့ လူတစ်ဦးသေလို့ ငွေမပြေလည်တဲ့အခါ ဖဲဝိုင်းထောင်ပြီး အဲဒီ အသုဘကိုပါ ကန်ထရိုက်ဆွဲလိုက်သေးတယ်၊ အဲ... သူတို့အကုန်လုပ်သလို ငါ့ကိုလည်း လုပ်နိုင်းတယ်ကွာ၊ ငါက အဲဒီလိုအလုပ်မျိုးတွေ မလုပ်ချင်ဘူး၊ အဲ... မွေနေလို့... ကျန်သေးတယ်၊ သယ်တန်းကို မင်းလိုပဲ သုံးကြိမ်ဖြေပြီးမှ အောင်တာကွ၊ ဟီး... ဟီး...'

ဂေါက်ပြားက စကားဖြတ်လိုက်တယ်။ ပြီးမှ ဆက်ပြောတယ်။

'အဲဒီလိုနဲ့ ငါ့မိဘတွေနဲ့ ငါ အပေးအယူမတည့်ဖြစ်ပြီး စကား ကြီး စကားကျယ်နဲ့ ချုပ် ကြီးပွားမှ ပြန်လာမယ်၊ အဲဒီလိုပြောပြီးတော့ မြို့ပေါ်တက်လာတာ၊ ငါလည်း မင်းလို ပါလာတာလေးတွေ အကုန် ပြောင်ပြီး အခုလို လမ်းပေါ် ဟိုယောင်ယောင်၊ ဒီယောင်ယောင်ဘဝ မျိုးကို ရောက်လာတာပဲ'

'ဟာ… ဝမ်းသာလိုက်တာ'

'ဘာကွ… ဒါ ဝမ်းသာစရာလား'

ဂေါက်ပြား လည်ချောင်းကြောကြီးတွေ ထိုးထိုးထောင်ထောင် ဖြစ်သွားဝဲယ်။

မဖြစ်လည်း ခံနိုင်ရိုးလား။ သူ့ဟုန်းကတော့ စိတ်မကောင်းဖြစ် ပေးရတာ။ ကိုယ့်အလှည့်ကျမှ ဝမ်းသာစရာဆိုတော့ ဒါ ဘာသဘောလဲ။

'ဟုတ်တယ်၊ ဘဝတူအဖော်တစ်ယောက်ကို ရှာနေတာ ကြာ ပြီ၊ ခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို တွေ့ပြီ၊ သိုင်းကျူးပဲ ကိုယ့် လူ'

ကောက်ကွေး စကားကြောင့် ဂေါက်ပြား တံတွေးနင်မလို ဖြစ်သွားတယ်။ ဒါပေမဲ့ ကောက်ကွေးစကားက လတ်တလောအတွက် မှန်နေတော့ ခေါင်းပြူလာတဲ့ မကျေနပ်မှုကို အသာပြန်ရှုံ့သွင်းလိုက် ရတယ်။ ခေါင်းငိုက်စိုက်ချလိုက်တယ်။ သက်ပြင်းချတယ်။

ကောက်ကွေးကို ကြည့်လိုက်တယ်။ ပြီးမှ…

'ကောင်းပြီလေ… မင်းနဲ့ ငါ သေးသောက်မိတ်ဆွေ၊ အဲ… သွေးသောက်မိတ်ဆွေ ဖွဲ့ရအောင်'

ဂေါက်ပြား စကားအဆုံးမှာ သူတို့နှစ်ယောက် တစ်ယောက်

လက်ဖဝါးကို တစ်ယောက် ရိုက်လိုက်ကြတယ်။

'ကဲ… ဒါဆို မင်းနဲ့ ငါ မြေနတ်မင်းကို တိုင်တည်ပြီး သစ္စာပြုမယ်'

'မင်းကလည်း မိုးနတ်မင်း လုပ်စမ်းပါကွ'

ကောက်ကွေး စကားကို ဂေါက်ပြားက ဝင်ထောက်လိုက်ခြင်း ဖြစ်တယ်။ ကောက်ကွေးက…

'မိုးနတ်မင်းကို တရုတ်တွေ မှတ်ပုံတင်ထားလို့ ကုန်ပြီကွ၊ ဒါကြောင့် မြေနတ်မင်းကို တိုင်တည်တာ'

'အေး… ဒါလည်း ဟုတ်သားကွ'

'ဟုတ်ရင် ငါပြောတဲ့အတိုင်း လိုက်ဆို'

သူတို့နှစ်ယောက် မြေပြင်ပေါ်ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီလိုက်တယ်။

'မြေနတ်မင်းကို တိုင်တည်ပြီး သစ္စာပြုပါတယ်'

'မြေနတ်မင်းကို တိုင်တည်ပြီး သစ္စာပြုပါတယ်'

လမ်းသွားလမ်းလာသူများက သူတို့နှစ်ယောက်ကို ပြုံးစိစိ ကြည့်သွားကြတယ်။ သူတို့ လုံးဝဂရုမစိုက်ပါ။

'ကျွန်တော်တို့နှစ်ယောက် ခုချိန်မှစ၍'

'ကျွန်တော်တို့နှစ်ယောက် ခုချိန်မှစ၍'

'သေမတူ ရှင်မကွာ သေးသောက်၊ အဲ… သွေးသောက် မိတ်ဆွေဖွဲ့ပါတယ်'

'သေမတူ ရှင်မကွာ သေးသောက်၊ အဲ… သွေးသောက် မိတ်ဆွေဖွဲ့ပါတယ်'

'အကယ်၍ အဲဒီသစ္စာကို ဖောက်ဖျက်ခဲ့သည်ရှိသော်'

'အကယ်၍ အဲဒီသစ္စာကို ဖောက်ဖျက်ခဲ့သည်ရှိသော်'

'စည်ပင်အမှိုက်ကားတိုက်၍ ခုနစ်ရက်မြောက်မှ သေပါစေ'

'ဟာ… မင်းဟာကလည်း မနိပ်လိုက်တာကွာ၊ သေတောင် ချက်ချင်းသေရင် ပြီးတာပဲ'

'လျှာမရှည်နဲ့… ငါပြောတဲ့အတိုင်း လိုက်ဆို'

ကောက်ကွေး ငေါက်လိုက်တဲ့အတွက် ဂေါက်ပြား မကျေ မနပ်ပုံစံနဲ့ စိတ်လျှော့သွားတယ်။

'ဟေ့ကောင်… ဆိုလေကွာ'

'အေး… အေး… ဆိုပြီ၊ စည်ပင်အမှိုက်ကားတိုက်၍ ခုနစ် ရက်မြောက်မှ သေပါစေ'

'ဒါ့အပြင် တမလွန်ဘဝရောက်သည့်အခါ'

ဂေါက်ပြားက ကောက်ကွေးကို မျက်လုံးထောင့်ကပ် တစ် ချက်ကြည့်ပြီး ဆိုလိုက်တယ်။

'ဒါ့အပြင် တမလွန်ဘဝရောက်သည့်အခါ'

ဒီနေရာရောက်တော့ ကောက်ကွေး တစ်ချက်စဉ်းစားလိုက် တယ်။ ပြီးမှ…

'တစ္ဆေဆိုလည်း ခါးတစ်ပိုင်းမပါတဲ့ တစ္ဆေ'

ဂေါက်ပြား မျက်လုံးပြူးသွားတယ်။

'ဟေ့ကောင် ဆိုလေ'

ကောက်ကွေးက လှမ်းငေါက်လိုက်ခြင်း ဖြစ်တယ်။ ဂေါ် ပြားက….

'မင်းဟာကွာ… တစ္ဆေကောင် ခါးတစ်ပိုင်းမပါတဲ့ တစ္ဆေတဲ့၊ တော်တော်မခံချိမခံ့သာ ဖြစ်ရတဲ့ ဘဝပဲ'

'ဟာ… မင်း တော်တော်လျှာရှည်ပါလား ဝေါက်ပြားရဲ့၊ အေး… ဒီလိုပါရမီမျိုး လူတိုင်းမရနိုင်ဘူး၊ မြဲမြဲမှတ်ထား'

ဒီတော့မှ ဝေါက်ပြား ဆက်ဆိုလိုက်တယ်။

'တစ္ဆေဆိုလည်း ခါးတစ်ပိုင်းမပါတဲ့ တစ္ဆေ'

'ပြိတ္တာဆိုလည်း ခေါင်းမပါတဲ့ပြိတ္တာ'

'ပြိတ္တာဆိုလည်း ခေါင်းမပါတဲ့ပြိတ္တာ'

'တိရစ္ဆာန်ဆိုလည်း ခြေထောက်မပါတဲ့ တိရစ္ဆာန်'

'တိရစ္ဆာန်ဆိုလည်း ခြေထောက်မပါတဲ့ တိရစ္ဆာန်'

'ဖြစ်ပါစေသတည်း'

'ဖြစ်ပါစေသတည်း'

'ကဲ… ဒီနေ့ ဒီချိန်ကစပြီး မင်းနဲ့ ငါဟာ သေအတူ ရှင်မကွာ၊ ကောင်းတူဆိုးဘက် သွေးသောက်ဖြစ်သွားပြီ၊ ဒီတော့ ဒီမြို့ပေါ်မှာ တို့နှစ်ယောက်ရဲ့ အနာဂတ်ကို တို့ကိုယ်တိုင်ပဲ ထုဆစ်ပုံဖော်ကြမယ်'

'စိန်လိုက်လေ'

သူတို့နှစ်ယောက် သဘောထားတူညီစွာ လက်တွဲခြင်းကို မှတ်ပုံတင်ပြီးနောက် မုန့်ဟင်းခါးဆိုင်လေးထဲကနေ ထွက်ခွာခဲ့ကြတယ်။

□ □ □

# (သုံး)

မြို့ပြရဲ့ညဟာ စောင်ခေါင်းခြုံခြုံထားတဲ့ လူမမာတစ်ယောက်လို အိုက်စပ်ပူလောင်ပြီး မအီမသာဖြစ်နေတယ်။ ညဦးကတည်းက မှိုင်းထားတဲ့ မြို့ပြလျှပ်ရှားမှုတွေအားလုံး ခုတော့ သူမဟုတ်တော့တဲ့အတိုင်း ငြိမ်သက်ခြင်းတွေ ထောင်လိုက် ခင်းပြီး မှုန်းရီလေးတွဲ့စရာ ကောင်းနေပြန်ရဲ့။

ကောက်ကျေးနဲ့ ဂေါက်ပြား မြို့ပြလမ်းတွေပေါ် လျှောက်ခဲ့တဲ့ ခြေထောက်များကို အနားပေးပြီး ကျောခင်းဖို့ နေရာယူလိုက်ကြတယ်။

တခြားနေရာတော့ မဟုတ်။ မှောင်ရိပ်အလွှမ်းကျတဲ့ လမ်းကြားတစ်ခု။ ရပ်ကွက်က တိတ်ဆိတ်နေတယ်။ တစ်ခါတစ်ရံ ကားလမ်းမကြီးဘက်က ဖြတ်မောင်းသွားတဲ့ ကားသံများကို သေမင်းတစ်ကောင်ရဲ့ အော်သံတွေလို စိတ်ပျက်ဖွယ် ကြားရလေ့ရှိတယ်။

ရပ်ကွက်လမ်းကြားလေးက လူအသွားအလာ ဒီအချိန်မျိုး ကျဲပါးသွားတဲ့အတွက် သူတို့အဖို့ ကောင်းသောအခွင့်အရေး။

လမ်းဘေး အကြော်ဆိုင်လေးတစ်ခုပေါ် နှစ်ယောက်သား ကျောခင်းရန် ဝင်ကွေးလိုက်ကြတယ်။

"ကောက်ကျေး… ဒီနေရာ တို့အတွက် လုံခြုံစိတ်ချရပါ့မလား"

ဂေါက်ပြားက အိပ်နေရာက ခေါင်းထောင်ထလာပြီး စိုးရိမ်မှုမကင်းတဲ့ လေသံနဲ့ မေးလိုက်တယ်။ ကောက်ကွေးက…

'ဒါတော့ ဘယ်အတပ်ပြောနိုင်မလဲ၊ ပတ်ဝန်းကျင်အသစ်ကို တို့နှစ်ယောက် ခုမှ ခြေချကြတာ၊ ကဲ… ပူမနေပါနဲ့၊ တို့နှစ်ယောက် ကံတူအကျိုးပေးပေါ့၊ လောလောဆယ် တို့စိတ်ထဲမှာ အဲဒီအတွေးမျိုး ခဏထုတ်ထားဖို့ပဲ၊ ကဲ… အိပ်တော့'

သူတို့နှစ်ဦး စိတ်ဒုန်းဒုန်းချပြီး အိပ်စက်ဖို့ကြိုးစားလိုက်ကြတယ်။ ဒါပေမဲ့ အိပ်မပျော်ကြ။

ထိုအချိန်မှာပဲ ကိစ္စတစ်ခုက ဗြုန်းဆို ပေါ်ပေါက်လာရော။

'ဟေ့ကောင်တွေ… ထကြစမ်း'

ကောက်ကွေးနဲ့ ဂေါက်ပြား ပြူးပြူးပျာပျာထလာပြီး ကြည့်လိုက်တော့ ပဏ္ဍုရောင်နှစ်ဦး။

'ကဲ… မင်းတို့ လိုက်ခဲ့ကြ'

'ဗျာ… ကျွန်… ကျွန်တော်တို့ ဘာလုပ်…'

'ဘာမှမေးမနေနဲ့၊ ဒါ မှောင်ရိပ်ခိုမှု၊ ရုံးကိုလိုက်ခဲ့'

'ဟင်…'

'ဟာ…'

ကောက်ကွေးနဲ့ ဂေါက်ပြား ပဏ္ဍုရောင်နှစ်ဦးကိုကြည့်ပြီး ဘာမှမပြောသာ။ လောလောဆယ် ရှင်းပြရင်လည်း ရမည်မဟုတ်။

'ကဲ…လိုက်ခဲ့ကြ၊ ရုံးရောက်မှ ခင်ဗျားတို့နှစ်ယောက် ရှင်းကြ'

'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' ဆိုတဲ့ စကားကို ကောက်ကွေးနဲ့ ဂေါက်ပြား လက်ခံရမလိုလို ဖြစ်သွားပြီ။

နောက်ဆုံးတော့ လိုက်သွားရှာသာ။

□ □ □

ဖိုးလပြည့်စာပေ

(လေး)

ကောက်ကွေးနဲ့ ဂေါက်ပြား ကံကောင်းတယ်လို့ ပြောရလိမ့်မည်။ ရုံးရောက်တော့ အကျိုးအကြောင်း လိပ်ပတ်လည်အောင် ရှင်းပြနိုင်ခဲ့၍ ခံဝန်လက်မှတ်ထိုးနိုင်းပြီး ပြန်လွှတ်ပေးလိုက်တယ်။

နောက်ညတွေမှာ မှောင်ရိပ်ခိုအိပ်ဖို့ သူတို့ အတော်လေး ကြောက်သွားကြတယ်။

အဲဒီကိစ္စအတွက် သူတို့ ခေါင်းစားရပြီ။

ဘာလုပ်ရမလဲ။

ဘာလုပ်ရင် ကောင်းမလဲ။

အဓိက နေရေးထိုင်ရေး။ မြို့ပြဆိုတာ နေရေးထိုင်ရေး အင်မတန်မှ မလွယ်ကူကြောင်း သူတို့ နားလည်လိုက်တယ်။

ဒီလိုနဲ့ သူတို့နှစ်ဦး ထုံးစံအတိုင်း မြို့ပြလမ်းတွေပေါ် ယောင်ပေပေနဲ့ လျှောက်ရပြန်ရော။

ဒီနေရာမှာ ပြောစရာရှိလာတယ်။

သူတို့နှစ်ယောက်ရဲ့ အခက်အခဲအတွက် ကယ်တင်ရှင် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ပေါ်မလာတော့ဘူး။ ဒါမျိုးက ရှိုးနေပြီ။

ဒီလိုနဲ့ သူတို့ ဆက်လျှောက်လိုက်ကြတယ်။

တစ်နေရာရောက်တော့ လမ်းဘေးထမင်းဆိုင်ကို တွေ့တယ်။ ထမင်းဆိုင်ရှေ့ ယောင်ပေပေနဲ့ သွားရပ်ပြီး ပြန်လှည့်လာကြတယ်။

ဟုတ်တယ်လေ။

သူတို့နှစ်ယောက်စလုံး အင်မတန် ဆာလောင်နေကြပေမယ့် ငွေက မရှိဘူး။

လက်ရှိ ...ရေးထိုင်ရေးအတွက် ဗိုက်ပြဿနာက သူတို့နှစ်ယောက်အတွက် အကြီးမားဆုံးဒုက္ခ။

ထိုအချိန်မှာပဲ သူတို့နှစ်ယောက်အတွက် ကံအခွင့်အလမ်းတစ်ခု ပေါ်လာတယ်။

အခြားတော့ မဟုတ်။

လူရည်သန့်သန့် လူကြီးတစ်ဦး သူတို့နှစ်ယောက်ထံ ရောက်လာတယ်။

"ဒီမှာ မောင်ရင်တို့"

သူတို့ ကိုယ့်အာရုံနဲ့ကိုယ်ဖြစ်လို့ ခေါ်သံကို မကြားဘူး။ လူကြီးက ထပ်ခေါ်လိုက်တယ်။

"ဒီမှာ မောင်ရင်တို့"

ဒီတော့မှ သူတို့ကို အနောက်ကခေါ်နေမှန်း သိတော့ လှည့်ကြည့်လိုက်ကြတယ်။

"အန်ကယ်... ကျုပ်တို့ကို ခေါ်တာလား"

ကောက်ကျေးက မေးလိုက်တယ်။

"ဟုတ်တယ်၊ မောင်ရင်တို့နှစ်ယောက်ကို ခေါ်တာ"

"ဟုတ်ကဲ့... ကျုပ်တို့ ဘာလုပ်ပေးရမလဲ၊ ရုပ်ရှင်တွေ၊

ဗီဒီယိုတွေထဲကလို ကားတွေဘာတွေ တွန်းနိုင်းဖို့တော့ မဟုတ်ပါဘူး နော်'

'အယ်...'

လူကြီး မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။

ပြီးမှ သူတို့နှစ်ယောက်ရဲ့ ရိုးသားပွင့်လင်းမှုကို တွေ့ကာ သဘောကျသွားပြီး...

'ရှင်းရှင်းပြောရရင် မောင်ရင်တို့နှစ်ယောက်ကို အလုပ်ပေးမလို့'

'ဗျာ...'

'ဟင်...'

လူကြီးစကားကြောင့် သူတို့နှစ်ယောက် တအံ့တသြဖြစ်သွားကြတယ်။ ဒါ သမားရိုးကျစကားမျိုး မဟုတ်။

'အန်ကယ်က အလုပ်ပေးရအောင် ကျုပ်တို့ကို သိလို့လား'

ဂေါက်ပြားက မေးလိုက်ခြင်းဖြစ်တယ်။

'သိပ်သိတာပေါ့'

'ဗျာ...'

'ဟင်...'

သူတို့နှစ်ယောက် တအံ့တသြ ဖြစ်ရပြန်တယ်။ လူကြီးက သူတို့ကို သိနေတယ်ဆိုပါကလား။

'မအံ့သြပါနဲ့၊ မောင်ရင်တို့နှစ်ယောက်ကို ဟောဟို ကားထဲက နေ အန်ကယ် အကဲခတ်ကြည့်နေတာ ကြာပြီ၊ မောင်ရင်တို့မှာ အခက် အခဲတစ်ခုခုရှိနေတယ်ဆိုတာ သုံးသပ်မိတယ်၊ ဒါကြောင့် မောင်ရင်

တို့နှစ်ယောက် နေစရာ စားစရာရအောင် အလုပ်ပေးမလို့ကွ"

"ဟင်··· တကယ်လား"

"အန်ကယ် တကယ်ပြောတာနော်"

ကောက်ကွေးနဲ့ ဓါက်ပြား မျှော်လင့် မထင်တဲ့ ကံတရားရဲ့ အခွင့်အလမ်းကြောင့် လက်ရှိအခြေအနေကို မယုံကြည်ချင်သေး။ သံသယဝင်နေတုန်းပဲ။

"အန်ကယ် တကယ်ပြောတာ၊ မောင်ရင်တို့ လုပ်နိုင် မလုပ် နိုင်၊ ဒါပဲ သိချင်တာ"

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ တယ်။

"အန်ကယ့်အလုပ်က ဘာအလုပ်လဲ"

ကောက်ကွေးက မေးလိုက်တယ်။

"အိမ်စောင့်"

"ဗျာ···"

"ဟင်···"

"ဟုတ်တယ်··· ဘောက်ထော်မှာ ငါ့အိမ်အလွတ်တစ်လုံး ရှိတယ်၊ လူမနေဘူး၊ အဲဒီအိမ်ကိုပြန်ရောင်းဖို့ ဈေးဆိုင်နေတာ ကြာပြီ၊ အဲဒီအိမ်မှာ အစောင့်အဖြစ် နှစ်လလောက် နေခွင့်ရှိတယ်၊ မောင်ရင်တို့ကို အိမ်စောင့်ခအတွက် ပေးမယ်၊ စားစရိတ်ပေးမယ် ဘယ့်နှယ်လဲ"

"ကောက်ကွေး ဒါ··· ဒါ ဝမ်းသာစရာပဲ၊ လုပ်မယ်ကွာ"

"မင်း သဘောပဲလေ၊ လောလောဆယ် အန်ကယ်ဆီမှာနေ ပြီး နှစ်လအတွင်း အလုပ်သစ်ထပ်ရှာကြတာပေါ့"

သူတို့နှစ်ယောက် ခေါင်းညိတ်လက်ခံလိုက်ခြင်းအတွက် သူ

တို့နှစ်ယောက်ကို လူကြီးက သဘောကျစွာ ကြည့်လိုက်တယ်။

'အန်ကယ်'

'ဘာတုံးကွ'

ကောက်ကျွေးကို လူကြီးက မမှိတ်မသုန် လှမ်းကြည့်လိုက်တယ်။

'ဟို… ကျုပ်တို့ကို အလုပ်ခန့်လိုက်ပြီဆိုတော့ စရန်အနေနဲ့ ဟိုရှေ့က ထမင်းဆိုင်မှာ ထမင်းလိုက်ကျွေးဗျာ'

'ဟာ… ဟုတ်တယ် အန်ကယ်၊ ကျုပ်တို့ ထမင်းမစားရသေးတာ နှစ်ရက်ရှိပြီဗျ'

'ဟား… ဟား… ဟား…'

လူကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး သဘောကျစွာ ရယ်လိုက်တယ်။ ပြီးမှ…

'ကောင်းပါပြီကွာ… ကောင်းပါပြီ'

□ □ □

# (ငါး)

လူကြီးက သူတို့နှစ်ယောက်ကို သင့်တော်တဲ့လစာတစ်ခု သတ်မှတ်ပေးပြီး စားစရိတ်ပါ ထုတ်ပေးတယ်။

အဲ… သူတို့နှစ်ယောက် နေစရာ၊ စားစရာရှိတယ်ဆိုပြီး လတ်တစ်လော ဒီအတိုင်းထိုင်နေ၍ မဖြစ်ပြန်။

ဒီအလုပ်က နှစ်လပဲ။ သူတို့အတွက် အာမခံချက်ပေးနိုင်တာ။ ဒီတော့ အဲဒီနှစ်လမတိုင်မီ နောက်ထပ် အလုပ်တစ်ခုခုရဖို့က အရေးကြီးတယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက် အလုပ်တစ်ခုလုပ်ဖို့ ရက်သတ္တပတ်ကြာ ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။

အဖြေက ပေါ်လာတယ်။ သူများ အလုပ်နည်းတဲ့ အလုပ်။

'အချစ်အကျိုးတော်ဆောင်လုပ်ငန်း'

အိမ်ရှေ့မှာ အထက်ပါအတိုင်း ဆိုင်းဘုတ်တစ်ခု ချိတ်တင်လိုက်တယ်။

ဒါဟာ သူတို့နှစ်ယောက်ရဲ့ ဦးနှောက်နဲ့ ပေါင်းစပ်ပြီး အသုံးချ လက်တွေ့စမ်းသပ်လိုက်တဲ့ နည်းတစ်ခုပဲ။ ဆိုပါစို့။

အချစ်ရေးမှာ အကြောင်းအမျိုးမျိုးကြောင့် ကံခေလွန်းကြသူတွေအတွက် အကျိုးဆောင်ပေးဖို့ အလုပ်ဖြစ်တယ်။

အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်၊ ဓာတ်ပုံနဲ့တကွ လာရောက်စာရင်းပေးထားရမယ်။

အဲဒီလို စာရင်းပေးထားတဲ့အတွက် အချစ်ကံခေလွန်းကြသူတွေအနက် တန်းတူ၊ စပ်အပ်သူတွေချင်း ချိတ်ပေးရတဲ့လုပ်ငန်းမျိုး။

မကြာဘူး။ သုံးရက်မြောက်နေ့ကစပြီး ရောက်လာကြတဲ့ချစ်ကံခေလွန်းသူတွေ။

ဗေဒင်ဆရာ ပါတယ်။

အပျိုကြီး၊ လူပျိုကြီးတွေ ပါတယ်။

ရှင်လိင်ပြန်ကို လူထွားတို့လည်း ပါတယ်။

မယ်သီလရှင်ထွက်တွေ ပါတယ်။

အသက်အရွယ် ကြီးရင့်သူတွေ ပါတယ်။

သွားခေါသူ၊ မျက်စိစောင်းသူ၊ ခြေတစ်ဖက်ဆာသူတွေ ပါတယ်။

လက်တစ်ဖက်ချို့တဲ့သူတွေ ပါတယ်။

နတ်ကတော်တွေ ပါတယ်။

အဲဒီမှာ သူတို့နှစ်ယောက် ခေါင်းစားရပြန်ရော။ ဘယ်သူနဲ့ ဘယ်သူ စပ်ဟပ်ပေးရမယ်ဆိုတဲ့ကိစ္စ။ အတုန်ရက်ချိန်းတွေလည်း ပေးထားခဲ့တယ်။ မကြာခင်မှာ သူတို့ ရက်ချိန်းနဲ့ သူတို့ လာကြလိမ့်မယ်။

"ကောက်ကွေး ဘယ်သူနဲ့ဘယ်သူ ချိတ်ပေးရမလဲဆိုတာ စဉ်းစားစမ်းကွာ၊ မင်းက ငါ့ထက် ဉာဏ်ရည်ဉာဏ်သွေး ပိုကောင်းတယ်"

ကောက်ကွေးက ဓာတ်ပုံတွေ၊ ကိုယ်ရေးအကျဉ်းတွေ ရှေ့ချပြီး တစ်ခုချင်း၊ တစ်ပုံချင်း ကြည့်လိုက်တယ်။ ပြီးတော့မှ သင့်တော်ရာ သူ့အတွဲနဲ့သူ တွဲလိုက်တယ်။

ဗေဒင်ဆရာနဲ့ နတ်ကတော်။

အပျိုကြီးနဲ့ လူပျိုကြီးများ။

ရှင်လိုင်ပြန်နဲ့ မယ်သီလရှင်ထွက်။

သွားခေါသူနဲ့ မျက်စိစောင်းသူ။

အသက်ကြီးသူနဲ့ အရွယ်ကြီးသူ။

ခြေတစ်ဖက်ဆာသူနဲ့ လက်တစ်ဖက်ချို့တဲ့သူ။

အားလုံး သူ့အတွဲနဲ့သူ လိုက်ဖက်ရာ တွဲလိုက်ပြီး အပြီးသတ်စာရင်းဖြုလိုက်တယ်။

"ဘယ့်နှယ်လဲ… ဂေါက်ပြား၊ ငါတွဲပေးတဲ့ အတွဲတွေက လိုက်ဖက်ညီပါတယ်နော်"

ကောက်ကွေးက အောင်မြင်ခန့်ညားမှုအပြည့် တက်ကြွစွာ ပြောလိုက်တယ်။

ဂေါက်ပြားကလည်း ဒါကို လက်ခံတယ်။ ကျေနပ်သွားတယ်။

"ကိုင်း… ဒါဆို မနက်ဖြန်ကစပြီး သတ်မှတ်ရက်ချိန်းပေးထားတဲ့အတိုင်း အကောင်အထည် စတင်ကြမယ်"

"အကောင်းဆုံးပေါ့ကွာ၊ ဒါမှ တို့အတွက် ငွေရှင်မှာ၊ အလုပ်သစ် ပြောင်းလုပ်လို့ရမယ်လေ၊ ဟဲ… ဟဲ… ဟဲ…"

ဂေါက်ပြားက ကောက်ကွေးရဲ့ ဆုံးဖြတ်ချက်အတိုင်း ကျေနပ်စွာ ခေါင်းညိတ်ခဲ့တယ်။

□ □ □

## (ခြောက်)

ပထမ ဗေဒင်ဆရာနဲ့ နတ်ကတော် ရက်ချိန်းပေးထားတဲ့ အတိုင်း ရောက်လာကြတယ်။

ရောက်လာချိန်မှာပဲ လူချင်းတွေ့ပေးလိုက်တဲ့အခါ အဆင်ကို ပြေသွားရော။

ပထမ လူချင်းမတွေ့ခင် ဓာတ်ပုံချင်းဖလှယ်ပြီး တွေ့ပေးခဲ့ တယ်။ အလုပ်အကိုင်၊ နေရပ်ကအစ မျိုးရိုးအဆုံး ကိုယ်အလေးချိန် ပေါင်ပါမကျန် အကုန်ပေးထားခဲ့တာ။

လူချင်း အဲပြင်မှာတွေ့ပေးလိုက်တဲ့အခါ အဆင်ပြေသွားကြ တယ်။

'ကျေးဇူးပါပဲ… အကျိုးဆောင်လူကြီးမင်းတို့၊ ဒီတစ်သက် ကျုပ် ဗေဒင်ဆရာ မိန်းမ မရတော့ဘူးထင်နေတာဗျ။ ခု အကျိုးဆောင် လူကြီးမင်းတို့ရဲ့ ကျေးဇူးကြောင့် အိုရပြီပေါ့ဗျာ၊ လူကြီးမင်းတို့ အကျိုး ဆောင်ခအတွက်၊ ရော့…'

ဗေဒင်ဆရာက ဝမ်းပန်းတသာ ကျေးဇူးတင်စကားပြောပြီး အကျိုးဆောင်ခ ကျသင့်ငွေပေးလာတယ်။

နတ်ကတော်ကလည်း…

"လူကြီးမင်းတို့ရဲ့ ကျေးဇူးကို မမေ့ပါဘူးရှင်၊ ကျွန်မ စိတ်ကူးထဲက ဖူးစာရှင်အတိုင်း "တန်ခိုးရှင်လို ဖန်တီးဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါကြောင့် လူကြီးမင်းတို့ အကျိုးဆောင်ခ အတွက်…"

ပြောပြီး အကျိုးဆောင်ခကို ပေးလာတယ်။

ဂေါက်ပြားက နှစ်ယောက်စလုံးထံမှ ငွေကို သိမ်းယူလိုက်တယ်။

"မလိုအပ်ပါဘူးဗျာ၊ ကျေးဇူးတင်ရမှာက ခင်ဗျားတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပါပဲ"

"ကဲ… ဒါဆိုရင် ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး လူကြီးမင်းတို့ ခင်ဗျား"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ဗေဒင်ဆရာနဲ့ နတ်ကတော် သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး တက်ကြွစွာနဲ့ ထွက်ခွာသွားကြတယ်။

□ □ □

(ခုနစ်)

ဒုတိယမြောက် ရက်ချိန်းပေးထားတဲ့အတိုင်း အပျိုကြီးနဲ့ လူပျိုကြီးတို့ ရောက်လာကြတယ်။

ထုံးစံအတိုင်း သူတို့ကိုလည်း လူချင်းတွေ့ပြီး အကျိုးဆောင်ပေးလိုက်တဲ့အခါ အဆင်ပြေသွားကြတယ်။

နှစ်ယောက်စလုံး ဝမ်းပန်းတသာဖြစ်ပြီး ကျေးဇူးတင်ကြောင်းပြောကြတယ်။

"ကျေးဇူးပါပဲ… အကျိုးဆောင် လူကြီးမင်းတို့ရယ်၊ လူကြီးမင်းတို့သာ မကယ်ရင် ကျွန်တော် လူပျိုကြီးဘဝက လွတ်မှာမဟုတ်ဘူး"

"ဟုတ်တယ်ရှင့်… ကျွန်မလည်း ဒီတစ်သက် ခေါင်းအုံးပဲဖက်အိပ်ရတော့မယ် ထင်တာ၊ ခုလို လူကြီးမင်းတို့ ကူညီလိုက်တဲ့အတွက် ကျွန်မ အပျိုကြီးဘဝ လွတ်ပြီ ကျွတ်ပြီရှင့်"

အပျိုကြီးနဲ့ လူပျိုကြီး တကယ့်ကို ပျော်ရွှင်ဝမ်းသာမဆုံးရှိနေကြရဲ့။

'ကဲ… လူကြီးမင်းတို့ အကျိုးဆောင်ခအတွက် ကျသင့်ငွေပါ'

အဖိုးကြီးနဲ့ လူပျိုကြီး ပေးလာတဲ့ အကျိုးဆောင်ခကို ဂေါက်ပြားက ထုံးစံအတိုင်း သိမ်းယူလိုက်တယ်။

မကြာခင်မှာ အဖိုးကြီးနဲ့ လူပျိုကြီး နှုတ်ဆက်ကာ ပြန်သွားကြတယ်။

❑ ❑ ❑

## (ရှစ်)

တတိယမြောက်အဖြစ် ရှင်လိင်ပြန်နဲ့ မယ်သီလရှင်ထွက် ရက်ချိန်းပေးထားတဲ့အတိုင်း ရောက်လာကြတယ်။

လူချင်းတွေ့ပေးလိုက်တဲ့အခါ အဆင်ပြေ ချောမွေ့သွားကြ ပြန်တယ်။

သူတို့အတွက် အကျိုးဆောင်ခငွေကို ရှင်လိင်ပြန်နဲ့ မယ်သီလ ရှင်က ပေးပြီး…

'ကျေးဇူးအထူးတင်ပါတယ်၊ အကျိုးဆောင် လူကြီးမင်းများ ခင်ဗျား… လူကြီးမင်းတို့ ကူညီလို့ ခုလို ဖူးစာရှင်အစစ်အမှန်နဲ့ တွေ့ဆုံခွင့်ရတာ'

ရှင်လိင်ပြန်က ဝမ်းပန်းတသာ ပြောလာတယ်။

မယ်သီလရှင်ထွက်ကလည်း လက်အုပ်ကလေးချီ၍…

'ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိပါဘူးရှင်၊ လူကြီး မင်းတို့ရဲ့ ကျေးဇူးကို ပြန်ဆပ်ဖို့က တော်တော်ကြီးမားသွားပြီ'

'မလိုအပ်ပါဘူးဗျာ၊ ခင်ဗျားတို့ချင်း အဆင်ပြေသွားကြတယ်ဆိုရင် ကျုပ်တို့ အကျိုးဆောင်တွေအတွက် ဝမ်းသာပီတိဖြစ်ရတာပေါ့ဗျာ'

ကောက်ကွေးက ဟန်ဆောင်ပြီး ပြောလိုက်တယ်။ ဂေါက်ပြားကလည်း…

'ဟဲ… ဟဲ… ဒါကတော့ ပဋ္ဌာန်းဆက်တွေလို့ပဲ သတ်မှတ်လိုက်ပါ၊ အကျိုးအကြောင်း ဆက်နွယ်လို့ ဒီလိုဆုံစည်းကြရတာပဲလေ'

'ဟုတ်ပါတယ်… ဟုတ်ပါတယ်၊ ကဲ… ကျွန်တော်တို့ကို ခွင့်ပြုပါဦးဗျာ'

'ကောင်းပါပြီဗျာ'

ရှင်လိုင်ပြန့်နဲ့ မယ်သီလရှင်ထွက် သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ပျော်ရွှင်စွာပြန်သွားကြတယ်။

□ □ □

## (ကိုး)

စတုတ္ထမြောက်အဖြစ် သတ်မှတ်ထားတဲ့ ရက်ချိန်းအတိုင်း သွားခေါသူအမျိုးသားနဲ့ မျက်စိစောင်းသူ အမျိုးသမီး ရောက်လာကြတယ်။

သူတို့ချင်းတွေ့ပေးလိုက်တဲ့အခါ ထုံးစံအတိုင်း အဆင်ပြေသွားကြတယ်။

"ကျေးဇူးပါပဲဗျာ၊ လူကြီးမင်းတို့ အကျိုးဆောင်မပေးရင် ကျုပ် ဘဝတော့ ရေစုံမျောပြီပဲ၊ ခုတော့ လောကကြီးက ပျော်စရာပေါ့ဗျာ"

သွားခေါ်းလွန်းလှသူ အမျိုးသားက ပြောလာတယ်။

မျက်စိစောင်းသူ အမျိုးသမီးကလည်း…

"ကျွန်မလည်း လူကြီးမင်းတို့ကို ကျေးဇူးတင်မဆုံးပါဘူး၊ ကျွန်မ မျက်စိစောင်းလို့ သိမ်ငယ်နေရတဲ့ အထီးကျန်ဘဝက လွတ်မြောက်ပြီ၊ အဲဒီအတွက် ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းတောင် မသိပါဘူးရှင်"

ကောက်ကျွေးက ဟက်ခနဲ ရယ်လိုက်ပြီး…

"ရပါတယ်ဗျာ… အကျိုးအကြောင်းဆိုတာ အမြဲတမ်း ဆက်နွယ်နေကြတာ မဟုတ်လား၊ အကျိုးရှိလို့ အကြောင်းပေါ်လာတာပဲလို့ သတ်မှတ်လိုက်ပါ"

သို့ဖြင့် ကြောခင်မှာပဲ သွားခေါ်သူ အမျိုးသားနဲ့ မျက်စိစောင်းသူ စုတွဲလည်း အကျိုးဆောင်ခပေးပြီး နှုတ်ဆက်ကာ ပြန်သွားကြတယ်။

□ □ □

## (တစ်ဆယ်)

ပဉ္စမမြောက်အဖြစ် သတ်မှတ်ထားတဲ့ ရက်ချိန်းအတိုင်း အသက်ကြီးသူနဲ့ အရွယ်ကြီးသူ နှစ်ဦး ရောက်လာကြတယ်။ အသက်အရွယ်က ငါးဆယ်ကျော်နေကြပြီ။

သူတို့ လူချင်းတွေ့တဲ့အခါ ယကြာမလိုဘဲ အခေင်ပြေသွားကြတယ်။

ထုံးစံအတိုင်း အကျိုးဆောင်ခများကို ပေးပြီး…

"ကျေးဇူးပါပဲ မောင်ရင်ရယ်၊ မောင်ရင်သာ မကူညီရင် အန်ကယ်တော့ လူဖြစ်ကျိုးမနပ်တော့ဘူး၊ ခုတော့ ဘဝဟာ ရောမျော်စရာကြီး ဖြစ်သွားပြီကွ"

အသက်ကြီးသူ အန်ကယ်ကြီးက ကျေးဇူးတင်ကြောင်း ပြောလာခြင်းဖြစ်သည်။ အရွယ်ကြီးသူ အန်တီကြီးကလည်း…

"ဟုတ်ပါ့ကွယ်… အန်တီလည်း သူ့နဲ့ထပ်တူပါ၊ ဒီတစ်သက် ဖူးစာရှင်မပေါ်နိုင်တော့ဘူးဆိုပြီး စက်ကိုင်းသွားတော့မလို့ စိတ်ညစ်နေတာ၊ ဒီက အကျိုးဆောင်မောင်ရင်လေးတို့နဲ့ တွေ့မှ အဲဒီအစီအစဉ် ပြောင်းသွားရတာ"

'ကိစ္စမရှိပါဘူးဗျာ၊ အားလုံး အဆင်ပြေပျော်ရွှင်တယ်ဆိုရင် ကျုပ်တို့လည်း တစ်ဝက်ပျော်ရွှင်တာပေါ့၊ မဟုတ်ဘူးလား'

ကောက်ကွေးက ပြောပြီး ဝေါက်ပြားဘက် စစ်ကူတောင်းလိုက်ခြင်း ဖြစ်တယ်။ အထာသိပါးနပ်လိမ္မာတဲ့ ဝေါက်ပြားကလည်း

'ဟုတ်တာပေါ့ … ဟုတ်တာပေါ့ဗျာ၊ သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်တယ်ဆိုတဲ့ စကား ရှိသားမဟုတ်လား၊ ခု သူ့အကျိုးလည်း ဆောင်တယ်၊ ကိုယ့်အကျိုးလည်း အောင်တယ်လေဗျာ'

ဒီလိုနဲ့ အသက်ကြီးသူနဲ့ အရွယ်ကြီးသူ စုံတွဲလည်း သူတို့ကို နှုတ်ဆက်ပြီး ပြန်ထွက်ခွာသွားကြတယ်။

❑ ❑ ❑

## (တစ်ဆယ့်တစ်)

နောက်ဆုံး သတ်မှတ်ထားတဲ့ ရက်ချိန်းအတိုင်း ရောက်လာသူများက ခြေတစ်ဖက်ဆာသူနဲ့ လက်တစ်ဖက်ချို့တဲ့သူပဲ ဖြစ်တယ်။

သူတို့ချင်း တွေ့ဆုံသွားတဲ့အခါ ထုံးစံအတိုင်း ပထမအတွဲတွေလိုပဲ အဆင်ပြေသွားကြတယ်။

"ကျေးဇူးပါပဲ အကျိုးဆောင်လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းတို့ ကူညီလို့ ကျုပ် ဒီတစ်သက် မိန်းမရခွင့်ကြုံတာ"

ခြေတစ်ဖက်ဆာသူ အမျိုးသားက ပြောလိုက်တယ်။ လက်တစ်ဖက်ချို့တဲ့သူ အမျိုးသမီးကလည်း…

"ဟုတ်တာပေါ့ရှင်… လူကြီးမင်းတို့ အကျိုးဆောင်မှုကြောင့် ကျွန်မတို့ ဖူးစာရှင်ပေါင်းဖက်ခွင့်ကြုံတာ၊ နို့မဟုတ်ရင် လောကကြီးက ဘာမှအဓိပ္ပာယ်မရှိဘူး"

"ဟုတ်တာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်တို့အပေါ် ကျေးဇူးမတင်ပါနဲ့၊ ကံကြမ္မာရဲ့ လုပ်မှုကိုပဲ ကျေးဇူးတင်ကြပါ၊ ခင်ဗျားတို့ နှလုံးသားရေးမှာ ပျော်ရွှင်ကျေနပ်စရာတွေဖြစ်ရင် ကျုပ်တို့လည်း ထပ်တူခံစားပေးလို့ ရပါတယ်ဗျာ"

ကောက်ကွေးက ဝိုက်အပြည့် ဆိုက်အပြည့် ပြောလိုက်တယ်။ ဝေါက်ပြားကလည်း…

"ဟုတ်တယ်ဗျ… ကျုပ်တို့က ဒါမျိုးလုပ်ပေးရတဲ့အတွက် အရမ်းကို ကျေနပ်ပျော်ရွှင်နေကြတာ"

ဒီလိုနဲ့ ခြေတစ်ဖက်ဆာသူ အမျိုးသားနဲ့ လက်တစ်ဖက်ချို့တဲ့သူ အမျိုးသမီး သူတို့နှစ်ယောက်ထံ အကျိုးဆောင်ခ ပေးအပ်ပြီး နှုတ်ဆက်ကာ ပြန်သွားကြတယ်။

□ □ □

(တစ်ဆယ့်နှစ်)

ထိုအချိန်မှစ၍ သူတို့နှစ်ယောက်ရဲ့ လက်ဖျား ငွေများမှာ ကခုန်နေတယ်။

တကယ်တော့ မြို့ပြမှာ ဦးနှောက်ရှိရင် ငွေရှာရတာ လွယ်ကူကြောင်းအချက်ကို သူတို့နှစ်ယောက် အမိအရ ဖမ်းဆုပ်နိုင်လိုက်ကြတယ်။

'ကဲ… ကောက်ကျွေး၊ ရက်ပိုင်းအတွင်းမှာ တို့လက်ထဲ ငွေတွေရောက်လာပြီဆိုတော့ ဘာလုပ်မလဲ'

'ဟ… ဘာလုပ်ရမှာလဲ၊ တို့ မလုပ်ဖူးသေးတဲ့ အလုပ်မှန်သမျှ လုပ်ရမှာပေါ့၊ ဒါ အဆန်းလား'

'ဟင်… အဲဒီလို လျှောက်လုပ်ပစ်လို့ ဖြစ်ပါ့မလားကွာ၊ တော်ကြာ ငွေမရှိတော့ရင် ဒုက္ခရောက်မယ်နော်'

'ဒီမှာ ဂေါက်ပြား၊ မင်း တော်တော်တုံးပါလားကွ၊ ဒီမှာ ငါ ရှင်းရှင်းပြောမယ်၊ အမိက "ဦး" ရှိဖို့ပဲကွ မှတ်ထား၊ "ဦး"ရှိရင် ဒါဆိုတာ မခက်ခဲဘူး'

ကောက်ကွေးက ခေါင်းကို လက်နှင့်ထောက်ပြီး လက်မနှင့် လက်ညှိုး ပိုင်းပြကာ ပြောလိုက်တော့ ဝေါက်ပြား ခပ်တွေတွေဖြစ် သွားတယ်။ ပြီးမှ…

"ကဲ… ဟုတ်ပါပြီတဲ့၊ အခု ငွေတွေကို သူများမလုပ်ဖူးတဲ့ အလုပ် လုပ်မယ်ဆိုတော့ ဘာလဲ"

"မင်းကတော့ ပြောရင်း ခက်နေပြီ၊ ရှင်းရှင်းပြောမယ်ကွာ၊ သုံးမယ်၊ ဖြုန်းမယ်၊ လိုအပ်တာတွေ ဝယ်မယ်ကွာ၊ ကဲ… သဘော ပေါက်ပြီလား"

"အင်း… ဒါဆိုလည်း ကောင်းပြီလေ၊ မင်းသဘော မင်း ဆန္ဒအတိုင်းပဲကွာ"

ထို့နောက် သူတို့နှစ်ယောက် ဆိုင်တကာဆိုင် လှည့်၍ စား သောက်လိုက်ကြတယ်။ မရောက်ဖူးတဲ့ နေရာအနှံ့ လျှောက်သွားတယ်။ လိုအပ်သမျှ ပစ္စည်းတွေလည်း တနင့်တပိုး ဝယ်လိုက်ကြတယ်။ စိတ် တူကိုယ်တူသမားတွေဆိုတော့ ပြောစရာမလိုအပ်တော့ဘူး။

□ □ □

## (တစ်ဆယ့်သုံး)

ရက်သတ္တပတ်မြောက်နေ့ မနက်မိုးမလင်းသေးခင်အချိန် ဖြစ်တယ်။

အိမ်ရှေ့က ငရဲပွက်သလို ဆူညံအော်ဟစ်သံတွေကြောင့် ကောက်ကွေးနဲ့ ဝေါက်ပြား အိပ်ရာကနိုးသွားကြတယ်။

"ဟေ့… လူလိမ်လူညာနှစ်ကောင်၊ အမြန်ထွက်ခဲ့စမ်း၊ ငါ ဗေဒင်ဆရာဖြစ်ပြီး မင်းတို့အလိမ်အညာခံရတာကို မကျေနပ်ဘူးကွ၊ ဘယ့်နှယ်… မင်းတို့ ရှာပေးလိုက်တဲ့ ဖူးစာရှင်က ညည ယောင်ယောင်ပြီး သီချင်းထဆိုတာ သည်းမခံနိုင်ဘူးကွ၊ ခုကွာပေး"

အိမ်အပြင်မှ ဗေဒင်ဆရာ အော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ ရှင်လိုင်ဖြန့်ပုဂ္ဂိုလ်ရဲ့ အသံသေး အသံကြောင်ကလည်း ပေါ်လာပြန်တယ်။

"ဟေ့… ဝဲစားနှစ်ကောင်၊ အမြန်ထွက်ခဲ့စမ်း၊ မင်းတို့ကို ငါတို့ ပိုင်းထားတယ်၊ ဘယ့်နှယ်ကွာ… ပြောလိုက်တာတော့ ရွှန်းရွှန်းဝေဝဲ၊ ခု ကြည့်စမ်း၊ မင်းတို့ရှာပေးတဲ့ ဖူးစာရှင်ဘက် အစားကြီးလွန်းလို့ ငါ လုံးဝသည်းမခံနိုင်ဘူးကွာ၊ ခု အမြန်ခုံးပြန်ကွာပေး"

ထို့နောက် လူပျိုကြီးရဲ့ အသံသြသြကြီးက မနက်ခင်းကို ဖြိုခွင်းလိုက်ပြန်တယ်။

"ဟော့… ကာလိမ်ကကျစ်နှစ်ကောင်၊ အမြန်ထွက်ခဲ့ဟေ့၊ မင်းတို့ကို လုံးဝမကျေနပ်ဘူးကွ၊ ကြည့်စမ်း… မင်းတို့ ရှာပေးလိုက်တဲ့ ဖူးစာရှင်ဘက် "ညည" လေလည်(အီးပေါက်)တဲ့အကျင့်ရှိတာ ဘာကြောင့်ကြိုမပြောတာလဲ၊ ငါ သည်းမခံနိုင်ဘူး၊ ခုကွာပေးကွ"

အသံများက အဆက်မပြတ်ပေါ်လာဆဲ။ သူတို့နှစ်ဦး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ နဖူးက ချွေးစေးတွေပြန်လာပြီး မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေကြတယ်။

ဒုက္ခတော့ ရောက်ပြီထင်ရဲ့။

ထို့နောက် အသက်ကြီးသူ လူကြီးရဲ့ အသံက အကျယ်ဆုံး၊ အကြီးဆုံးအဖြစ် ပေါ်လာပြန်တယ်။

"ဟော့… လူလိမ်လူညာနှစ်ကောင်၊ အမြန်ထွက်ခဲ့စမ်းကွ၊ မင်းတို့ကို အရှုန်ကြိတ်ပစ်မယ်၊ ဘယ့်နှယ်ကွာ… ပြန်ပြောပြလို့မှ မကောင်း၊ မင်းတို့ရှာပေးလိုက်တဲ့ ဖူးစာရှင်ကို ပြန်ကြည့်စမ်းပါဦးကွ၊ သွားအတုတွေ တပ်ထားတယ်လို့ ဘာကြောင့်ကြိုမပြောရတာလဲကွ၊ ပြောစမ်း… ခု အဲဒီအသွားကြီးနဲ့ ငါ့ကို ပြန်ကွာပေး"

ထို့နောက် သွားခေါသူရဲ့ အသံက ဗလုံးဗထွေးနဲ့ ပေါ်လာပြန်တယ်။

"ဟေ့ကောင်တွေ… ခု ထွက်ခဲ့စမ်းလို့ ပြောနေတာ မကြားဘူးလားကွ၊ မင်းတို့ကို စိစိညက်ညက် ထောင်းပစ်မယ်၊ ဘယ့်နှယ်ကွာ… မင်းတို့ပြောတုန်းကတော့ မျက်စိစောင်းတာကလွဲရင် အကောင်းကြီးဆိုကွ၊ ခု ပါးစပ်ပါစောင်းနေတယ်၊ ခု မြန်မြန်ကွာပေး၊ ငါ မပေါင်းနိုင်ဘူး"

ထို့နောက် ခြေတစ်ဖက်ဆာသူရဲ့ ညောင်နာနာအသံ ပေါ်လာပြန်တယ်။

'ဟော့... လူလိမ်နှစ်ကောင်၊ မင်းတို့ အမြန်ထွက်ခဲ့စမ်း၊ မင်းတို့ကို အရှင်မထားဘူး၊ ကြည့်စမ်း... မင်းတို့ရှာပေးတဲ့ ဖူးစာရှင်၊ ညဘက် ဟောက်တဲ့အကျင့်ဆိုးရှိတာ ဘာကြောင့်ကြိုမပြောထားလဲကွ၊ ညဘက် အိပ်ပျက်ရတယ်၊ ခု အဲဒီမိန်းမနဲ့ ပြန်ကွာပေးကွ'

'ဟာ... ဒုက္ခပဲ၊ ကောက်ကျွေး တို့တော့ ရှင်းမရအောင်ပြဿနာတွေတက်ပြီ'

'နေစမ်းပါဦးကွာ... ဒီမှာ ဘာလုပ်ရမလဲ၊ ဒီခေါင်းနဲ့ စဉ်းစားနေတာ'

'တော်စမ်း ကောက်ကျွေး၊ အဲဒီ ခေါင်းကြောင့် ခုလို ဒုက္ခရောက်တာကွ'

'မင်းက ငါ့ကို အပြစ်ပြောတာလား'

'အပြစ်ပြောတာ မဟုတ်ဘူး၊ ခု အပြစ်ဖြစ်နေတာကွ'

'ဟာ... မင်းကွာ'

အရေးထဲ သူတို့နှစ်ယောက် ရန်ထဖြစ်နေကြသေးတယ်။ အပြင်က ပြဿနာက ရှင်းမရသေးဘူး။ အတွင်းက နှစ်ယောက်စလုံးပြဿနာကစပြီ။

'ထဲကွာ... မင်း ဘာပြောဦးမလဲ'

'ဂေါက်ပြား ဒီအချိန်မှာ မင်းနဲ့ ငါ တစ်စိတ်တစ်ဝမ်းတည်းဖြစ်နေရမယ့်အချိန်မျိုးကွ၊ ငါ့ချည်းပဲ အပြစ်တင်မနေနဲ့'

'ဒါဆို အပြင်ကပြဿနာတွေ ဘယ်လိုရှင်းမလဲ'

'ဒါက လွယ်ပါတယ်ကွာ'

'ဘာလွယ်တာလဲ'

“အဲ… သူတို့နဲ့ လုံးဝကင်းလွတ်သွားအောင် တစ်လမ်းပဲရှိတယ်”

“မင်း ဘာမကောင်းတာတွေ ကြံဦးမှာလဲ ကောက်ကွေး”

“ဟာ… မင်း တော်တော်အသုံးမကျတဲ့ ကောင်ပဲကွ၊ မင်းနဲ့ပေါင်းမိတာ မှားပြီ”

ခေါက်ပြားက မျက်လုံးပြူးပြီး အံ့သြစွာ ကောက်ကွေးကို လှမ်းကြည့်လိုက်တယ်။ အတန်ကြာမှ…

“ဒါဆို ပြောကွာ၊ မင်း ဘယ်လိုနည်းလမ်း တွေ့သလဲ”

ဒီတော့မှ ကောက်ကွေးက တစ်ချက်စဉ်းစားဟန်ပြုပြီး…

“အင်း… တို့ သူတို့လက်က လွတ်မြောက်အောင် ဒီပြတင်းပေါက်ကနေ ထွက်ပြေးမယ်”

“ဟင်… လွယ်ပါ့မလားကွ”

“ဟာ… သူတို့နဲ့ ရင်ဆိုင်ရမှာထက်စာရင် ဒါ အလွယ်ဆုံးပဲ”

“ဒါဆို အချိန်ရှိတုန်း ပြေးကြစို့ကွာ”

ပြောပြောဆိုဆိုနဲ့ သူတို့နှစ်ယောက် အိမ်ပြတင်းပေါက်ကို ဖွင့်လိုက်ကြတယ်။

အပြင်က ငရဲမှက်သလို အသံတွေကတော့ ရပ်ဆိုင်းမသွား။ တံခါးကို တဒိုင်းဒိုင်းထုပြီး အော်ဟစ်နေကြဆဲ။

“ထဲ… အောက်ကိုခုန်ချမယ်၊ ဝမ်း… တူး… သရီး”

“ကျား…”

“ယား…”

“ဂုန်း…”

“ဂုန်း…”

□ □ □

## နီဂုံး

'ဝုန်း…'

'ဝုန်း…'

'အောင်မယ်လေး…'

'အား… မြတ်စွာဘုရား'

မမျှော်လင့် မထင်မှတ်ထားတဲ့ အသံကြီးနှစ်ခုကြောင့် ကောက်ကွေးနဲ့ ဂေါက်ပြား အိပ်ရာပေါ်က လန့်နိုးသွားကြတယ်။

'ဟာ…'

'ဟ်ာင်…'

'ရှင်တို့ ခုထိမထကြသေးဘူးလား'

သူတို့နှစ်ယောက်ရဲ့ ထိလက်မှတ်ကို ဝယ်ပြီး ငွေနှစ်ရာစီ ပေးလိုက်တဲ့ မိန်းကလေး။

ဒီတော့မှ သူတို့ မနေ့ကညက ရပ်ကွက်လမ်းကြားလေးထဲ ရောက်ပြီး ခု ဒီလမ်းဘေး အကြော်ဆိုင်လေးထဲမှာ အိပ်ပျော်ခဲ့ကြောင်း သိလိုက်ရတယ်။

'ဟော့လူတွေ… ထလို့ ပြောနေတာ မကြားဘူး၊ သူများဆိုင်ပေါ် ဝိုင်စိုးပိုင်နင်းနဲ့ ကုလားသေ ကုလားမော အိပ်နေလိုက်ကြတာ'

'မင်း… မင်းက…'

ကောက်ကွေး တအံ့တသြဖြစ်နေတယ်။ ဂေါက်ပြားလည်း မိန်းကလေးကိုကြည့်ပြီး…

'မင်း ဟိုတစ်ခါက မိန်းကလေး မဟုတ်လား'

'ဟုတ်တယ်… ရှင်တို့ဆီက ထီလက်မှတ် ဝယ်လိုက်တဲ့ ကျေးဇူးရှင်လေ၊ ဘာလဲ… မေ့သွားပြီလား'

'ဟာ… မ… မမေ့ပါဘူးကွာ၊ အံ့သြလို့ပါ'

'ဒါ အံ့သြစရာမှမဟုတ်တာ၊ ကဲ… ဒီဆိုင်ပေါ်က ဆင်းတော့'

'ဟင်… ဒီ… ဒီဆိုင်'

'ဟုတ်တယ်… ဒါ ကျွန်မဆိုင်၊ အကြော်ဆိုင်၊ ခု အကြော်ချောင်းတော့မှာ'

ဒီတော့မှ ကောက်ကွေးနဲ့ ဂေါက်ပြား နားလည်သဘော ပေါက်သွားပြီး ကောက်ကွေးက ဖြစ်ကြောင်းကုန်စင် အစအဆုံး ရှင်းပြလိုက်တယ်။ စကားဆုံးတော့ မိန်းကလေးက တဟင်းဟင်းရယ်လိုက်ပြီး-

'အဲဒါ ပြောတာပေါ့၊ လူတွေဟာ ကိုယ်ရတဲ့ အခွင့်အရေး အပေါ် မတော်မတရား လောဘထားပြီး အသုံးချကြတယ်၊ အဲဒီလို ပြုလို့လည်း ခုလို ဒုက္ခရောက်ကြရတာ၊ ရှင်တို့အဖြစ်က ဘုံကြီးပြတ် ပြီးကျသွားတဲ့ စိတ်ကြီးဝင်နတ်သမီးတစ်ပါးလိုပဲ၊ လူ့ပြည်ရောက်တော့ ဘာအစွမ်းအစမှ မရှိတော့ဘူး၊ ဒီတစ်ခါတော့ ရှင်တို့ဆီက ထီလက်မှတ် လည်း မဝယ်နိုင်တော့ဘူး၊ လူဆိုတာ ကိုယ်လုပ်မှ ကိုယ်စားရတာ၊ လွယ်လွယ်ရရင် လွယ်လွယ်စားချင်တယ်၊ ဒါ လူ့သဘာဝပဲ'

'ကျုပ်… ကျုပ်တို့ နားလည်ပါပြီဗျာ'

ကောက်ကွေးက စိတ်မကောင်းဟန်နဲ့ ပြောလိုက်တယ်။ ဂေါက်ပြားကလည်း…,

'ဟုတ်တယ် မိန်းကလေး၊ ကျုပ်တို့ နောင်တရပါပြီကွာ၊

လောလောဆယ် ဒုက္ခရောက်လာကြတယ်"

"အဲဒီတော့"

"အဲဒီတော့ မင်းရဲ့အကြော်ဆိုင်လေးမှာ အလုပ်ဝင်လို့ရမလား"

"ရှင်တို့ တကယ်ပြောတာလား"

"ကျိန်ဆို ကျိန်ပြရဲတယ်"

"ဟုတ်တယ်၊ ကျုပ်တို့ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တော့မယ်"

"အို… ဝမ်းသာလိုက်တာရှင်၊ အင်း… ဒါပေမဲ့ ဒီမှာတော့ ရှင်တို့ကို လုပ်မပေးနိုင်ဘူး"

"ဟင်… ဒါ… ဒါဆိုရင်…"

ကောက်ကွေးက မျက်လုံးပြူးပြီး မေးလိုက်တယ်။

"ဒါဆို တို့က ဘယ်မှာလုပ်ရမှာလဲ မိန်းကလေး"

"အင်း… ကျွန်မမှာ အသိတစ်ယောက်ရှိတယ်၊ သူ့ဆီမှာ ပြောပြီး အလုပ်သွင်းပေးမယ်"

"ဟာ… တ… တကယ်"

"ဝမ်းသာလိုက်တာ၊ ဒါနဲ့ ဘာအလုပ်လဲ မိန်းကလေး"

"သူ့ဘရာဇာ"

"ဘာ…"

"ဘာပြောတယ်"

မိန်းကလေးထံမှ မမျှော်လင့် ထောင်မှတ်ထားတဲ့အဖြေကြောင့် ကောက်ကွေးနဲ့ ဂေါက်ပြား မျက်လုံးမျက်ဆန်ပြူးကာ ပက်လက်လန်သွားရတော့တယ်။

*(ဘဝအမောများ ပြေပျောက်နိုင်ပါစေ)*

နေတ်ကိုကိုဇော်